သာယာဝတီ ခရိုင်-နတ္တလင်းမြို့အပိုင်၊

တံခွန်တိုင်ရွာအနောက်ကျောင်း၌

သီတင်းသုံးနေထိုင်တော်မူသော

ဝိပဿနာ အလင်းပြဆရာတော်

# ဦးဝါသဝ-အာရှင်

စီရင်ရေးသားတော်မူအပ်သော

## ရန်ကုန် မြို့တော်ခမ်းမ

# ဟောခဥ်တရားတော်

မှုပိုင်
ဗုဒ္ဓါဝါဒစရိယအသင်း

တံခွန်တိုင်ဗဟိုဌာန
နတ္တလင်းမြို့။

သာယာဝတီ ခရိုင်–နတ္တလင်းမြို့အပိုင်၊

# တံခွန်တိုင်ရွာအနောက်ကျောင်း၌

သီတင်းသုံးနေထိုင်တော်မူသော

# ဝိပဿနာ အလင်းပြဆရာတော်

# ဦးဝါသဝ–အရှင်

စီရင်ရေးသားတော်မူအပ်သော

# ရန်ကုန် မြို့တော်ခမ်းမ

# ဟောခဉ်တရားတော်

မူပိုင်
ဗုဒ္ဓါဝါဒစရိယအသင်း

တံခွန်တိုင်ဗဟိုဌာန
နတ္တလင်းမြို့။

ဒုတိယ အကြိမ်

အုပ်ရေ (၃၀၀၀)

၁၉၆၉ - ခု စက်တင်ဘာလ

ထုတ်ဝေသူ။ ။ဦးသုန္ဒရ
တံခွန်တိုင်အနောက်ကျောင်း
သာယာဝတီခရိုင် နတ္တလင်းမြို့
ထုတ်ဝေခွင့်အမှတ် (၄၀၄၃)
(ကင်းလွတ်ခွင့်အမှတ် ၀၇၄၁)

ပုံနှိပ်သူ။ ။ဦးခင်မောင် (၀၁၃၇၉)၊ မြ
မြန်မာ့တံခွန်ပုံနှိပ်တိုက်
အမှတ်-၅၆၊ လှည်းတန်း ကမာရွတ် - ရန်ကုန်မြို့

# မာတိကာ


၁။ ဥယျောဇနကထာ

၂။ ရန်ကုန်မြို့တော်ခမ်းမတရားပွဲ
အခမ်းအနားမှူးအစီရင်ခံစာ .... ၁။

၃။ သဘာပတိ အလယ်တောရ
ဆရာတော်ဘုရားကြီး၏မိန့်ခွန်း .... ၃။

၄။ ရန်ကုန်မြို့တော်ဝန်တရားပွဲဖွင့်မိန့်ခွန်း .... ၅။

၅။ ရန်ကုန်မြို့တော်ခမ်းမ ဝိပဿနာဟောစဉ် .... ၇။

၆။ တရားသင်တန်းယောဂီလမ်း .... ၃၉။

၇။ တရားကျင့်တန်း ယောဂီလမ်း .... ၆၄။

၈။ တရားမြင်တန်း ယောဂီလမ်း .... ၈၉။

၉။ တရားပြီးတန်း ယောဂီလမ်း .... ၁၁၆။

၁၀။ နိဂုံး .... ၁၃၇။

# ကျေးဇူးပြု၍ ပြင်ဆင် ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈ | ၂၃ | အကြောင်ကို | အကြောင်းအကျိုးကို |
| ၁၅ | ၁၂ | ဘယတ္တ | ဘယတ္ထ |
| ၁၇ | ၁၀ | အစ္စန္ထ | အစ္စန္တ |
| ၁၈ | ၂၁ | ဝိစိကိစ္ဆာ | ဝိစိကိစ္ဆာ |
| ၂၀ | ၈ | သောတပေါက် | သောထပေါက် |
| ၂၀ | ၁၅ | ဓမ္ဗစ | ဓမ္မစ |
| ၂၁ | ၃ | အတ္ထ | အတ္တ |
| ၂၁ | ၅ | နာမဒိဋ္ဌိ | နာမဒိဋ္ဌိ |
| ၂၁ | ၂၀ | ခြင်၊ | ခြင်း |
| ၂၁ | ၂၁ | ဟောတိး | ဟောတိ၊ |
| ၂၃ | ၁၅ | သစ္စာနုမိက | သစ္စာနုလောမိက |
| ၂၅ | ၆ | စိက် | စိတ် |
| ၂၈ | ၂၂ | တေသံဓမ္မာနံ | တေသံဓမ္မာနံ |
| ၇၀ | ၄ | ဖြတ်လိုက်သော် | ဖြတ်လိုသော် |
| ၇၆ | ၁၃ | ကုလလာနံဓမ္မာနံ | ကုသလာနံဓမ္မာနံ |
| ၈၄ | ၁၂ | ပညာယထိ | ပညာယတိ |
| ၉၄ | ၁၇ | သောတပတ္တိ | သောတာပတ္တိ |
| ၁၀၃ | ၁ | အထက်ဓင် | အထက်မင် |
| ၁၀၈ | ၂၁ | သရဂုဏ် | သရဏဂုဏ် |
| ၁၁၀ | ၁ | ရတာသုံပါး | ရတနာသုံးပါး |
| ၁၁၃ | ၂ | မမ္မနိဋ္ဌ | ဓမ္မနိဋ္ဌ |
| ၁၂၁ | ၂၄ | လေးပိုင်း | လေးပါး၌ |

# ဥယျောဇနကထာ

ဝေရိက္ခယ နဂရာစေရံ၊ လိခိဿံ သာဓုနော ဝါဒံ။
ဓမ္မံဂန္ထံ ဂဝေသန္တာ၊ သာဓဝေါ ပဿံ သမ္မတ္တံ။

အာစေရံ အာစရိယော၊ သာယာဝတီခရိုင် နတ္တလင်းမြို့ တံခွန်တိုင် အနောက်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော ဝိပဿနာအလင်းပြ ကျေးဇူးရှင် ဆရာတော် ဦးဝါသဝသည်။ ဝေရိက္ခယနဂရေ၊ ရန်ကုန်မြို့တော် ခန်းမကြီး၌ သမ္မာ၊ မဂ်ဖိုလ် နိဗ္ဗာန်ရောက်စေရန်ဟု ညာဏ်မြင်တရား အဓိကထား၍ ပိုင်းခြား ဝေဘန် သန္ဒိဋ္ဌိက ကေန္တဖြင့် သိကြစေရာ စေတနာကြောင့် ပညာသိပရမတ် ကောင်းမြတ်မှန်ကန်စွာ ဩဝါဒံ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ အတ္တဒိဋ္ဌိ ရှိမရှိကို သိဘို့ ရှည်မြော် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူသော ဓမ္မံ၊ ရုပ်နာမ် ခန္ဓာလက္ခဏာဟု သစ္စာနှင့်ဓါတ် ပရမတ္ထတရားကို သာဓုနံ၊ ဒိဋ္ဌိ တဏှာ အဝိဇ္ဇာကို ပယ်ခွါလိုမှု သတိပြုလျက် ကြည့်ရှုဖွေရှာ သဒ္ဓါ ပြုဖွေး စိတ်ကြံတွေး၍ မနှေးလျင်မြန် ပညာညာဏ်ဖြင့် လမ်းမှန် မြော်ငြား သူတော်ကောင်းအများတို့၏ အတ္တံ–အတ္ထာယ၊ ရဟန်း ရှင်လူ သတိမူဘို့ ကြည်ဖြူမနော ဓါတ်သဘောဖြင့် ဗုဒ္ဓေါဝါဒ စရိယဟု ဓမ္မလမ်းစဉ် မဂ္ဂင်မှန်ဘိ ဝိသုဒ္ဓိကို မိမိအသွင် စေတနာ တင်၍ သိမြင်ကြပါစေခြင်း အကျိုးငှါ လိခိဿံ၊ ဗုဒ္ဓမြတ်စွာ ဒေသနာကို ပညာညာဏ်မြင် သဘောထွင်၍ စီရင်ရေးသားတော် မူအပ်သော ဂန္ထံ၊ ရန်ကုန် မြို့တော်ခန်းမ ဝိပဿနာ ဟောစဉ် ကျမ်းကို သမ္မာ၊ ညာဏ်မြင်သဘော သဒ္ဓါနှောလျက် မနောဖြူ

ဓါတ် ကျောင်းမြတ်မှန်ကန်စွာ ဓမ္မံ၊ လူနတ်ဗြဟ္မာ သတ္တဝါဟူ ငါသူကောင်းမ ဝိပဿနာအနုတ္တတရားကို ဂဝေသန္တာ၊ မဂ္ဂင်တရား အမြတ်ထား၍ ပိုင်းခြားမြင်ရေး ရှုမြှော်တွေးလျက် ဝဋ်ဘေးကင်း ရာ နိဗ္ဗုတာ ဓမ္မ အနုတ္တကို မရလျှင်မနေ ဝါယမေဟု စိတ္တေဆန္ဒ အာသီသဖြင့် ရှာဖွေကြကုန်သော သာဓဝေါ၊ သံယောဇဉ်ကြိုး အမျိုးမျိုးကို ဖျက်ချိုးနိုင်ရန် စိတ်အကြံနှင့် ပညာဉာဏ်ကူ သတိ မူ၍ ဘေးရန်ထူပြော ဒုက္ခတောမှ ဘဝခန္ဓာ လွတ်ကြောင်းရှာ လျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်လိုလား သူတော်ကောင်း အများတို့သည် ပဿံ—ပဿန္တု၊ မိစ္ဆာပဟာနော ယောနိသော ဖြင့် သဘောဖြူစွာ ဤကျမ်းစာကို သေချာစေ့ငု နှလုံးသွင်းပြု၍ သိမှုပညာ ဝိဇ္ဇာသုဒ္ဓိ ဉာဏ်ပိုင်မိအောင် မဏိအာဒါသ ကြေးမုံ မြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်မသုံ ကြည့်ရှု နိုင်ကြပါစေ ကုန်သတည်း။

ဦးသုန္ဒရ
တံခွန်တိုင် အနောက် ကျောင်းတိုက်
နတ္တလင်းမြို့—သာယာဝတီခရိုင်။

နတ္တလင်းမြို့
တံခွန်တိုင်အနောက်ကျောင်း
သာယာဝတီခရိုင် နတ္တလင်းမြို့



ကျေးဇူးရှင်
ဆရာတော်-ဦးဝါသဝပုံ။

# ရန်ကုန်မြို့တော်ခမ်းမတရားပွဲ

# အခမ်းအနားမှူး၏ အစီရင်ခံစာ

(၁၃၁၂-ခု၊ တပေါင်းလဆုတ် ၁၃-ရက်။)

## တရားပွဲအစီအစဉ်ကို နားဆင်တော်မူကြရန်မှာ=

တရားပွဲအခမ်းအနားမှူးအဖြစ်ဖြင့်**သာသနာ့ဝန်ထမ်းဆရာကြွယ်** က ပြုလုပ်၍၊ ဓမ္မသာကစ္ဆာအဖွဲ့၏ ရည်ရွယ်ချက်တို့နှင့် ဤတရားပွဲ ပြုလုပ်ရခြင်း အကြောင်းကို လျှောက်ကြား အစီရင်ခံပါမည်။ ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်—ဥက္ကဋ္ဌဗဟန်းပေဠုဝန်-ဆရာ တော်ဘုရားကြီးက တရားပွဲနာယက၊ ရွှေတိဂုံဘုရား[illegible] ဘဏ္ဍာ တော်ထိမ်းအဖွဲ့၏ ဩဝါဒါစရိယ-အလယ်တောရ ဆရာတော်ဘုရား ကြီးက တရားပွဲသဘာပတိအဖြစ်ဖြင့် အုပ်ချုပ်၍ ဩဝါဒစကား မိန့်ကြားတော်မူပါလိမ့်မည်။ မြို့တော်ဝန်က တရားပွဲနှင့် ဆက်စပ် သောစကားများကို မိန့်ကြားလျက် တရားပွဲကို ဖွင့်လှစ်ပါလိမ့်မည်။

ထို့နောက် နတ္တလင်းဆရာတော် ဦးဝါသဝက ကျေညာထား ချက်အတိုင်း တရားတော်ကို ဟောကြားပါလိမ့်မည်။ တရားဟော ပြီးနောက် ဆွေးနွေးမှု၏ အခြေခံစကားကို ဆရာကော်ဇာပါးပါး က ဟောကြားရန်ကို စီစဉ်ထားပါသည်။ အခြေခံစကားကို မှတ် သားပြီး သံသယရှိရာကို ဓမ္မသံကထာအဖြစ်ဖြင့် ဆွေးနွေး မေး မြန်းကြရန် ဖြစ်ပါသည်။

ယနေ့တရားပွဲကြီးကို **ဓမ္မသာကစ္ဆာအဖွဲ့က** ဘယ်လို ရည်သန်ချက်ဖြင့် တာဝန်ယူ၍ ဖွင့်လှစ်ရကြောင်းကို လျှောက်ထားအစီရင်ခံလိုပါသည်။

မြတ်စွာဘုရား၏ ဒေသနာတော်သည်လွန်စွာ နက်နဲလှပါသည်။ ပရိယတ် ပညာရှိ—ပဋိပတ် ပညာရှိကြီးများ သော်မှ မိမိတို့ တဦး တယောက်တည်း၏အသိဉာဏ်ဖြင့် နက်နဲမှုကုန်ဆုံ အောင်ထောက်မှီ နိုင်သည်ဟု ဝန်မခံနိုင်ကြပါ။ ထို့ကြောင့် ပညာရှိမျိုးစုံကိုပင့်ဘိတ် စုရုံးကာ ဆွေးနွေးကြရလျှင် ယခုဘဝတွင် ရသင့်—ရထိုက်သော အသိဉာဏ်တို့ကိုရကြသည့်ပြင် မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ နက်နဲမှုကို ထောက်မှီနိုင်ရန် အကြောင်းခံဘဲဟု စွဲမြဲယုံကြည်ကြ၍ ၁၃၀၇ ခု၊ ဝါဆိုလဆန်း ၈—ရက်နေ့ကစပြီး ယနေ့တိုင်အောင် ၎င်းကိစ္စကို ဆောင်ရွက်ခဲ့ကြပါသည်။

ယခုတရားပွဲကြီးမှာလည်း မိမိဉာဏ်ရှိသလောက် ဟောပြခြင်း၊ ၎င်းဟောပြချက်အတွင်းမှ သဘောမရှင်းရာတို့ကို မေးမြန်း ဆွေးနွေးရန်ဖြစ်သဖြင့်၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်နှင့် ကိုက်ညီသောကြောင့် ဓမ္မသာကစ္ဆာ အဖွဲ့ကြီးက တာဝန်ယူ၍ ဆောင်ရွက်ခဲ့ပါသည်။

## သဘာပတိ–အလယ်တောရ ဆရာတော်ဘုရားကြီး၏

# နိဒါန်း

သင်္ချေလေးရပ်၊ ကပ်တသိန်းကြာ၊ ပါရမီကျင့်ဝတ်၊ ပြည့်ညီညွတ်မှု၊ ဆဝဿဒုက္ကရ၊ စရိယဖြင့်၊ ဗုဒ္ဓအစစ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင် ၄၅–နှစ်တို့ ပတ်လုံး ဗုဒ္ဓကိစ္စတော်ငါးပါးဖြင့် နေ့,ညမအား တရားဖေါ်ဖြင့် ပို့ဆောင်ကယ်တင်တော်မူပြီး၍ ကြွင်းကျန်သမျှ ဝေနေယျတို့ အတွက် ဓမ္မဝိနယကြီးမြတ်လှသော သာသနာတော် သက် ငါး ထောင်ကို ကရုဏာ ရှေ့သွားဖြင့် ထားရှိတော်မူခဲ့တယ်။ ယင်း သာသနာတော်အတွင်း၌ စိုက်ပျိုးကြသော ကောင်းမှုရှင်တို့မှာ လူ့,နတ်,ဗြဟ္မာ,ချမ်းသာကို လွယ်ကူစွာရနိုင်ကြသည့်ပြင်၊ မီးဆယ့် တဖြာ ငြိမ်းရာဖြစ်သောနိဗ္ဗာန်အထိ ရရှိနိုင်ကြပေတယ်။ ရတဲ့အခိုက် ကြုံကြိုက်တဲ့ ဒုလ္လဘ၌ ရထိုက်သည့်မဂ်ဖိုလ်ဉာဏ် အားထုတ်ရန်ကိစ္စ ဝိပဿနာရှုရမှာ၊ ၁–သဘာဝလက္ခဏာ။ ၂–သင်္ခတ လက္ခဏာ။ ၃–သာမညလက္ခဏာ။ ဤသုံးဖြာကို မှန်ကန်စွာ သိနိုင်တဲ့ စိတ်ကို ဝိပဿနာစိတ်ခေါ်တယ်။ ထိုသုံးပါးတို့တွင် ၁–ဖြစ်ဆဲ ရုပ်နာမ်–ပစ္စုပ္ပန်ကို သဘာဝလက္ခဏာခေါ်တယ်၊ ၂–ထိုဖြစ်ဆဲ ရုပ်နာမ်၏ ဥပါဒ်–ဌီ–ဘင်ကို သင်္ခတ လက္ခဏာခေါ်တယ်။ ၃–မမြဲသောအနိစ္စ ဟုမှတ်စရာ ဖေါက်ပြန်ပျက်စီးတဲ့ အခြင်းအရာ, ဆင်းရဲဒုက္ခဟု မှတ်စရာ, မပြတ်နှိပ်စက်တဲ့ အခြင်းအရာ, အစိုးမရ–အနတ္တဟု မှတ် စရာ,အလိုသို့ မလိုက်တဲ့ အခြင်းအရာ, ဤသုံးဖြာကို သာမည

# အလယ်တောရ ဆရာတော်ဘုရားကြီး၏မိန့်ခွန်း

လက္ခဏာခေါ်တယ်။ ဤကဲ့သို့လက္ခဏာစုကို ရှုမှတ်ပွားများ အားထုတ်လေ့ရှိသော ရဟန်းရှင်လူ သူတော်ကောင်းတို့အား လက္ခဏာရေးသုံးတန် ကေန်ထမြောက် ဝိပဿနာဉာဏ် အဆင့်ဆင့် အစဉ်အတိုင်းရင့်၍ အများဆုံး ၇-နှစ်, အနည်းဆုံး ၇-ရက် အကြား မဂ်ဖိုလ်တရားကို ပိုင်းခြားဝေဘန် အမှန်ဆိုက်ရောက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ဟု မဟာသတိပဋ္ဌာနသုတ် နိဂုံးချုပ်တွင် ဟောကြားတော်မူသည့် မြတ်စွာဘုရား၏ အမိန့်တော်အရ အားထုတ်နိုင်စေခြင်းငှါ အားထုတ်နည်းဒေသနာကို ဖွေ့ရှာ စီစစ်၍၊ နတ္တလင်းဆရာတော်က ဟောကြားမည့်တရားအစဉ်ကိုလဲ မှတ်မှတ်သားသား နာကြားကြရမယ်။ နာကြားယုံတွင်မက မိမိတို့ကိုယ်ပိုင်ဉာဏ် အမြင်မှန်ရသည်တိုင်အောင် အားထုတ်ကြိုးစား ပွားများကြရန် ဆရာတော်က လေးလေးနက်နက် တိုက်တွန်းလိုက်ပါတယ်။

# ရန်ကုန် မြို့တော်ဝန် တရားပွဲဖွင့်
# မိန့်ခွန်း

ယနေ့ ဘာသာရေးတပ်ပေါင်းစု ဗိုလ်ထုအဖုံဖုံ စုံလင်ကြတဲ့ ဤပဋိပတ္တိဓမ္မသဘင်ကြီး ဖွင့်လှစ်ရေးအခမ်းအနားမှာ ကျွန်တော့အပေါ် ယုံကြည်မေတ္တာထားသောအားဖြင့် ရန်ကုန်နေပြည်တော် ဓမ္မသာကစ္ဆာ အဖွဲ့ချုပ်အမှူးပြု၍ သာယာဝတီခရိုင် နတ္တလင်းမြို့ တံခွန်တိုင် ဗုဒ္ဓေါဝါဒစရိယ အသင်းကြီးနှင့်တကွ ယခုမြို့တော်ခမ်းမကြီးသို့ ရောက်ရှိလာကြတဲ့ ဓမ္မာမက ဓမ္မဂဝေသီ ပရိသတ်ကြီးက ကျွန်တော့အား ဂုဏ်ပြုသောအနေနှင့် ယခုလို နေရာပေးသည့်အတွက် ကြွရောက်လာသော မင်းပရိသတ်တို့အား နှစ်သိမ့်ကြည်ရွှင်စွာဖြင့် ကျွန် တော် က ကျေး ဇူး တင် ပါ ကြောင်း ကို **နေပြည်တော်မြို့တော်ဝန်**အဖြစ်ဖြင့် မင်္ဂလာ ရှိ သော ဤဌာနမှ လေးစားစွာ နှုတ်ခွန်းဆက်သပါတယ်။

သံဃာတော်အရှင်မြတ်တို့ကိုလဲ ဘုရားတပည့်တော်အားရတနာသုံးပါးရဲ့ အမွေခံ ဥပသကာကြီးလို့ မှတ် တော် မူ ပါ ရန် ကိုလဲ တပည့်တော်က ရိုသေစွာလျှောက်ထားအပ်ပါတယ်။

ယနေ့ပြုလုပ်မဲ့ကိစ္စကတော့ ပဋိပတ္တိသာသနာတော် ဖွံ့ဖြိုးရေးကိစ္စဖြစ်သည့်အတွက် ဤမြို့တော်ခမ်းမမှာ ပဋိပတ္တိ တရားပွဲသဘင်ဆင်ယင်တာကို မြင်ရတော့ ရှေးခေတ်တခုကို လှမ်းပြီး သတိဝင်မိတာက အိန္ဒိယနိုင်ငံခေါ် မဇ္ဈိမဒေသရှိ ကပ္ပိလဝတ်ပြည်ကြီးအရှင် ဘုရင်မင်းတရား ဖြစ်တော်မူသော ဘု ရား ရှင် ၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအမှူးရှိတဲ့ သာကီဝင် မင်းမျိုးတွေကို ပဋိပတ္တိတရား ဟောကြားခဲ့စဉ်ကလဲ တောထဲမှာမဟုတ်ဘဲ၊ ကပ္ပိလဝတ်ပြည်ရဲ့ရွှေနန်းတော်ကြီးပေါ်မှာဘဲ တရားနာကြား တရားရကြတာ ဖြစ်ခဲ့လို့ ကျွန်တော်တို့ဟာ စိတ်ထားတတ်မယ်ဆိုရင် နန်းတော်

ပေါ်မှာဘဲဖြစ်ဖြစ်၊ တောထဲမှာဘဲဖြစ်ဖြစ်၊ ယခုလို မြို့တော်ခမ်းမကြီးထဲမှာဘဲဖြစ်ဖြစ်၊ ဘယ်နေရာမှာဘဲဖြစ်ဖြစ်(ပေါ့ဗျာ) တရားနာနိုင်တယ်၊ တရားကိုနှလုံးသွင်းနိုင်တယ်၊ကျွတ်တန်းဝင်နိုင်တယ်ဆိုတာကို ပြေးမြင်မိလို့ ရှေးခေတ်တခုနှင့် ယခုခေတ် ကိစ္စတခုဟာ တူလှပါကလားလို့ ကျွန်တော်ဝမ်းသာမိပါတယ်။

ဒီအချက်သောက်မှုလို့ ကျွန်တော်တို့ တတွေမှာ(ဝိဝေက)ဆိုတဲ့ ဆိတ်ငြိမ်မှုရဘို့ဟာ ပတ်ဝန်းကျင်က ဆိတ်ငြိမ်ဘို့ထက် ကျွန်တော်တို့ရဲ့ အတွင်းစိတ်ဓာတ်တွေ ဆိတ်ငြိမ်ဘို့ကပိုပြီး အရေးကြီးပါကလား ဆိုတာကိုလဲ သဘောပေါက်မိပါတယ်။

ပီးတော့ ယခုပေါ့မှ တရားကလဲ (လောကဓာတ်) ထွန်းကားနေတဲ့ ခေတ်ကြီးထဲမှာ ဗုဒ္ဓရဲ့လောကဓာတ်နည်းအရ နတ္တလင်းဆရာတော် ဦးဝါသဝအရှင်မြတ်ကလဲ ကျွန်တော်တို့မှာ ရှိနေတဲ့ ဓာတ်ခန္ဓာမှ ဓာတ်ရုပ်တွေ—ဓာတ်နာမ်တွေဟာ ပရမတ္ထသဘော ပဋိပတ္တိသဘောတို့ဖြင့် ငုတ်ပုံ—ပေါ်လာပုံတွေကို အခြေထားပြီး လက္ခဏာသဘော၊ သစ္စာသဘောထဲမှာလဲ တကယ်သိမ်မွေ့နက်နဲလှတဲ့ ဆင်းရဲမှုဆိုတဲ့ ဒုက္ခပိုးတွေ တဖွားဖွား ရှထိုးနေပုံ၊ ပေါ်နေပုံတွေကို အလယ်ထားလို့ အရိယာသစ္စာနဲ့ အဝိဇ္ဇာနှစ်ပါးတို့သည် အင်အားခြင်းပြိုင်၍ မည်သည့် ဓာတ်အားကနိုင်သည်၊ မည်သည့်ဓာတ်အားက ရှုံးသည်ဆိုတာကို သဘာဝကျကျဖွင့်ပြဟောကြားမည့်တရားပွဲ အခမ်းအနားကြီးကို ကြည်ညိုလေးစားစွာဖြင့် ဖွင့်လှစ်လိုက်ရပါသည်ခင်ဗျား....။

**ဦးဘစိုး**
မြို့တော်ဝန်မင်း
ရန်ကုန်နေပြည်တော်။

# ရန်ကုန် မြို့တော်ခမ်းမ

# ဝိပဿနာ ဟောစဉ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ဆရာမရှိ—ပကတိ အလိုလို သိမြင်တော်မူပေသည့် သဗ္ဗညုတ ဉာဏ်တော်ဟု ဆိုအပ်သော ပဋိဝေဓ အစ အစဉ်အလိုက် ပရိယတ္တိ ပဋိပတ္တိ သာသနာသုံးဖြာ တ ထပ် ထည်း ပေါ် ထွန်း လာ ခြင်း။ နိဗ္ဗာနပရိယာယသစ္စာ၊ မုချဆတ်ဆတ် အဘိဓမ္မာစင်စစ်ဖြစ်ကြီးဖြစ်သော အနုတ္တသာရ သုညတဓမ္မ-နိဿရဏ ဓာတ်ဒြဲလင်း ဉာဏ်တွဲတွဲကို တကယ်သိ သဘာဝ-သုဉ်းခဏတွင် ပစ္စဝေက္ခဏာ-ဉာဏမုခမှာ ပဓာန—ရဟန်းကိစ္စ ငြိမ်းရာအမှန်၊ အာသဝက္ခယဉာဏ်အမြင်သန် လျက်၊ ဘိယျောဘာဝါယ၊ သတိအစဉ် ဓာတ်သွားတိုင်း၊ ဉာဏ် အုပ်မိနေဘို့ရာ။ အလွန့်အလွန် သိမ်မွေ့ နက်နဲခက်ခဲ ထိုးထွင်းနိုင် ခဲသော။ကောဓမ္မော-သဒ္ဓမ္မ၊ ပရမ-သုခ-ပဋိဝေဓဉာဏ် ကျက်စား ကွန့်မြူးနိုင်ကြစေရန်အတွက် ရည်သန်တော်မူလျက် ဝေနေယျဗ္ဗာ သယအလို့ငှါ။ ရေးသားဆုံးမ-သနားတော်မူပါမည့် အကြောင်း။ **ရန်ကုန်မြို့ ဓမ္မသာကစ္ဆာအဖွဲ့**-လူကြီးမင်းများက ခညောင်းဝပ်တွား ၍ လျှောက်ထား တောင်းပန် အသနားတော်မြတ် ခံဝန့်ပါသည် အရှင်သူမြတ်ဘုရားဟု ရှိသေစွာ လျှောက် ထား ကြသည့် အတွက် ဤရန်ကုန်မြို့တော်ခမ်းမ ဝိပဿနာဟောစဉ်ကျမ်းဖြစ်ပေါ်လာရပေ သတည်း။

မင်းနေပြည် ရန်ကုန်မြို့တော်ခမ်းမကြီး၌ ဟော ပြောသော တရားပွဲ အခမ်းအနားမှာ ရန်ကုန်မြို့ ဓမ္မသာကစ္ဆာအဖွဲ့ကြီးက ကြီးကြပ်ခေါင်းဆောင်၍ ပြုလုပ်ခဲ့ရပါသည်၊ ဤတရားပွဲကြီး၌ မြို့တော်ဝန်-ဦးဘစိုးက အခမ်းအနားဖွင့်၍ အလယ်တောရ ဆရာတော်ဘုရားကြီးက သဘာပတိမိန့်ခွန်းကို မိန့်မြွက်ပြီးလျှင် ကျင်းပတော်မူခဲ့ကြောင်း ဟောပြောသော တရားတော်အစဉ်မှာ ရှေးဦးစွာရတနာသုံးပါးကို ဆည်းကပ်နည်း။

**ဆည်းကပ်ပုံမှာ**—ဘုရားကို ဆည်းကပ်နည်း, စေတီ, ရုပ်ပွား, ဓာတ်တော်များကို ဆည်းကပ်ပူဇော် ရှိခိုးမှုကိုပြုသောအခါ ဂုဏ်တော်ကို အာရုံ၌တည်၍ ဆည်းကပ်ပူဇော် ရှိခိုးမှုကို ပြုကြရမည်။ တရားတော်, သံဃာတော်တို့ကို ဆည်းကပ်ပူဇော် ရှိခိုးမှုကိုပြုသောအခါ၊ ဂုဏ်တော်ကို အာရုံ၌တည်၍ ဆည်းကပ်ပူဇော် ရှိခိုးမှုကို ပြုကြရမည်။ ဤလိုဂုဏ်တော်ကို အာရုံ၌ တည်၍ ပြုနိုင်ကြလျှင် ရတနာသုံးပါးအစစ်ကို ဆည်းကပ်ပူဇော် ရှိခိုးရသည်နှင့်အတူတူပင် ဖြစ်ပေ၏။

ဒါကြောင့်—သမေစိတ္တေပသာဒမှိ—သမံ ပုညံမဟပ္ဖလံ-ဟု ကျမ်းဂန်တို့၌လာ၏။

ပသာဒမှိ၊ ကြည်လင်သော။ ဝါ၊ ကြည်ညိုသော၊ စိတ္တေ၊ စိတ်သည်၊ သမေ၊ တူမျှသည်ရှိသော်။ သမံ၊ တူမျှသော။ ပုညံ၊ကောင်းမှုသည်၊ မဟပ္ဖလံ၊ များမြတ်သောအကျိုးရှိ၏။

မတူအောင်လုပ်လျှင်-မတူ၊ တူအောင်လုပ်တတ်လျှင် တူပါသည်။ အကျိုးတရားမှာ ဂဏန်းသင်္ချာမလောက်နိုင်ပေ။ ဤကား—ရတနာသုံးပါးကို ဆည်းကပ်မှုအကြောင်းကိုပြသော နည်းလမ်းပေတည်း။

သာသနဿာစ လောကဿ၊ ဝုဍ္ဎိဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။

သာသနဿစ၊ သာသနာတော်၏ရင်း။လောကဿစ၊ လူအများ၏ရင်း၊ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝုဍ္ဎိ၊ ကြီးပွားချမ်းသာခြင်းသည် ဘဝတု၊ ဖြစ်ပါစေသတည်း။ သာသနမ္ပိစ၊ သာသနာတော်ကိုရင်း။ လောကဉ္စ၊ လူအများကိုရင်း၊ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒေဝါ၊ သာသနာစောင့်ကြပ်-နတ်မြတ်အပေါင်းတို့သည်။ ရက္ခန္တု၊ မမေ့ မလျော့စောင့်ရှောက်ကြပါစေကုန်သတည်း။

ဆရာ့မေတ္တာ၊ ကရုဏာ၊ ဒေဝါသိပါစေ။ ဆရာ့မေတ္တာ၊ ကရုဏာ၊ ဗြဟ္မာသိပါစေ။ ဆရာ့မေတ္တာ၊ ကရုဏာ၊ ဝိဇ္ဇာသိပါစေ၊ ဆရာ့မေတ္တာ၊ ကရုဏာ၊ အရိယာ သိပါစေ။ ရုပ်နာမ်တရား၊ ဟောဖော်ကြား၊ အများသိပါစေ။ လက္ခဏာတရား၊ ဟောဖော်ကြား၊ အများသိပါစေ။ သစ္စာတရား၊ ဟောဖော်ကြား၊ အများသိပါစေ။ သာသနာကျိုး၊ ကိုယ့်အကျိုး၊သည်ပိုးနိုင်ပါစေ။ စိတ်အား ဉာဏ်အား၊ ထိုနှစ်ပါး၊ တိုးပွားတက်ပါစေ။ ကိုယ်အား စိတ်အား၊ ထိုနှစ်ပါး၊ ဘေးများလွတ်ပါစေ။ မေတ္တာရေချမ်း၊ စိမ့်စိမ့်ရှမ်း သွမ်းဖျန်းပို့လိုက်ပေ။

မာဝေါခဏံ ဝိရာဒေထ၊
ခဏာတီတာ ဟိသောစရေ။
သဒတ္ထေ ဝါယမေယျာထ၊
ခဏောဝေါ ပဋိပါဒိကော။ ။

ဘာန္တော၊ သံသရာက ထွက်လိုသူများ အိုချစ်သားတို့။ ဝေါ၊ သင်ချစ်သားတို့သည်။ ခဏံ၊ အရိယသစ္စာသာသနာ ဓမ္မ—မြတ်ခဏကို။ မာဝိရာဒေထ၊ ချော်လွှန်၍ မျှားမသွားကြစေကုန်လင့်။ ဟိ၊ အဘယ်ကြောင့်ဆိုသော်။ ခဏာတီတာ၊ ခဏကို လွန်ကုန်သော သူတို့သည်၊ သောစရေ၊ တောက်ခေါက် နောင်တ—ပူပန် စိုးရိမ်ရကုန်၏။ သဒတ္တေ၊ ကိုယ်ကျိုး—ကိုယ်စီးပွား၌။ ဝါ၊ အောက်သံသရာလွတ်မှု။ အလယ်သံသရာလွတ်မှု။ အထက်သံသရာလွတ်မှု ကိုယ်အကျိုးစီးပွား၌။ ဝါယမေယျာထ၊ လုလ္လမယုတ် အရအမိ-ကျိုးကုတ်၍၊ အားထုတ်ကြကုန်၏။ ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒခဏ၊ မနုဿတ္တခဏ သဒ္ဓမ္မသဝန ခဏသည်။ ပဋိပါဒိကော၊ ယခုဘဝ-ခုခဏ၌ ရရှိကြလေပြီ။

**ဤကား တိုက်တွန်းချက် ပါဠိတော်ပေတည်း။**

ပါပါစိတ္တံ နိဝါရယေ။ ။

ပါပါ၊ မကောင်းသော နှလုံးသွင်းမှု၊ အာရုံပြုမှု။ ကြံစည်မှုမှ စိတ္တံ၊ မြင်တတ်သောစိတ်၊ ကြားတတ်သော စိတ်၊ နံတတ်သော စိတ်။ လျက်တတ်သော စိတ်၊ ထိတတ်သောစိတ်။ ကြံတတ်သော စိတ်ကို။ နိဝါရယေ၊ သတိပဋ္ဌာန်တရားနှင့် တားမြစ်ရာ၏။

စိတ်ကို သတိပဋ္ဌာန်နှင့် တားမြစ်ရမည်ဟုဆိုသော်။ အဘယ်တရားကို ဝေဘန်ပိုင်းခြား၍ တားမြစ်ရမည်နည်းဟု သူမေးဘွယ် ရှိပေ၏။ ထိုအမေးကို ဖြေအံ့သောငှါ။

ပထဝီဓာတုံခေါ် ရာဟုလ အနိစ္စတော ဇာနတော ပဿတော- မိစ္ဆာဒိဋ္ဌိပဟီယတိ အစရှိသော ပါဠိတော်ကိုရင်း။

ကေသာ လောမာ နခါ ဒန္တာ တစော အစရှိသော ပါဠိတော်ကိုရင်း။

ရူပတိတိခေါ ဘိက္ခဝေ တဿာ ရူပန္တိဝုစ္စတိ အစရှိသော့ ပါဠိတော်ကိုရင်း။

ကျမ်းဂန်မှာလာသော ဘုရား၏ စကားတော်နှင့် ပြေဆိုရာ၏။

ဤနေရာ၌ ပါဠိတော်တို့ကို မထည့်တော့ဘဲ၊ ငါတို့ဘာသာပြန် အတိုင်းသာ ဟောပြလို၏။ သင်တို့ ငါတို့ခန္ဓာခေါ်သောအပေါင်း အစု၊ ဓာတ်လေးဆယ့်နှစ်ပါး အရေအတွက်ရှိ၏၊ ဆံပင်ကစ ဦးနှောက်အထိ၊ ပထဝီခြင်းရာ နှစ်ဆယ်ခေါ်၏။ အာပေါဓာတ် တဆယ့်နှစ်ပါး ဗမာပြန် ရေ့ခေါ်၏။ ဝါယောဓာတ်ခြောက်ပါး ဗမာပြန် လေ့ခေါ်၏။ တေဇောဓာတ်လေးပါး၊ ဗမာပြန်မီး့ခေါ်၏။ ဤဓာတ်တို့ကို အကုန်ပေါင်းသော်၊ ဓာတ်လေးဆယ့်နှစ်ပါး ဖြစ်၏။ ဤလေးဆယ့်နှစ်ပါးသော ဓာတ်တို့သည်၊ ဥတုဇရုပ် သက်သက်တို့ပေတည်း။

ဤဥတုဇရုပ်အပေါင်းအစု ဓာတ်ခန္ဓာအိမ်ကြီးကို၊မိန်းမ့ထင်ရမှု၊ ယောကျ်ား့ထင်ရမှုဖြစ်အောင် ကာမေသုမိစ္ဆာစာရကံကိုမစောင့်မှု စောင့်မှု—ကံနှစ်ပါးက၊ ပြုပြင်ထားတာကို၊ ဣတ္ထိဘာဝရုပ်၊ပုမ္ဘာဝ ရုပ်ဟု ခေါ်ဆိုရပါသည်။ ဓာတ်ခန္ဓာအိမ်၏ အတွင်းမှာမရှိပေ။ အနိစ္စ့ ဒုက္ခလည်း မထိုက်ပေ။

ဒါကြောင့် ကမ္မံသတ္တေဝိဘဇ္ဇတိဟု ဟောတော်မူ၏ သတ္တေ၊ ဣတ္ထိပုရိသခေါ်ဆိုရသော သတ္တဝါတို့သည်၊ ကမ္မံ၊ ကောင်းကံ— မကောင်းကံ အတိုင်းသာလျှင်၊ ဝိဘဇ္ဇတိ၊ ဖြစ်ခြင်းတိုင်း ဖြစ်လေ တော၏။

သက်တန်းရှည်မှု၊ သက်တန်းတိုမှု၊ အဆင်းအင်္ဂါ လက္ခဏာပြည့်စုံမှု၊ မပြည့်စုံမှု၊ ဘောဂပြည့်စုံမှု မပြည့်စုံမှု၊ တံခိုးအာနုဘော် ရှိမှု မရှိမှု စသည်တို့မှာလည်း၊ ကံ၏ကိစ္စ—ကံ၏ပြုပြင်မှုတို့ပေတည်း။

**အာဟာရကိစ္စမှာကား**။ အာဟာရ သမုဒယာ ရူပ သမုဒယော။ အာဟာရနိရောဓာ၊ ရူပနိရောဓောဟု လာ၏။

အာဟာရသမုဒယာ၊ ကိုယ်ခန္ဓာအိမ်၏အတွင်း၌ အာဟာရ တရားတို့ဖြစ်ပွား တိုးတက်၍ နေသည်ရှိသော်။ ရူပသမုဒယော၊ ရုပ်တရားတို့၏ ဖြစ်ပွားတိုးတက်၍နေသည်။ ဟောတိ၊ ဖြစ်၏။ အာဟာရ နိရောဓာ၊ ကိုယ်ခန္ဓာအိမ်၏အတွင်း၌၊ အာဟာရတရားတို့ ချုပ်ဆုံးကုန်ခန်းခဲ့သည်ရှိသော်။ ရူပနိရောဓော၊ ရုပ်တရားတို့၏ ချုပ်ဆုံးကုန်ခန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ထင်ရှား၏။

ဤဓာတ်ခန္ဓာအိမ်မှာ ဒွါရခြောက်ပါးရှိ၏။ ဒွါရခြောက်ပါး၌ အကြည်ခြောက်ပါးရှိ၏။ ဤအကြည် ခြောက် ပါး ၌ တိုက်တိုင်း တိုက်တိုင်း စက္ခုအကြည်ရုပ်၊ အဆင်းရုပ်၊ အဆင်းရုပ်ကိုမြင်သော စက္ခုဝိညာဉ်စိတ်။ ၎င်းစက္ခုဝိညာဉ်စိတ်၏ နောက်က ဆက်၍ပေါ်သော မနောဒွါရ ဇောဝန်းဉာဏသမ္ပယုတ်စိတ်။ ဤဉာဏသမ္ပယုတ် စိတ်က ရုပ်နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပါသည်။ ဤစိတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍လည်း ခေါ်ရပါသည်၊ ဉာတပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤရုပ်နာမ်နှစ်ပါး၌၊ ဥပ္ပါဒ-ဇရာ-ဘင်္ဂ။ ခယဋ္ဌ။ ဘယဋ္ဌ။ အသာရကဋ္ဌအနက်တို့ကို ရသောကြောင့်။ ရုပ်နာမ်နှင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ ခွဲစိတ်လို့ မရဟူလည်းသိမြင်၏။ ဤလိုသိမြင်တာကို တီရဏ ပရိညာ ဟူ ၍ လည်း ခေါ်ရပါသည်။ ဤအသိအမြင်တို့မှာ အဝိဇ္ဇာကို ပယ်မှုဖြစ်သောကြောင့် ပဟာန ပရိညာဟူ၍လည်း ခေါ်ရပါသည်။

ဒါကြောင့် အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိဟု ဟောတော်မူ၏။

အဝိဇ္ဇာ၊ ရုပ်နာမ်စသည်တို့ကို မသိသော အဝိဇ္ဇာကို ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ ရုပ်နာမ်စသည်တို့ကို သိမြင်သော ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားဖြစ်ပေါ်၍လာ၏။

စက္ခုဒွါရ၌ အလုပ်ပြီး၏။

ဝ ၁ ဝ

သောတအကြည်ရုပ်၊ ကြားမှုအသံရုပ်၊ ... ကို သိသော သောတ ဝိညာဉ် စိတ်။ သောတ ဝိညာဉ်စိတ်၏ နောက်ကဆက်၍ ပေါ်သော၊ မနောဒွါရဇောဇ္ဇန်း ညာဏသမ္ပယုတ်စိတ်။ ဤညာဏသမ္ပယုတ်စိတ်က ရုပ်နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပါသည်။ ဤစိတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍လည်း ခေါ်ရပါသည်။ ဉာတပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤရုပ်နာမ်နှစ်ပါး၌၊ ဥပ္ပါဒ-ဌီ-ဘင်။ ခယဋ္ဌ-ဘယဋ္ဌ-အသာရကဋ္ဌ အနက်တို့ကို ရသောကြောင့် ရုပ်နာမ်နှင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ ခွဲ၍မယ်သို့မရဟုလည်း သိမြင်၏။ ဤလိုသိမြင်တာကို တီရဏပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤအသိအမြင်တို့မှာ အဝိဇ္ဇာကိုပယ်မှု ဖြစ်သောကြောင့်။ ပဟာနပရိညာဟူ၍လည်း ခေါ်ရပါသည်။

ဒါကြောင့် အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ ဟု ဟောတော်မူ၏။

**သောတဒွါရ၌ အလုပ်ပြီး၏။**

☆

ဃာနအကြည်ရုပ်။ နံ့မှု အနံ့ ရုပ်။ အနံ့ရုပ်ကိုသိသော ဃာန ဝိညာဉ် စိတ်၊ ဤဃာနဝိညာဉ်စိတ်၏ နောက်က ဆက်၍ပေါ်သော မနောဒွါရာဝဇ္ဇန်း ညာဏသမ္ပယုတ်စိတ်။ ဤညာဏသမ္ပယုတ် စိတ်က ရုပ်နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပါသည်။ ဤစိတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍လည်း ခေါ်ရပါသည်။ ဉာတပရိညာ ဟူ၍လည်း ခေါ်ရပါသည်။ ဤရုပ်နာမ်နှစ်ပါး၌ ဥပ္ပါဒ-ဇရာ-ဘင်၊ ခယတ္ထ၊ ဘယတ္ထ၊ အသာရကတ္ထအနက်တို့ကို ရသောကြောင့်၊ ရုပ် နာမ်နှင့် အနိစ္စ,ဒုက္ခ,အနတ္တတို့ ခွဲစိတ်လို့ မရဟုလည်း သိမြင်၏။ ဤလိုသိမြင်တာကို တီရဏပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤအသိအမြင်တို့မှာ အဝိဇ္ဇာကို ပယ်မှုဖြစ်သောကြောင့်။ ပဟာန ပရိညာဟူ၍လည်း ခေါ်ရပါသည်။

ဒါကြောင့် အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ ဟု ဟောတော်မူ၏။

**ဃာနဒွါရ၌ အလုပ်ပြီး၏။**

....*....

ဇိဝှါ-အကြည်ရုပ်။ လျက်မှုအရသာရုပ်။ အရသာရုပ်ကိုသိသော ဇိဝှါဝိညာဉ်စိတ်။ ဤဇိဝှါဝိညာဉ်စိတ်၏ နောက်ကဆက်၍ ပေါ်သော မနောဒွါရာဝဇ္ဇန်း ညာဏသမ္ပယုတ်စိတ်။ ဤညာဏသမ္ပယုတ် စိတ်က ရုပ်နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပါသည်။ ဤစိတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍လည်း ခေါ်ရပါသည်။ ဉာတပရိညာ ဟူ၍လည်း ခေါ်ရပါသည်။ ဤရုပ်နာမ်နှစ်ပါး၌ ဥပ္ပါဒ-ဇရာ-ဘင်၊ ခယတ္ထ၊ ဘယတ္ထ၊ အသာရကတ္ထအနက်တို့ကို ရသောကြောင့်။ ရုပ်နာမ်နှင့် အနိစ္စ,ဒုက္ခ,အနတ္တတို့ ခွဲစိတ်လို့ မရဟုလည်း သိမြင်၏၊

ဤလိုသိမြင်တာကို တိရဏပရိညာ ဟူ၍လည်း ခေါ်ရပါသည်။ ဤအသိအမြင်တို့မှာ အဝိဇ္ဇာကို ပယ်မှုဖြစ်သောကြောင့် ပဟာနပရိညာဟူ၍လည်း ခေါ်ရပါသည်။

ဒါကြောင့် အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ ဟု ဟောတော်မူ၏။

**ဇိဝှါဒွါရ၌ အလုပ်ပြီး၏။**

....*....

ကာယ - အကြည် ရုပ်။ တွေ့သိမှု—ဖောဋ္ဌဗ္ဗရုပ်။ တွေ့ထိမှု ဖောဋ္ဌဗ္ဗရုပ်ကို သိသော ကာယဝိညာဉ်စိတ်၊ ဤကာယဝိညာဉ်စိတ်၏ နောက်ကဆက်၍ ပေါ်သော မနောဒွါရာဝဇ္ဇန်း ဉာဏသမ္ပယုတ်စိတ်။ ဤဉာဏသမ္ပယုတ်စိတ်က ရုပ်နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပါသည်။ ဤစိတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍လည်း ခေါ်ရပါသည်။ ဉာတပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤရုပ်နာမ်နှစ်ပါး၌ ဥပ္ပါဒ—ဇရာ-ဘင်၊ ခယတ္တာ၊ ဘယတ္တာ၊ အသာရကတ္တအနက်ကိုရသောကြောင့် ရုပ်နာမ်နှင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ ခွဲစိတ်လို့မရဟုလည်း သိမြင်၏။ ဤလိုသိမြင်တာကို တိရဏပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤအသိအမြင်တို့မှာ အဝိဇ္ဇာကိုပယ်မှုဖြစ်သောကြောင့် ပဟာနပရိညာဟူ၍လည်း ခေါ်ရပါသည်။

ဒါကြောင့် အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ ဟု ဟောတော်မူ၏။

**ကာယဒွါရ၌ အလုပ်ပြီး၏။**

.... + ....

မနှ၊ ဟဒယနာမ်အကြည်။ ထင်မှုတိုက်မှု အဟောင်းတရား ဓမ္မာရုံရုပ်။ သိတာက—မနော ဝိညာဉ်၊ မနော ဝိညာဉ်မှာ ပညာ ပူးတွဲတာက အသိအလိမ္မာဉာဏ်။ ဤဉာဏ်က ရုပ်နာမ်ကို ပိုင်းခြားထင်ထင် သိမြင်ပါသည်။ ဤဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍လည်း ခေါ်ရပါသည်။ဉာတပရိညာဟူ၍လည်း ခေါ်ရပါသည်၊ ဤရုပ်နာမ် နှစ်ပါး၌၊ ဥပ္ပါဒ-ဇရာ—ဘင်၊ခယဋ္ဌ ဘယဋ္ဌ-အဿာဒ ကတ္တအနက်တို့ကို ရသောကြောင့်။ ရုပ်နာမ်နှင့် အနိစ္စ,ဒုက္ခ,အနတ္တ တို့ ခွဲစိတ်လို့မရဟုလည်း သိမြင်၏။ ဤလို သိမြင်တာကို တီရဏပရိညာဟူ၍လည်း ခေါ်ရပါသည်။ ဤအသိအမြင်တို့မှာ အဝိဇ္ဇာကို ပယ်မှုဖြစ်သောကြောင့်။ ပဟာနပရိညာဟူ၍လည်း ခေါ်ရပါသည်။

ဒါကြောင့် အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိဟု ဟောတော်မူ၏။

**ဤပဟာနပရိညာအခါဏ်း၌။** နိစ္စဒိဋ္ဌိ၊ သုဘဒိဋ္ဌိ၊ သုခဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ နိစ္စသညာ၊ အတ္တသညာ၊ နိစ္စစိတ္တ၊ အတ္တစိတ္တ—ဟူသော ဝိပ္ပလ္လာသ—ရှစ်ပါးလည်း ပယ်ပြီးဖြစ်လေတော့၏။

ဒါကြောင့် ဤပရိညာသုံးချက်ကို ရဘို့ အရေးကြီးလှပေ၏။ ဤပရိညာသုံးချက်ကို ရဘို့ရန် ဘာကအစပြု၍ လုပ်ရ—အားထုတ်ရမည်နည်းဟု ဆိုသော်။

ကာယဂတာ သတိပဋ္ဌာန်၌ ပထဝီဓာတ် ကက္ခဠလက္ခဏာကို ရှေးဦးစွာ အစပြု၍ လုပ်ရမည်။

**လုပ်ပုံကား။** ကိုယ်ခန္ဓာအိမ်နှင့် ထိရာ,ထိရာမှာ ကာယအကြည်ဖြစ်လာ, ပေါ်လာသော ပထဝီလက္ခဏာတခုကို အဓိက

ပြု၍ သုံးသပ်ဆင်ခြင်ရပါမည်၊ ဤလိုဆင်ခြင်နိုင်လျှင်၊ ပထဝီမှာ သည်ဟု ဆိုသော သဘောတရားတွေသည် ခန္ဓာအိမ်ကြီးနှင့် လွတ်၍ ပရမတ်ကိုမြင်ရာ၏၊ ဤပရမတ်ကိုမြင်လျှင် ပညတ်ကို တခြားခွဲ၍ နေစရာမလိုတော့ပေ၊ အလိုလိုကွဲ၍ ကျန်ရစ်ခဲ့တော့၏၊ ဝေါဟာရ၊ သနိမိတ္တတရားတွေ ကွယ်ပျောက်၍ အနိမိတ္တတရားသက်သက် ဖြစ်၍ နေသည်ကို အမှန်အတိအကျသိမြင်ရတော့၏။

**မနောဒွါရအလုပ်ပြီး၏။**

၁။ မျက်စိအဆင်း၊ မြင်ခြင်းရုမ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ မြင်တယ်မှတ်ရှု၊ တခုမကျန်၊ ခယနိမိတ်၊ မှတ်စိတ်ထင်ပြန်၊ သံယောဇဉ်ကင်း၊ ပျောက်ခြင်းအမြန်၊ အစ္စန္တ၊ ရောက်ကြပြည် နိဗ္ဗာန်။

၂။ အသံနားကြည်၊ ကြားသည်ရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ ကြားတယ်မှတ်ရှု၊ တခုမကျန်၊ ခယနိမိတ်၊ မှတ်စိတ်ထင်ပြန်၊ သံယောဇဉ်ကင်း၊ ပျောက်ခြင်းအမြန်၊ အစ္စန္တ၊ ရောက်ကြပြည်နိဗ္ဗာန်။

၃။ အနံ့နှာခေါင်း၊ နံကြောင်းရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ နံတယ်မှတ်ရှု၊ တခုမကျန်၊ ခယနိမိတ်၊ မှတ်စိတ်ထင်ပြန်၊ သံယောဇဉ်ကင်း၊ ပျောက်ခြင်းအမြန်၊ အစ္စန္တ၊ ရောက်ကြပြည် နိဗ္ဗာန်။

၄။ လျှာနှင့်ရသာ၊ စားသည်ရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ စားတယ်မှတ်ရှု၊ တခုမကျန်၊ ခယနိမိတ်၊ မှတ်စိတ်ထင်ပြန်၊ သံယောဇဉ်ကင်း၊ ပျောက်ခြင်းအမြန်၊ အစ္စန္တ၊ ရောက်ကြပြည်နိဗ္ဗာန်။

၅။ ကိုယ်နှင့်အတွေ့၊ ထိ၍ရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ ထိတယ်မှတ်ရှု၊ တခုမကျန်၊ ခယနိမိတ်၊ မှတ်စိတ်ထင်ပြန်၊ သံယောဇဉ်ကင်း၊ ပျောက်ခြင်းအမြန်၊ အစ္စန္တ၊ ရောက်ကြပြည်နိဗ္ဗာန်။

၆။ နှလုံးသဘော၊ သိသောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ သိကယ်မှတ်ရှု၊ တခုမကျန်၊ ခယနိမိတ်၊ မှတ်စိတ်ထင်ပြန်၊ သံယောဇဉ်ကင်း၊ ပျောက်ခြင်းအမြန်၊ အစ္စန္တ၊ ရောက်ကြပြည်နိဗ္ဗာန်။

၇။ ဒွါရခြောက်ပါး၊ တံခါးပေါက်မှာ၊ ကာမဂုဏ်ငါး၊ ဖြစ်ငြားရာဂါ၊ ရာဂဖြစ်ဟု၊ မှတ်ရှုသိပါ၊ ရာဂကင်း၊ ရောက်ခြင်းနိဗ္ဗာန်သာ။

၈။ ဒွါရခြောက်ပါး၊ တံခါးပေါက်မှာ၊ ပဋိဃသဘော၊ ဖြစ်ရေးဒေါသာ၊ ဒေါသဖြစ်ဟု၊ မှတ်ရှုသိပါ၊ ဒေါသကင်း၊ ရောက်ခြင်းနိဗ္ဗာန်သာ။

၉။ ဒွါရခြောက်ပါး၊ တံခါးပေါက်မှာ၊ ငါသာမြတ်ဟု၊ ဖြစ်မှုမာနာ၊ မာနဖြစ်ဟု၊ မှတ်ရှုသိပါ၊မာနကင်း၊ ရောက်ခြင်းနိဗ္ဗာန်သာ။

၁၀။ ဒွါရခြောက်ပါး တံခါးပေါက်မှာ၊အစွဲဒိဋ္ဌိ၊ ဖြစ်၍ အတ္တာ၊ ဒိဋ္ဌိဖြစ်ဟု၊ မှတ်ရှုသိပါ၊ ဒိဋ္ဌိကင်းရောက်ခြင်းနိဗ္ဗာန်သာ။

၁၁။ ဒွါရခြောက်ပါး၊ တံခါးပေါက်မှာ၊ သတ္တဝါဘဲ၊ အလွဲထင်လာ၊ ယုံမှားသဘော၊ မနောရှုပါ၊ ယုံမှားကင်း၊ ရောက်ခြင်းနိဗ္ဗာန်သာ။

၁၂။ ဒါန၊သီလ၊သမထကို၊အများသူတို့၊ကျင့်ဘို့ပြောဆို၊စကြာ, သိကြား၊ဖြစ်ငြားကုသိုလ်၊ အယူမှား၊ ကျင့်အားဒုက္ခပို။

၁၃။ သီလဗ္ဗတ၊ ဖြစ်ကြဘေးရန်၊ အကျင့်မှားဟု၊ မှတ်ရှုသိပြန်၊

သံယောဇဉ်ပျက်၊ တချက်စိတ္တုံ၊ နိဗ္ဗာန်ရောက်၊မျက်မှောက်ပြုဘို့မှန်။

၁၄။ လူ့နတ်သူဌေး၊ဖြစ်ရေးချမ်းသာ၊ခံစားလိုကြ၊ ဘဝရာဂ၊ တောင့်တသည်ဟု၊ မှတ်ရှုသိပါ၊ ဘဝကင်း၊ ရောက်ခြင်းနိဗ္ဗာန်သာ။

၁၅။ ဒွါရခြောက်ပါး၊ တံခါးပေါက်မှာ၊ ငြူစူစောင်းမြောင်း၊ ချောင်းမြောင်းလာသော၊ ငြူစူသည်ဟု၊ မှတ်ရှုသိပါ၊ ဣဿာကင်း၊ ရောက်ခြင်း နိဗ္ဗာန်သာ။

၁၆။ နှမြောစုံမက်၊ နှစ်သက်ဝန်တို၊ သူတပါးအား၊ ပေးငြား မလို၊ မစ္ဆရိဘေး၊ သင့်ရေးပိုမို၊ သိမှတ်ရှု၊ ရောက်မှုနိဗ္ဗာန်ကို။

၁၇။ အဝိဇ္ဇာတုံး၊ ပိတ်ဖုံးဆီးကာ၊ မိန်းမှ့ယောကျ်ား၊ အမှား ထင်တာ၊ ဒိဋ္ဌိယှဉ်တွဲ၊ ငရဲဘောင်မှာ၊ မှောင်အတိ၊ လောင်သည့် အဝိဇ္ဇာ၊

၁၈။ အဝိဇ္ဇာများ၊ ချုပ်သွားဘို့ရာ၊ ခြောက်ဒွါရက၊ ဖြစ်ကြ ခန္ဓာ၊ ဖြစ်တိုင်းမှတ်ရှု၊ ပျက်မှုထင်ပါ၊ နိဗ္ဗာန်ရောက်၊ ချုပ်ပျောက် အဝိဇ္ဇာ။

၁၉။ ဒွါရခြောက်ပါး၊ တံခါးပေါက်မှာ၊ ဖြစ်ခွင့်ရှိသော၊ သံယောဇနာ၊ အသစ်ဖြစ်မှု၊ တခုပေါ်လာ၊ သိမှတ်ရှု၊ ရောက်မှု နိဗ္ဗာန်သာ။

၂၀။ ဖြစ်ပြီးရှိသော၊ သံယောဇနာ ပယ်ပြီးပြီဟု၊ သိမှုဖြစ်ရာ၊ သိသောစိတ်လဲ၊ သိဘဲမှတ်ပါ၊ သိချုပ်စဲ၊ အမြဲနိဗ္ဗာန်သာ။

၂၁။ ပယ်အပ်ပြီးသော၊ သံယောဇနာ၊ တဖန်အသစ်၊ မဖြစ် သိရာ၊ သိသောစိတ်လဲ၊ သိဘဲမှတ်ပါ၊ သိချုပ်စဲ၊ အမြဲနိဗ္ဗာန်သာ။

၂၂။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ပရာမာသ၊ သီလဗ္ဗတာ၊ ဣဿာ ခမ္မ၊ မစ္ဆရိယာ၊ ဤငါးပါး၊ ပယ်ရှားမဂ်သောတာ။

၂၃။ သြဠာရိက၊ ကာမရာဂ၊ သံယောဇန၊ ဖြစ်ကြဒေါသာ၊

ရုန့်ရင်းကြမ်းတမ်း၊ ဗရမ်းဗတာ၊ ဤနှစ်ပါး၊ ပယ်ရှားသကာဒါ။

၂၄။ သိမွေ့စွာလှ၊ ကာမရာဂါ၊ ပဋိဃများ၊ ဖြစ်ခြင်းဒေါသာ၊ နောက်တဖန်သစ်၊ မဖြစ်ချုပ်ပါ၊ ဤနှစ်ပါး၊ ပယ်ရှားအနာဂါ။

၂၅။ ငါသာမြတ်ဟု၊ ဖြစ်မှုမာနာ၊ ဘဝရာဂ၊ တောင့်တဖန်ခါ၊ အဝိဇ္ဇာဟုံး၊ အုပ်ဖုံးပိတ်ကာ၊ ဤသုံးပါး၊ ပယ်ရှားအရဟာ။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ စက္ခုပေါက်။

သောတဉ္စပဋိစ္စသဒ္ဒေစဥပ္ပဇ္ဇတိ၊ သောတဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ သောတပေါက်။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ၊ ဃာနဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဃာနပေါက်။

ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ၊ ဇိဝှါဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဇိဝှါပေါက်။

ကာယဉ္စ ပဋိစ္စ၊ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ကာယပေါက်။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မင်္နာဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ မနောပေါက်။

ခြောက်ပေါက်၊ ခြောက်ဒွါရတို့၌ ရုပ်နာမ်ဖြစ်ပေါ်မှုကို ဟောသော ပါဠိတော်တို့ပေတည်း။

နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ၊
နာမရူပ ပရိဂ္ဂဟော သမ္မာဒိဋ္ဌိနာမ၊
နာမရူပ ပရိဂ္ဂဟော ယထာဘူတ ဉာဏံနာမ၊
နာမရူပဝ ဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ၊
နာမရူပါနံ ဥပ္ပါဒ ဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာနာဟောတိ။

နာမရူပ ါနံ ဝယဒဿနေန သဿတဒိဋ္ဌိယာ ပဟာနာ ဟောတိ၊ စသည်ဖြင့်ကျမ်းဂန်တို့၌လာ၏။

နာမရူပ ပရိဂ္ဂဟော ပုဂ္ဂလ သတ္တ အတ္တဇီဝအယူဘက်သို့ မပြေး မသွားရအောင်၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းခြင်းသည်၊ ဒိဋ္ဌိဝိသုဒ္ဓိ နာမဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ (ဝါ)အယူ၏စင်ကြယ်သည်မည်၏။

နာမရူပ ပရိဂ္ဂဟော၊ ပုဂ္ဂလ သတ္တ အတ္တဇီဝအယူဘက်သို့ မပြေး မသွားရအောင်၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းခြင်းသည်၊ သမ္မာ ဒိဋ္ဌိနာမ၊ သမ္မာဒိဋ္ဌိမည်၏၊ (ဝါ)ကောင်းသော အမြင်, ကောင်း သောအယူမည်၏။

နာမရူပ ပရိဂ္ဂဟော၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ အယူဘက်သို့ မပြေး မသွား ရအောင် နာမ်ရုပ် နှစ်ပါးကို သိမ်းဆည်းခြင်းသည် ယထာဘူတ ဉာဏံနာမ၊ ယထာဘူတ ဉာဏ်မည်၏၊ (ဝါ)ဟုတ်မှန် စွာသိမြင်သောဉာဏ်မည်၏။

နာမရူပ ဝဝတ္ထာနေန၊ နာမ်ရုပ် နှစ်ပါးကို ပိုင်းခြား ထင်ထင်၊ သိမြင်ခြင်းသည်၊ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို၊ ပဟီနာ၊ပယ်သည်၊ ဟောတိဖြစ်၏။

နာမရူပ ါနံ၊ နာမ်ရုပ်တို့၏ ဥပ္ပါဒ ဒဿနေန၊ အဖြစ်ကို မြင်ခြင်း သည်၊ ဥစ္ဆေဒဒိဋ္ဌိယာ၊ ဥစ္ဆေဒဒိဋ္ဌိကို၊ ပဟာနာ၊ ပယ်သည်၊ ဟောတိဖြစ်၏။

နာမရူပ ါနံ၊ နာမ်ရုပ်တို့၏ ဝယဒဿနေန၊ အပျက်ကို မြင်ခြင်း၊ သည် သဿတဒိဋ္ဌိယာ၊ သဿတဒိဋ္ဌိကို ပဟာနာ၊ပယ်သည်၊ဟောတိ၊ ဖြစ်၏။

ဤဒေသနာတော်တို့၌ ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာန ပရိညာတို့ သုံးချက်စလုံး တခါတည်း, တပါတည်းပြီးလေတော့၏။

ခေတ်ခန္ဓာအိမ်ပေါ်၌ ရုပ်နာမ် အစုံအစုံတို့ ဖြစ်ပေါ် လာပုံကို ရှင်းပြသောအခန်းပြီးပြည့်စုံလေတော့၏။

(ယခုအခါ၌၊ လက္ခဏာ ဒုက္ခနှင့် သစ္စာ ဒုက္ခတို့ ခြားနားစွာဖြစ်ပေါ်၍ လာပုံတို့ကိုရှင်းပြပေအံ့)။ ။လက္ခဏာဒုက္ခသည် ခေတ်ခန္ဓာအိမ်ကို ဥတုမီး, မရဏမီးတို့ဖြင့် အစဉ်လောင်၍ နေတာကို ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏ ဒုက္ခဟု ဟောတော်မူပါသည်၊ ဤဒုက္ခတရားတို့ကို ဘာဝနာကံဖြင့် ဘာဝေ တဗ္ဗ ကိစ္စပြုရပါသည်၊ ဤဒုက္ခဘာဝနာကို အရဟတ္တမဂ်သို့ ရောက်အောင် ပွါးများအားထုတ်ရပါသည်၊ ဤပစ္စုပ္ပန်ခန္ဓာ၌၊ ဒုက္ခလေးချက်ကို ချုပ်အောင်ငြိမ်းအောင် ဘယ်နည်းနှင့်မျှ မပြုမလုပ်နိုင်ပေ၊ ပယ်စရာပဟာနပုဒ်လည်း မရှိပေ၊ ဘုရားရဟန္တာတို့၏ ခန္ဓာတော်ကိုပင် အမြဲနှိပ်စက်လျက်ရှိပေ၏၊ ဤကားလက္ခဏာဒုက္ခ၏ အကြောင်းပြချက်ပေတည်း။

သစ္စာဒုက္ခဟူသည်ကား၊ တဏှာသမုဒယကြောင့်၊ ရာဂ,ဒေါသ, မောဟ, မီးခေတ်တွေ နာမ်စိတ် အစဉ်မှာ ဖြစ်ပါသည်၊ ဤရာဂ, ဒေါသ, မောဟမီးခေတ်တို့ ဖြစ်သောကြောင့်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အပ္ပိယသမ္ပယောဂ ပိယဝိပ္ပယောဂ ၎သောမီးတောက်တို့သည်စိတ်ကို လောင်ကြပါသည်၊ ဤသို့ ကိလေသာ မီးလောင်မှုဆင်းရဲကို အရိယသစ္စာမှာ သစ္စာဒုက္ခဟုဆိုပါသည်၊ ဤဒုက္ခကို ဒုက္ခနိရောဓဖြစ်အောင် သမုဒယ သစ္စာ တဏှာ တရားကို ပဟာတဗ္ဗကိစ္စဖြင့် ပယ်ရပါသည်၊ ဤလိုပယ်မှသာလျှင် ယခုပစ္စုပ္ပန်ခန္ဓာ၌၊ ဒုက္ခနိရောဓကို မျက်မှောက်ပြုနိုင်မှု၊ သစ္ဆိကရဏ ကိစ္စပြီးပါသည်၊ ဤကိစ္စသုံးခု ပြီးပြည့်စုံမှသာလျှင် ဝိပဿနာ၏ အလုပ်အကျိုးကျေးဇူးကို ပြောပြစရာ ရှိပါသည်။ ဤလို ပြောပြ စရာရှိမှသာလျှင် တရားတော်၏ ဂုဏ်ခြောက်ပါး ပေါ်လွင် ထင်ရှား၍

လာပါမည်၊ တရားကိုအားထုတ်ကြသော ယောဂီ သူမြတ် တို့မှာလည်း ယုံကြည်အားထား သဒ္ဒါပွါး၍ သတိပဋ္ဌာန်တရားကို မနေမနား အားထုတ်နိုင်ကြမည်ဟု ဆရာတော် ယုံကြည်ပါသည်။

လက္ခဏာဒုက္ခသည်ပွါးတရား သစ္စာဒုက္ခသည်မြင်တရားလက္ခဏာဒုက္ခကို သိမြင်သော ဉာဏ်သည် သစ္စာနု လောမိက ဉာဏ်မည်၏၊ သစ္စာ ဒုက္ခကို သိမြင်သော ဉာဏ်သည် သစ္စာဉာဏ်ဟူ၍လည်း ခေါ်ရပေ၏၊ ပဋိဝေဓမဂ်ဉာဏ်ဟူ၍လည်း ခေါ်ရပေ၏၊ ဤသို့လက္ခဏာဒုက္ခနှင့် သစ္စာဒုက္ခကွဲလွဲလို့ ဉာဏ်မှာလည်း သစ္စာနု လောမိကဉာဏ် သစ္စာဉာဏ်ဟု နှစ်မျိုးကွဲလွဲပါသည်၊ ဤနေရာ၌ မကျေမနပ်ဖြစ်ကြလျှင် မိမိတို့ကျေနပ်သလိုသာ ယူကြပါဟု ဆရာတော်က မေတ္တာရပ်ခံပါသည်။

သစ္စာနုလောမိကံဝါတိ၊ ဝိပဿနာဉာဏံ၊
တဉှိ စတုန္နံ သစ္စာနံ၊ အနုလောမနတော သစ္စာ
နုလောမိကန္တိ ဝုစ္စတိ။

သစ္စာနုလောမိကံဝါတိ၊ သစ္စာနုမိကဟူသည်ကား၊ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်ပေတည်း၊ ဟိ၊ ထိုစကားမှန်၏၊ တံ၊ ထိုဝိပဿနာဉာဏ်သည်၊ စတုန္နံသစ္စာနံ၊ လေးပါးသော အရိယ သစ္စာ တို့အား အနုလောမနတော၊ လျော်ခြင်းကြောင့်၊ သစ္စာနုလောမိကန္တိ၊ သစ္စာနုလောမိကဟူ၍၊ ဝုစ္စတိ၊ ဆိုအပ် ဆိုထိုက်၏။

ထပေတွာ သစ္စာ နုလောမိက ဉာဏန္တိ မဂ္ဂ သစ္စဿ၊
ပရမတ္ထ သစ္စဿစ အနု လောမတော သစ္စာနု လောမိ
ကန္တိလဒ္ဓနာမံ ဝိပဿနာဉာဏံ ထပေတွာအဝသေသာ
သဗ္ဗာပိ သာသဝါ ကုသလပညာ ကမ္မဿကတာ
ဉာဏမေဝါတိအတ္ထော။ ။

ထပေတွာ သစ္စာနုလောမိကညာဏန္တိ၊ ထပေတွာ သစ္စာနုလောမိကညာဏ်ဟူသော ပါဠိတော်၌ကား၊ မဂ္ဂသစ္စာသစ၊ မဂ္ဂသစ္စာအားရင်း၊ ပရမတ္ထသစ္စာအားရင်း၊အနုလောမတော၊ ပရမတ္ထသစ္စာသစ၊နိဗ္ဗာန်ဟူသော၊ အနုလောမတော၊ လျော်ခြင်းကြောင့် သစ္စာနုလောမိကန္တိ၊ သစ္စာနုလောမိကဟူ၍၊ လဒ္ဓနာမံ၊ ရအပ်သော အမည်ရှိသော၊ဝိပဿနာညာဏံ၊ဝိပဿနာညာဏ်ကို၊ ထပေတွာ ချန်ထား၍၊ အဝသေသာ သစ္စာနုလောမိက အမည်ရသော ဝိပဿနာမှ ကြွင်းသော၊ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ သာသဝ ါကုသလပညာ၊ အာသဝ နှင့် တကွ ဖြစ်သော ကုသိုလ်နှင့်ယှဉ်သောပညာသည်၊ ကမ္မဿကတာညာဏမေဝ ါတိ၊ ကမ္မဿကတာညာဏ် ဟူ၍ သာလျှင် အတ္တော၊အနက်သဘောကို၊ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏၊ဤကား၊ လက္ခဏာ ဒုက္ခဝိပဿနာညာဏ်ကိုပွားရမှု ဘာဝေတဗ္ဗကိစ္စ၏ အကျိုးကိုပြခြင်းပေတည်း။

ဒုက္ခမေဝဟိ သမ္ဘောတိ၊ဒုက္ခံ တိဋ္ဌတိ ဝေတိ စ၊
နာညတြဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခာနိရုဇ္ဈတိ။ ။

ဟိ၊ ထင်စွာပြဦးအံ့၊ ဒုက္ခမေဝ၊ ဆင်းရဲ သက်သက်သည်သာလျှင်၊ သမ္ဘောတိ၊ အကြောင်းအားလျော်စွာဖြစ်၏ ၊ဝ ါ၊ ကံ၊ စိတ်၊ ဥတု၊ အဟာရတို့နှင့် အကြောင်းအားလျော်စွာ ရှေးဦးအစဖြစ်ခဲ့ရ၏၊ ဒုက္ခံ ဝေ၊ဒုက္ခသည်၊သာလျှင်၊ ဝ ါဆင်းရဲသက်သက်သည်၊သာလျှင်တိဋ္ဌတိ၊ တည်၏၊ ဝေတိ စ၊ချုပ်လည်းချုပ်၏၊ ဒုက္ခာ၊ ဒုက္ခကို၊ အညတြ၊ ကြဉ်ထား၍ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသောတရားသဘောသည်၊နသမ္ဘောတိ၊ဖြစ်သည်မရှိ၊ ဒုက္ခာ၊ဒုက္ခမှ၊အညံ့တပါးသော၊ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသောတရားသဘောသည်၊နနိရုဇ္ဈတိ၊ချုပ်သည်မရှိ။

အဓိပ္ပါယ်ကား၊ ခန္ဓာဟာဒုက္ခသဘောတဲ ဖြစ်သည်၊ဒုက္ခသဘောတဲ တည်သည်၊ ဒုက္ခသဘောတဲ ချုပ်သည်ဟုဆို၏၊ ပုဂ္ဂိုလ်သတ္တဝါနှင့်မယောမယှက်ဟုအဓိပ္ပါယ်လာ၏၊

သဗ္ဗေသင်္ခါရာ ဒုက္ခာတိယဒါ ပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ၊ ။

သဗ္ဗေ၊ခပ်သိမ်းကုန်သော၊ သင်္ခါရာ၊ကံ စိတ် ဥ-ဟာ၊ကြောင်းလေးဖြာ တို့ဖြင့် ပြုပြင်အပ်သော ခန္ဓာ တို့သည်၊ဒုက္ခာ၊ ဆင်းရဲကုန်၏ဣတိ၊ဤသို့၊ယဒါ၊ အကြင်အခါ၌၊ပညာယ၊ဝိပဿနာဉာဏ်ပညာဖြင့်၊ပဿတိ၊ ဟုတ်တိုင်းတိတိ၊ရှုမြင်မိ၏၊

အထ၊ထိုသို့ရှုမြင်သောအခါ၌၊ဒုက္ခေ၊ယခုလည်းဆင်းရဲ နောင်ခန္ဓာရလျှင်လဲ ဆင်းရဲမည်တို့ကို၊နိဗ္ဗိန္ဒတိ ယထာဘူတဉာဏ်ဖြင့်ငြီးငွေ့လှ၏၊ ဧသ ဧသော၊ဤသို့ငြီးငွေ့ခြင်းသည်၊ဝိသုဒ္ဓိယာ၊ စင်ကြယ်ခြင်းဖြစ်သော၊ မဂ္ဂေါ၊နိဗ္ဗာန်သွားကြောင်း၊ ခရီး ကောင်းကြီး ပါပေတည်း။ ။

ဒါကြောင့်၊ လက္ခဏာဒုက္ခကို ပွါးကြောင်းဟု ဆိုပါသည်။

ဒုက္ခေဉာဏံ၊ဒုက္ခသမုဒယေဉာဏံ၊ ဒုက္ခနိရော
ဓေဉာဏံ၊ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါဉာဏံ၊
ဟူ၍ ပါဠိတော်၌၊ ဟောတော်မူပါသည်။

ဒုက္ခေ၊ဒုက္ခသစ္စာ၌၊ ဉာဏံ ပဋိဝေဓ မဂ်ဉာဏ်ဖြင့် သိခြင်းပင်တည်း၊ဒုက္ခသမုဒယေ၊ဒုက္ခဖြစ်မှုကိုဆောင်သော သမုဒယသစ္စာတရား၌ဉာဏံပဋိဝေဓမဂ်ဉာဏ်ဖြင့် သိခြင်းပင်တည်း၊ဒုက္ခနိရောဓေ၊ ဒုက္ခချုပ်မှုနိရောဓသစ္စာမီးလောင်ခြင်းကင်းသော သဘောတရား၌ ဉာဏံ၊ပဋိဝေဓမဂ်ဉာဏ်ဖြင့် သိခြင်းပင်တည်း၊ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ၊ ဒုက္ခချုပ်ကြောင်း အကျင့်တရား မဂ္ဂသစ္စာ၌၊ဉာဏံ၊ပဋိဝေဓ

မဂ်ညာဏ်ဖြင့် သိခြင်းပင်တည်း။ ။သစ္စာညာဏ်ဟူ၍လည်းခေါ်၏။ ဒါ့ကြောင့်၊ ဧကော ဓမ္မော ဘိက္ခဝေ အာသေဝိတော၊ဘာဝိတော၊ဗဟုလီကတော၊အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ သံဝတ္တတိဟု ဟောတော်မူ၏။ ။ဘိက္ခဝေ၊သံသရာထွက်လမ်းကို အလိုရှိသော ချစ်သား ချစ်သမီးတို့၊ဧကော၊ တခုသော၊ ဓမ္မော၊ဒုက္ခသဘောကို၊ အာသေဝိတော၊ ဘာဝနာညာဏ်ဖြင့်အဖန်ဖန်မှီဝဲအပ်သည်ရှိသော်၊ ဘာဝိတော၊ အဖန်တလဲလဲပွါးများအပ်သည် ရှိသော် ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာ အပ်သည် ရှိသော်၊ အဘိညာယ၊ ထူးသောညာဏ်ဖြင့် သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှါ၊နိဗ္ဗာနာယ၊နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ၊ သံဝတ္တတိ၊ ထင်ရှားဖြစ်လာလေ၏။

**လက္ခဏာသစ္စာခန်းပြီး၏။**

(အရိယသစ္စာကို အဝိဇ္ဇာက အနိုင်ကျင့်ပုံ၊ အဝိဇ္ဇာကို ဝိဇ္ဇာက အနိုင်ကျင့်ပုံစသည်တို့ကို လုပ်ကွက်နှင့် တကွ ရှင်းပြပါမည်ဟု ဝန်ခံခဲ့သည့်အတိုင်း၊ ယခုအခါ ရှင်းပြပါတော့မည်။

အဝိဇ္ဇာဟု ဆိုသော တရားသည် မသိခြင်း အင်္ဂါလေးပါးရှိပါသည်၊(အင်္ဂါလေးပါးဟူသည်ကား)၊ဒုက္ခေအညာဏံ၊ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အညာဏံ ဟူ၍ ပါဠိတော်မှာ လာပါသည်။

ဒုက္ခေ၊ဒုက္ခသစ္စာ၌ အညာဏံ၊ မသိခြင်းတည်း၊ ဒုက္ခ သမုဒယေ၊ ဒုက္ခဖြစ်ကြောင်းသမုဒယသစ္စာ တဏှာတရား၌ အညာဏံ မသိခြင်းတည်း၊ဒုက္ခနိရောဓ ဒုက္ခချုပ်မှု နိရောဓ သစ္စာ၌ အညာဏံ မသိခြင်းတည်း၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ ဒုက္ခချုပ်ကြောင်း မဂ္ဂသစ္စာ အကျင့်တရား၌ အညာဏံမသိခြင်းတည်း။

ဤမသိခြင်း အင်္ဂါလေးပါးနှင့် ပြည့်စုံသော အဝိဇ္ဇာသည် သူကဦးတည်း ဖုံးယုံသာဖုံးသည်မဟုတ်၊ သူ၏ အဖေါ်သဟဲ ဖြစ်ကြသော မိစ္ဆာမဂ္ဂင် ဆယ်ပါးတို့နှင့် အနိုင်ကျင့်လေသည်၊ (မိစ္ဆာမဂ္ဂင် ဆယ်ပါးဟူသည်ကား)ပုဂ္ဂလ သတ္တ အတ္တ ဇီဝတို့ တကယ်ရှိအဟုတ် ရှိသောမိစ္ဆာဒိဋ္ဌိ။

ပုဂ္ဂလ သတ္တ အတ္တ ဇီဝတို့ တကယ်ရှိ အဟုတ်ရှိအယူနှင့်ကြံသော မိစ္ဆာသင်္ကပ္ပ။

ဤမိစ္ဆာအယူတင်းလင်းနှင့် ပြောဆိုမှုမိစ္ဆာဝါစာ။

ဤမိစ္ဆာအယူ တင်းလင်း ပြုမူ မိစ္ဆာကမ္မန္တ၊ ဤမိစ္ဆာအယူတင်းလင်းနှင့်အသက်မွေးမှု မိစ္ဆာအာဇီဝ။

ဤမိစ္ဆာအယူတင်းလင်းနှင့် အားထုတ်မှုမိစ္ဆာဝါယာမ။

ဤမိစ္ဆာအယူတင်းလင်းနှင့် အောက်မေ့မှု မိစ္ဆာသတိ။

ဤမိစ္ဆာအယူတင်းလင်းနှင့် တည်ကြည်မှုမိစ္ဆာသမာဓိ။

ဤမိစ္ဆာအယူတင်းလင်းနှင့် သိမြင်မှုမိစ္ဆာဉာဏ။

ဤမိစ္ဆာအယူတင်းလင်းနှင့်လွတ်မှု၊ မိစ္ဆာ ဝိမုတ္တိဟု ဆိုအပ်သော အင်္ဂါဆယ်ပါးရှိသော မဂ္ဂင်တို့သည် အဝိဇ္ဇာ၏ စစ်သည် ဗိုလ်ပါတို့ ပေတည်း၊ ဤစစ်သည် ဗိုလ်ပါတို့နှင့် ပြည့်စုံသော အဝိဇ္ဇာသည် သစ္စာကို ဘယ်သောအခါမှ အသိမပေးတော့ပေ၊ ဒါကြောင့်၊ အရိယသစ္စာကို အဝိဇ္ဇာက အနိုင်ကျင့်သည်ဟု စကားအသုံး တရား အသုံး၌ သုံးရပါသည်၊ ဤအဝိဇ္ဇာကို ယခု သာသနာ တွင်းမှာ အနိုင်ယူရပါတော့မည်၊ အနိုင်ယူမည်ဟု ဆိုသော် ဘယ်လိုယူမည် နည်းဟု သူမေးဘွယ်ရှိပေ၏၊ ထိုအမေးကို ဖြေအံ့သောငှါ။

သောဝေကမ္ဗိ ကရောန္တော စတ္တာရိ သစ္စာနိ ဇာနေ ပဋိဝေဓေနေ ပဋိဝိဇ္ဇတိဟုလာ၏။

သော၊ ထိုယောဂီသည် ဧဝံ၊ ဤသို့ကမ္မံ၊ဝိပဿနာရှုခြင်းအမှုကို ကရောန္တော၊ ပြုသည်ရှိသော်၊ စတ္တာရိ လေးပါးကုန်သော သစ္စာနိ အမှန်တရားတို့ကို ဧကေန တခုတည်းသော ပဋိဝေဓေန ထိုးထွင်း၍ သိအပ်သော လောကုတ္တရာ မဂ်ဉာဏ်ဖြင့် ပဋိဝိဇ္ဈတိ တပြိုင်နက် တချက်တည်း သိမြင်လေ၏။ (ဤလိုသိမြင်မှုကို) ဒုက္ခေ ဉာဏံ ဒုက္ခ သမုဒယေ ဉာဏံ ဒုက္ခနိရောဓ ဉာဏံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ ဉာဏံ ဟု ဟောတော်မူ၏။

ဤဉာဏ်ကို ဝိဇ္ဇာဟုခေါ်ရပါသည်၊ ဤဝိဇ္ဇာဉာဏ်သည် သူ၏ ဗိုလ်ထုသမ္မာမဂ္ဂင်ဆယ်ပါးနှင့် ဗောဓိပက္ခိယ တရား သုံးဆဲ့ခုနှစ်ပါး ရှိပါသည်။ (သမ္မာမဂ္ဂင်ဆယ်ပါး)ဟူသည်ကား ရုပ်နာမ် လက္ခဏာ သစ္စာ တရားတို့ကို သိသော သမ္မာဒိဋ္ဌိရုပ်နာမ်၊ လက္ခဏာ၊ သစ္စာတို့ကို အကြိမ်ကြိမ် အခါခါ ကြံစည်သော သမ္မာ သင်္ကပ္ပ။

ဤတရားတို့ကိုပြောလေ့ဟောလေ့ရှိသော သမ္မာဝါစာ။

ဤတရားတို့ကို သိ၍ ကောင်းစွာ ပြုသော သမ္မာကမ္မန္တ။

ဤတရားတို့ကို သိ၍ ကောင်းစွာ အသက်မွေးသော သမ္မာ အာဇီဝ။

ဤတရားတို့ကို မမေ့မလျော့ အားထုတ်မှု သမ္မာဝါယမ။

ဤတရားတို့ကို မပြတ်အောက်မေ့မှု သမ္မာသတိ။

ဤတရားတို့ကို အားထုတ်ရာ၌ တည်ကြည်မှု သမ္မာသမာဓိ။

ဤတရားတို့ကို သိမြင်လိမ္မာမှု သမ္မာဉာဏ။

ဤတရားတို့ကို သိမြင်၍ ကိလေသာမှ လွတ်မှု သမ္မာ ဝိမုတ္တိဟု ဆိုအပ်သော မဂ္ဂင် ဆယ်ပါးအားတော်နှင့် ဗောဓိ ပက္ခိယ တရား သုံးဆဲ့ခုနှစ်ပါးတို့ကို ပေါင်း၍ တိုက်ပြီးလျှင် အဝိဇ္ဇာကို အနိုင်ယူ လိုက်တော့၏၊ ဤလိုအနိုင်ရပြီးမှ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်

ချမ်းသာတို့ကို ပစ္စက္ခသိဒ္ဓိပြု၍ ခံစားနိုင်လေတော့၏၊ ဤလိုခံစားနိုင်ကြမှသာလျှင် သာသနာနှင့် တွေ့ကျိုးနပ်ပြီ၊ ဘုရားပေးသော အမွေကိုခံစားစံစားရပြီ သံဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ် အစရှိသော ဂုဏ်တို့ကိုအပိုင်စားရပြီဟုမှတ်ယူကြရာ၏။

ယောစ ဝဿသတံ ဇီဝေ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော ပဿတော အမတံ ပဒံ။

ယောစရဟန်း, ရှင်, လူ, အကြင်သူသည်လည်းအမတံ သေခြင်းကင်းသော ပဒံ နိဗ္ဗာန်တရားကို အပဿံ အပဿန္တော မရှုမမြင်ဘဲ ဝဿသတံ အနှစ်တရာပတ်လုံးဇီဝေအသက်ရှည်ငြားအံ့ နသေယျော မမြတ် အမတံ သေခြင်း ကင်းသော ပဒံ နိဗ္ဗာန်ကို ပဿတော ရှုမြင်သောသူသည် ဧကာဟံ တနေ့တရက်, တမနက်မျှ ဇီဝိတံအသက်ရှည်ရခြင်းသည် သေယျော အတိုင်းထက် အလွန် မြတ်လှပေ၏။

နိဗ္ဗာန်ကို မသိမမြင်လျှင် အနှစ်တရာပင် နေရပါသော်လည်း မမြတ် သိမြင်လျှင် မြတ်၏ဟု ဆိုတော်မူသည်။ နိဗ္ဗာန်ကို ဘယ်လို သိမြင်ရမည်နည်းဟု ဆိုသော် ကျမ်းဂန်မှာ လာသည့်အတိုင်း သိမြင်ရာ၏။ သိက္ခေနိဗ္ဗာနမတ္တနော။

အတ္တနော မိမိ၏ နိဗ္ဗာန်, တဏှာကုန်မှု, ဒုက္ခငြိမ်းမှု, ရာဂကုန်မှု, ဒုက္ခငြိမ်းမှု, ဒေါသကုန်မှု, ဒုက္ခငြိမ်းမှု, မောဟကုန်မှု, ဒုက္ခငြိမ်းမှု, အာသဝေါကုန်မှု ဒုက္ခငြိမ်းမှု သင်္ခါရ ကံကုန်မှု ဒုက္ခငြိမ်းမှု နိဗ္ဗာန် ချမ်းသာသည် သိက္ခေအကျင့်၌ တိဋ္ဌတိတည်လျက် ရှိပေ၏။

ယာဝတာ ဘိက္ခဝေဓမ္မာ သင်္ခတာဝါ အသင်္ခတာဝါ။
ဓမ္မာဝိရာဂေါ တေသံဓမ္မာနံ အဂ္ဂမက္ခာယတိ။

ဘိက္ခဝေ ချစ်သား-ချစ်သမီးတို့ ယာဝတာ အကြင်မျှ လောက်ကုန်သော သင်္ခတာ အကြောင်းတရား တို့သည်ပြုပြင်အပ်ကုန်သော

ဓမ္မာဝါဟာရား တို့သည်ပင် အသင်္ခတ အကြောင်းတရား တို့သည် မပြုပြင်အပ်ကုန်သော ဓမ္မာဝါ တရား တို့သည်ပင် သင်္ခတ ရှိကုန်၏၊ တေသံဓမ္မာနံ ထိုတရားအပေါင်းတို့တွင် (ဝါ)ထိုတရား အပေါင်း တို့ထက် ဝိရာဂေါ ရာဂကင်းသော နိဗ္ဗာန်ကို အဂ္ဂံအဂ္ဂေါ ဣတိ အမြတ်ဆုံးဟူ၍ အက္ခာယတိ ဟောတော်မူအပ်၏၊ ဤပါဠိတော်၏ အလိုမှာ သင်္ခတ, အသင်္ခတ, တရားနှစ်ပါးတို့ထက် ရာဂ ကင်းမှုဟု ဆိုအပ်သော (ဝါ)ရာဂမဖြစ်ပေါ်မှု (ဝါ)ဖြစ်ပေါ်လျှင် ရာဂဟု ခေါ်ဝေါ်ပြောဆိုရမဲ့ သဘောမဖြစ်ပေါ်သောကြောင့် ရာဂတရား ဟု ပြောဆိုစရာမရှိသော ဝိရာဂ နိဗ္ဗာန် အမြတ် ဆုံးဟု အဓိပ္ပါယ် လာ၏။

ကတမောစ ဘိက္ခဝေ ဝိရာဂေါ၊ ယောဘိက္ခဝေ
ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော
အယံ ဝုစ္စတိ ဘိက္ခဝေ ဝိရာဂေါ။

ဘိက္ခဝေချစ်သား—ချစ်သမီးတို့ ဝိရာဂေါ ရာဂကင်းရာ ဖြစ်သော သဘောတရားသည် ကတမောစ အဘယ်နည်း ဟူမူကား ဘိက္ခဝေ ချစ်သား—ချစ်သမီးတို့ ယောရာဂက္ခယော အကြင် ရာဂ၏ ကုန်ရာ ဖြစ်သော နိဗ္ဗာန်သည် ယောဒေါသက္ခယော အကြင်ဒေါသ၏ ကုန် ရာ ဖြစ်သော နိဗ္ဗာန်သည် ယောမောဟ က္ခယော အကြင် မောဟ ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သည် အတ္ထိ ထင်ရှားကောန်ရှိ၏၊ ဘိက္ခဝေ ချစ်သား—ချစ်သမီးတို့ အယံ ဤရာဂ, ဒေါသ,မောဟ၏ ကုန်ရာဖြစ် သော နိဗ္ဗာန်ကို ဝိရာဂေါ ဝိရာဂ ဟူ၍ ဝုစ္စတိ ဆိုအပ် ဆိုထိုက်၏။

ကာမစ္ဆန္ဒာနုပဿန္တိ၊ နိဗ္ဗာနံ ကာမ မန္တရေ။
ပဿံ တဏှဂတော အန္တံ၊ တသ္မာဆန္ဒံ ဝိကောပယေ။

ကာမစ္ဆန္ဒာ၊ ဝတ္ထုကာမဂုဏ် ကိလေသာ ကာမဂုဏ် တို့၌

သည် ကွယ်ကာ ဖုံးထားအုပ်ကုန်သည် ဖြစ်၍ ဝါ ကွယ်ကာ ဖုံးထား အုပ်သောကြောင့် ကာမ မန္တရေ၊ ကာမဂုဏ်တို့၏ အလယ်၌ ဝါ ကာမဂုဏ် တို့၏ အကြား၌ နိဗ္ဗာန်၊ နိဗ္ဗာန်တရားကို နပဿန္တိ အန္ဓ ပုထုဇဉ်တို့ မမြင်နိုင်ကြကုန် ဟု အကယ်မလွဲသဖြင့် တံ ထိုကာမဂုဏ်တို့၏ အကြား ကိုယ့်အနားတွင် ရှိသော နိဗ္ဗာန် ကို ဝါ ကိုယ့်မှာရှိသော နိဗ္ဗာန်ကို ပဿံ - ပဿန္တော၊ ရှုမြင် ကြသော ကလျာဏ အရိယာ သူမြတ်တို့သည် အန္တံ ဆင်းရဲကင်း ဘို့ ချမ်းသာဘို့ရန် အားထုတ်ရသော အလုံးစုံသော ကိစ္စ တို့၏ အဆုံးသို့ ဂတော ရောက်ရလေ၏၊ တသ္မာ ထို့ကြောင့် ဆန္ဒံ ဝတ္ထု ကာမဂုဏ် ကိလေသာ ကာမဂုဏ် အဖုံးကို ဝိကောပယေ ဝိပဿနာ ပညာမဂ်ပညာဖြင့်ဖျက်ဆီးရာ၏။

နိဗ္ဗာန်ကို သုတမယ အနုမာနသိဒ္ဓိ စိန္တာမယ အနုမာန သိဒ္ဓိ ဘာဝနာမယ အနုမာန သိဒ္ဓိ ပစ္စက္ခ သိဒ္ဓိဟု သိဒ္ဓိ လေးမျိုး ရှိရာတွင် ပစ္စက္ခသိဒ္ဓိ မဖြစ်သေးသော်လည်း အနုမာန သိဒ္ဓိအားဖြင့် သိနိုင်ကြရာ၏။ (ဥပမာဆိုသော်)ရေကို အလိုရှိ၍ ရေကို လိုက်ရှာသော သူသည် ရေတွင်း တခုကို တွေ့မြင်လေ၏၊ ရေတွင်းကို တွေ့မြင်သော အခါ တွင်းကို ငုံ့၍ကြည့်၏၊ ရေကို မြင်ရလေ၏ ရေကိုမြင်သော်လည်း ရေပုံးမရှိ၍ ရေကိုမသောက်ရ သေး၊ ထို့အတူ နိဗ္ဗာန်ကို သိလိုမြင်လို၍တရားကို အားထုတ်ကြသော ယောဂီ တို့သည် နိဗ္ဗာန်ကိုမြင်နိုင်သိနိုင်ကြကုန်၏၊ မြင်သော်သိသော် လည်း နိဗ္ဗာန်၏ ချမ်းသာကို မခံစားနိုင်ကြသေးပေ၊ ဘာကြောင့် ဆိုသော် ရေပုံးနှင့် တူသော မဂ်ဉာဏ်ကို မရသေးသောကြောင့် ပေတည်း။

ယခုပြခဲ့သောနိဗ္ဗာန်ကိုရလို ရောက်လိုကြလျှင်သတိပဋ္ဌာန်ကိုပွါး

သတိန္ဒြေသတိဗိုလ်၊ သတိ သမ္ဗောဇ္ဈင် ဖြစ်အောင်လုပ် သတိသမ္ဗောဇ္ဈင်ဖြစ်လျှင်။

ဣဓ ဘိက္ခဝေ ဘိက္ခု သတိ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိနာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ ဟူသော ပါဠိတော် အတိုင်း နိဗ္ဗာန်သွားကြောင်း လမ်းကောင်း လမ်းမှန်ဖြစ်ပေ၏။

အထူးမှတ်ဘို့ကသနိမိတ္တဖြစ်သောဝေါဟာရ အမှတ်ကိုဖယ်၍အနိမိတ္တ ဖြစ်သော စိတ်စေတသိက် ရုပ်နိဗ္ဗာန်ဟူသော ပရမတ္ထတရား လေးပါးကိုသာမိမိတို့၏ အသိဉာဏ်မှာအတည်ပြု၍ ရှုရမည်ဟုမှတ် ဝိပဿနာအလုပ်ကိုလုပ်လျှင်နိဗ္ဗာန်ကိုအာရုံပြု၍စိတ်စေတသိက်ရုပ်တို့၏ ဥပ္ပါဒ, ဇရာ,ဘင်္ဂ, ဝယတ္တ,ဘယတ္တ,အသာရကတ္တ သဘောတို့ကိုသာအနိစ္စထင်ရမြင်ရမည်ဒုက္ခထင်ရမြင်ရမည်အနတ္တထင်ရမြင်ရမည်။

ဤသဘောတရားတို့ကို ရှေးမရှုဘဲ လုပ်လျှင် ဝိပဿနာ အလုပ် မဟုတ်နိုင် မဖြစ်နိုင်ပေ၊ ဝိပဿနာ အလုပ်က သနိမိတ္တ အလုပ် မဟုတ် အနိမိတ္တ၏ အလုပ်ပေတည်း။

ဒါကြောင့် အနိမိတ္တဉ္စဘာဝေဟိဟုဟောတော်မူ၏။

ဣဒံ စိတ္တံ တီသု ဘာဝေသု သဗ္ဗေသံ၊ သစိတ္တကသတ္တာနံ သာဓာရဏံ နကဿစိ၊ သစိတ္တကဿနဥပ္ပဇ္ဇတိနာမ၊ ဥပ္ပဇ္ဇမာနံ ပန ပဉ္စဒွါရေဝေါဋ္ဌဗ္ဗနံဟောတိ၊ မနောဒွါရေအာဝဇ္ဇနံ၊ဆ—အသာဓာရဏညာဏာနိပိ၊ ဣမိနာ ဂဟိတာ ရမ္မဏမေဝ ဂဏှန္တိ၊ မဟာဂဇံနာမေတံစိတ္တံ၊ ဣမဿအနာ ရမ္မဏံ နာမနတ္ထိ အသဗ္ဗညုတညာဏမ္ပိ၊ သဗ္ဗညုတကတိကံ နာမ၊ ကတမန္တိဝုတ္တေ၊ဣဒန္တိဝတ္တဗ္ဗံဟုအဋ္ဌသာလိနီစိတ္တုပ္ပါဒ ကဏ္ဍမှာ မိန့်ဆိုလေ၏၊

ဣဒံစိတ္တံ၊ဤမနောဒွါရာဝဇ္ဇန်းစိတ်သည်၊တီသု၊သုံပါးကုန်သော၊ဘဝေသု၊ဘုံတို့၌၊သဗ္ဗေသံ၊အလုံးစုံကုန်သော၊သစိတ္တကသတ္တာနံ၊စိတ်ရှိကုန်သောသတ္တဝါတို့အား၊ သာဓာရဏံ၊ ဆက်ဆံ၏၊ ကဿစိ၊ တစုံ တယောက် သော၊ သစိတ္တကဿ၊ စိတ်ရှိသောသတ္တဝါအား၊ နဥပ္ပဇ္ဇတိနာမ၊ မဖြစ်သောမည်သည်၊ နအတ္ထိမရှိ၊ ဥပ္ပဇ္ဇမာနံပန၊ဖြစ်သော်ကား၊ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌၊ ဝေါဋ္ဌဗ္ဗနံ၊ ဝုဋ္ဌောသည်၊ဟောတိ၊ဖြစ်၏၊မနောဒွါရေ၊မနောဒွါရ၌၊အာဝဇ္ဇနံ၊အာဝဇ္ဇန်းသည်၊ဟောတိဖြစ်၏၊ ဆ-အသာဓာရဏဉာဏာနိပိ၊ ခြောက်ပါးကုန်သော အသာဓာရဏဉာဏ် ဟူ သည် ကား၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသာယာနုသယဉာဏ်,သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ် ယမကပါဋိဟာရိယဉာဏ်, မဟာကရုဏာသမာပတ္တိဉာဏ် ပင်တည်း ဣမိနာ၊ ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ ဂဟိတာရမ္မဏမေဝ၊ ယူအပ်ပြီးသော အာရုံကို သာလျှင်၊ ဂဏှန္တိ၊ယူကုန်၏၊ ဧတံ စိတ္တံ၊ဤမနောဒွါရာဝဇ္ဇန်းစိတ်သည်၊ မဟာဂဇံနာမ၊ဆင်ပြောင်ကြီးနှင့်တူသော စိတ်မည်၏၊ ဣမဿ ဤမနောဒွါရာဝဇ္ဇန်းစိတ်၏၊ အနာရမ္မဏံနာမ၊ အာရုံ မဟုတ်သော တရား မည်သည်၊ နတ္ထိ၊ မရှိ၊ အသဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်မဟုတ်သော်လည်း၊သဗ္ဗညုတံကတိကံ၊ သဗ္ဗညုတဉာဏ်နှင့်အလားတူသော စိတ်သည်၊ ကတမံ နာမ၊ အဘယ် စိတ်နည်း၊ ဣတိ၊ဤသို့၊ ဝုတ္တေ၊ မေးဆိုအပ်သည်ရှိသော်၊ဣဒံနာမံ၊ ဤမနောဒွါရာဝဇ္ဇန်း စိတ်ပင်တည်း၊ဣတိ၊ ဤသို့ ဝတ္တဗ္ဗံ၊ဆိုအပ် ဆိုထိုက်၏။

ဤကျမ်းဂန်စကားကို ထည့်သွင်း၍ ဟောခြင်းသည်၊ အထက်က ပြခဲ့သော ခြောက်ပေါက် ခြောက်ဒွါရ၌ ဖြစ်ကြပေါ်ကြသော

အသိစိတ် တို့ကို ရှင်းလင်းစွာမြင်ကြစေခြင်းငှါ၊ မနောဒွါရာ ဝဇ္ဇန်း ညာဏ သမ္ပယုတ်စိတ်ကို ထင်ရှားအောင် ပြသည်ဟု မှတ်လေ၊

ဓမ္မမေဃေနဝဿန္တေ၊ သဗ္ဗေဟောန္တုအနာသဝါ။

ယေတ္ထပစ္စဝေက္ခာသတ္တာ၊ သောတာပန္နာဘဝန္တုတေ။

ဓမ္မမေဃေန၊ လောကမိုဃ်းထက် ဆထက်တံပိုးမကတိုး၍၊ အမျိုးမျိုး အေးမြ စေတတ်သော တရာတည်းဟူသော မိုဃ်းတော်ကြီးဖြင့်၊ ဝါ၊ဒုက္ခခပ်သိမ်းအကုန်ငြိမ်း စေတတ်သောတရားတည်းဟူသောမိုဃ်းတော်ကြီးကို၊ဝဿန္တေ၊ သွန်းဖြိုးရွာချ ဟောပြလိုက်သည်ရှိသော်၊သဗ္ဗေ၊ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားနာလာ များဗိုလ်ပါတို့သည်၊ အနာသဝါ၊ အာသဝေါလေးဖြာ ကင်းကုန်ကွာ၍၊ ရဟန္တာအပြီး ပုဂ္ဂိုလ်ကြီးတို့သည်၊ ဟောန္တု၊တရားနာရင်း ညာဏ်မြင်လင်း၍၊ ချက်ခြင်းမကြာ၊ ဘဝမကူ ဖြစ်ကြပါစေကုန်သတည်း၊ ဝါ၊ကိလေသာ မီးငြိမ်းမှုခန္ဓာမီးငြိမ်းမှုနိဗ္ဗာနဓါတ်ကြီးတွေ့ ဖြစ်ကြပါစေကုန်သတည်း၊ဧတ္ထ၊ ဤတရားနာလာ များဗိုလ်ပါတို့သည်၊ ပစ္စဝေက္ခာ ဂုဏ်အားဖြင့်အယုတ်ဆုံး အောက်ဆုံး နောက်ဆုံးဖြစ်ကြလေကုန်၏၊ ဝါ ညာဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံးဖြစ်ကြလေကုန်၏ ယေသတ္တာ၊ ထိုဂုဏ်အား,ညာဏ်အားဖြင့်အယုတ်ဆုံး၊အောက်ဆုံး နောက်ဆုံးဖြစ်ကြလေကုန်သော သတ္တဝါတို့သည်၊ သောတာပန္နာ၊ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်နိုင်ဘိ၍၊ မရှိပယ်ရှာရှင်းရှင်းကွာသည့်၊ စူဠမဟာ၊ သောတာပန်အပြီး ပုဂ္ဂိုလ်ကြီးတို့သည်၊

ဘဝန္တု၊တရားနာရင်း ဉာဏ်မြင်လင်း၍၊ ချက်ခြင်းမကြာ ဘဝ
မကွာ မဟာသောတပန်ကြီးတွေဖြစ်ကြပါစေကုန်သတည်း။

**ရန်ကုန်မြို့တော်ခန်းမဝိပဿနာဟောစဉ်**

**ဤတွင်ပြီး၏**

၁၃၁၃–ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက်နေ့ အပြီးသတ်သတည်း။

## ဥယျောဇနကထာ

ဓမ္မသိက္ခ ယောဂိမဂ္ဂံ၊ လိခိဿံ မေတ္တာစရိယော။
ဓမ္မရသံ ဂဝေသန္တာ၊ သမ္မာပဿန္တု သာဓဝေါ။ ။

အာစရိယော၊ ဝိပဿနာအလင်းပြ ကျေးဇူးရှင် ဆရာတော် ဦးဝါသဝသည် မေတ္တာစိတ္တေန၊ ပညာကဝိဉာဏ်မြင်သိလျက် မိမိ သူတပါး အတူထား၍ သနားယိုးဖိတ် ကြည်လင်သောမေတ္တာစိတ် ဖြင့်။ လိခိဿံ၊ ဗုဒ္ဓမြတ်စွာဒေသနာကို ပညာဉာဏ်မြင် သဘော တွင်၍ စီရင်ရေးသားတော် မူအပ်သော။ ဓမ္မသိက္ခယောဂိမဂ္ဂံ။ ရဟန်းရှင်လူ မည်သူမဆို ပုဂ္ဂိုလ်များစွာ သိလိုပါက သဒ္ဓါစိတ် ကောင်း ပညာပေါင်းလျက် မဂ်ဖိုလ်နိဗ္ဗာန် သိစေရန်ဟု ဉာဏ်မြင် တရား အဓိကထား၍ ပိုင်းခြားဝေဘန် သန္ဒိဋ္ဌိက ဧကန္တဖြင့် သိကြစေရာ သာသနာတော်၏သဘာဝကိုပြသော **တရားသင်တန်း ယောဂီလမ်းကို** ဘမ္မာ၊ ဉာဏ်မြင်သဘော သဒ္ဓါနှောလျက် မနောဖြူစါတ် ကောင်းမြတ်မှန်ကန်စွာ။ ဓမ္မရသံ၊ ရာဂဒေါသ မောဟာကင်းကွာ အရိယာတို့ လွန်စွာလေးမြတ် နှစ်သက်အပ်သည့် ပရမတ်ဉာဏ်မြင် သမ္မာဒိဋ္ဌိနှင့် ဖြူစင်သီလ သဒ္ဓါကြွလျက် မဂ်ဖိုလ် ဝိဇ္ဇာ နိဗ္ဗူတာဟု မြတ်စွာဘုရား ထင်ရှားဟောဖော် တရားတော် ၏အရသာကို၊ ဂဝေသန္တာ၊ မဂ္ဂင်တရား အမြတ်ထား၍ ပိုင်းခြား မြင်ရေး ရှုမြော်တွေးလျက် ဝဋ္ဋဘေးကင်းရာ နိဗ္ဗူတာဓမ္မ အနုတ္တာကို

မရလျှင်မနေ ဝါယမေဟု စိတ္တောဆန္ဒ အာသီသဖြင့် ရှာဖွေကြကုန်သော၊ သာဓဝေါ၊ သံယောဇဉ်ကြိုး အမျိုးမျိုးကို ဖျက်ချိုးနိုင်ရန် စိတ်အကြံနှင့် ပညာဉာဏ်လူ သတိမူ၍ ဘေးရန် ထူပြောဒုက္ခတောမှ ဘဝခန္ဓာ လွတ်ကြောင်းရှာလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်လိုလား သူတော်ကောင်းအများတို့သည်၊ ပဿန္တု၊ မိစ္ဆာပဟာနေ ယောနိသောဖြင့် သဘောဖြူစွာ ဤကျမ်းစာကို သေချာစေ့ငု နှလုံးသွင်းပုံ၍ သိမှုပညာ ဝိဇ္ဇာသုဒ္ဓိဉာဏ် ပိုင်မိအောင် မဏိအာဒါသ ကြေးမုံမြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်မသုံ ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

**ဦးသုန္ဒရ**

တံခွန်တိုင် အနောက်ကျောင်းတိုက်

နတ္တာလင်းမြို့-သာယာဝတီခရိုင်

.................

# နိဒါန်း

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ

သဒ္ဒတ္တေဝါယမေယျာထ၊ ခဏောဝေါပဋိပါဒိတော။ ။

ဘောန္တော၊ အို သူတော်ကောင်းတို့။ ဝေါ၊ သင်သူတော်ကောင်းတို့သည်။ ခဏံ၊ အရိယသစ္စာ သာသနာ ဓမ္မ မြတ်ခဏကို မာဝိရာဓေထ၊ ချော်လွန်၍မျှား မသွားကြစေကုန်လင့်။ ဟိ၊ အဘယ်ကြောင့်ဆိုသော်၊ ခဏာတီတာ၊ ခဏကို လွန်ကုန်သောသူတို့သည်။ သောစရေ၊ တောက်ခေါက် နောင်တ ပူပန်စိုးရိမ်ရကုန်၏။သဒ္ဒတ္တေ၊ ကိုယ်ကျိုး ကိုယ်စီးပွား၌။ ဝါယမေယျာထ၊ လုံ့လမယုတ်၊ အရအမိကြိုးကုတ်၍ အားထုတ်ကြကုန်ရာ၏။ ဝေါ၊ သင်တို့သည်။ ဝေါ၊ သင်တို့အား။ ခဏော၊ အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏသည်။ ပဋိပါဒိတော၊ ယခုဘဝ ခုခဏ၌ ဆိုက်ရောက်ရရှိကြလေပြီ။

ဤပါဠိတော်တိုက်တွန်းချက်ကို၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်ပြု၍ရှုကြရာ၏ ဘာကြောင့်ဆိုသော်သာသနာတော်၏ အချိန်ကောင်း အခါကောင်းကိုရဆဲ၊ မိမိကမြတ်စွာဘုရား ဆိုဆုံးမသော တရား၏သဘောကို သိနိုင် လိမ္မာနိုင်သော ခန္ဓာကိုရဆဲ။ ဤလို အကြောင်းအကျိုး နှစ်ပါးစုံတို့၊ ပြည့်စုံလုံလောက် ဗောဓိဉာဏ်၊ ပေါက်နိုင်သောအခါကို။ ကိလေသာ ကာမဂုဏ် စိတ်အာရုံရှင်ပျော်မှုနှင့် မနေကြတော့ဘဲ။ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်ဖြစ်၍၊ ဝိဝေက၊ ဝိရာဂ၊ နိရောဓသို့ ဆိုက်အောင်ပြုလုပ်အားထုတ်ကြပါ။

ဦးကုဏ္ဍလ အစရှိသော သူတော်ကောင်း အပေါင်းတို့။ ဤကား တိုက်တွန်းချက် ပါဠိတော်ပေတည်း။

# တရားသင်တန်းယောဂီလမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

တရားကို အားထုတ်လိုသော ယောဂီသူမြတ်တို့သည် မိမိ၏ ခန္ဓာ၌ ရှေးဦးစွာ အကြည်ဟူသော အခံဓါတ်ပေါ်မှာ ကျရောက်လာသော အဆင်းဓါတ်ကို၊ ဓါတ်လေးပါးကိုမှီ၍ ပေါ်သောအဆင်းတိုက်သည်ဟု သတိပြုရာ၏။ ထို့အတူ အကြွင်းတရားတို့ မှာလည်း ဓါတ်လေးပါးကိုမှီ၍ ပေါ်သောအသံတိုက်သည်ဟုလည်း သတိပြုရာ၏။ ဓါတ်လေးပါးကိုမှီ၍ ပေါ်သော အနံ့တိုက်သည်ဟုလည်း သတိပြုရာ၏ ဓါတ်လေးပါးကိုမှီ၍ ပေါ်သော အရသာတိုက်သည်ဟုလည်း သတိပြုရာ၏။ ဓါတ်လေးပါးကိုမှီ၍ ပေါ်သော၊ အတွေ့အထိ တိုက်သည်ဟုလည်း သတိပြုရာ၏။ ဓါတ်လေးပါးကိုမှီ၍ပေါ်သော ဓမ္မာရုံတိုက်သည်ဟုလည်း သတိပြုရာ၏။ ဤသို့ခြောက်ပေါက်မှာတိုက်သော သုဒ္ဓတရားတို့ကို၊ ပုဂ္ဂလသတ္တ အတ္တဇီဝတို့နှင့် မိဿကမဖြစ်အောင်။ ဝါ၊ မယော မယှက်အောင်၊ သတိခြွေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်ဖြစ်အောင်၊ ပြုနိုင်လုပ်နိုင် အားထုတ်နိုင်ကြမှသာလျှင်။ နိဗ္ဗာန်သွားကြောင်း ခရီးကောင်း တရားအလုပ်လုပ်သူ ယောဂီသူမြတ်ဟူ၍ မှတ်ယူကြပါ။ ဘာကြောင့်ဆိုသော်။ မြတ်စွာဘုရားသည်။ ဤသတိသမ္ဗောဇ္ဈင်ကို အစထား၍ ဗောဓိ

ပက္ခိယတရားတို့ကို။ အားထုတ်ခြင်းသည်သာလျှင် နိဗ္ဗာန်ခရီးကို သွားသောလမ်းဟု ဟောတော်မူ၏။

ဒါကြောင့်၊ ဣဓဘိက္ခဝေ ဘိက္ခု သတိ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေက နိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂ ပရိဏာမိံ အယံဝုစ္စတိ၊ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါဟု သံယုတ် ပါဠိတော်မှာလာ၏၊ ဒါကြောင့် ယောဂီတို့ မိမိတို့၏ ခန္ဓာဒွါရ ခြောက်ပေါက်၌ ကျရောက်သော တရားကို သတိပဋ္ဌာန်လုပ်ကြ ရာ၏။

(ဤဘား တခန်းပြီး၏။)

* * *

၁။ အဆင်းတိုက်မှု၊ မြင်အောင်ရှု၊ စွဲမှုဒိဋ္ဌိကွာ။
၂။ အသံတိုက်မှု၊ မြင်အောင်ရှု၊ စွဲမှုဒိဋ္ဌိကွာ။
၃။ အနံ့တိုက်မှု၊ မြင်အောင်ရှု၊ စွဲမှုဒိဋ္ဌိကွာ။
၄။ အရသာတိုက်မှု၊ မြင်အောင်ရှု၊ စွဲမှုဒိဋ္ဌိကွာ။
၅။ အတွေ့အထိတိုက်မှု၊ မြင်အောင်ရှု၊ စွဲမှုဒိဋ္ဌိကွာ၊
၆။ အဟောင်းတိုက်မှု၊ မြင်အောင်ရှု၊ စွဲမှုဒိဋ္ဌိကွာ။
၇။ အတွင်းဝတ္ထု၊ ပယ်စွန့်ပြု၊ စွဲမှုဒိဋ္ဌိကွာ။
၈။ အပြင်ဝတ္ထု၊ ပယ်စွန့်ပြု၊ စွဲမှုဒိဋ္ဌိကွာ။
၉။ ဒိဋ္ဌိကွာမှု၊ အပါယ်ကျ၊ မုချလွတ်မည်သာ။
၁၀။ ယောဂီအများ၊ သတိထား၊ မမှားစေဘို့ရာ။

အဆင်းသဘော၊ မြင်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန် အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

အသံသဘော၊ ကြားသောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

အနံ့သဘော၊ နံ့သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန် အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

ရသာသဘော၊ လျက်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

အတွေ့သ ဘော၊ထိသောရုပ်နာမ်၊သုံးပါးပေါင်းစု၊ဖြစ်မှုအမှန်၊ အနိစ္စနှင့် ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

အပေါင်းသဘော၊ ထင်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ် မှုအမှန်။ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြ စေဘို့ရန်။

ဖေါက်ပြန်သဘော၊ ပျက်သော ရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်။ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊မှတ်ကြစေဘို့ရန်။

ခံစားသဘော၊ ပျက်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်။ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြ စေဘို့ရန်။

မှတ်သောသဘော၊ ပျက်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ် မှုအမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

ပြုပြင်သဘော၊ ပျက်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

အသိသဘော၊ ပျက်သောရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်။ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

ယောဂီအများ၊ ဉာဏ်အားဝေဘန်၊ နိဗ္ဗာန်လမ်း၊ ဖြောင့်တန်း စေဘို့ရန်။

ဤအခန်း၌ သုံးပါးပေါင်းစုဟူသော စကားသည်၊ လက္ခဏာ ရေးသုံးပါးမှာ၊ အနိစ္စဟုဆိုလျှင်၊ အကြွင်းဒုက္ခ အနတ္တသဘောတို့ ပါကြောင်းကို သိဘို့ပေတည်း။ ဒုက္ခဟုဆိုလျှင်၊ အနိစ္စနှင့်အနတ္တ သဘောတို့ ပါကြောင်းကို သိဘို့ပေတည်း။ ပျက်သောရုပ်နာမ်

ဟူသောစကားသည်။ ရုပ်နာမ်နှစ်ပါး ခွဲခြားလို့မရတာကို သိစေဘို့ပေတည်း၊

ဤအခန်း၌ ရုပ်နာမ်နှင့်လက္ခဏာရေး တချက်ထည်း ပါပုံကို သတိပြု၍ ညာဏ်မြင်ရှုနည်းဖြစ်၏။ ဤကား သတိသမ္မောဇ္ဈင် ပွါးနည်း တခန်းတည်း။

တနည်းအားဖြင့် မိမိ၏ ခန္ဓာအိမ်၌ ကံစိတ် ဥတု အာဟာရ အကြောင်းတရားလေးပါး ပြုပြင်သည်ဟုဆို၏။

(ပြုပြင်ပုံကား)

ကံမီးခေါ်သော တေဇောဓါတ်သည်၊ အမြဲတန်း ပြုပြင်လျက်ရှိ၏။ ဤသို့ပြုပြင်ရှိနေသော၊ ကံမီးတေဇော၌၊ ဝါယောခေါ်သောဓါတ်သည်းပါ၏။ ထိုတေဇော ဝါယော ဓါတ်နှစ်ပါးတို့၏ မှီရာ ပထဝီဓါတ်၊ အာပေါ ဓါတ်နှစ်ပါးတို့လည်း ပါကြကုန်၏။ ဤလို ဓါတ်လေးပါးတို့ မကွဲမပြားပါကြပုံကို ကံအကြောင်းနှင့်ဆိုင်ရာဓါတ်တို့ကို ပိုင်းခြားဝေဘန်လို့သိကြရာ၏။ သိအောင်လည်း သတိသမ္ဗောဇ္ဈင်ကို ပွါးကြရာ၏။

(စိတ်ပြုပြင်ပုံကား။)

လှုပ်ရှားမှုကိစ္စအဝဝတို့ ဖြစ်ပေါ်လာလျှင် စိတ္တဇ ဝါယောဟုသတိပြုရာ၏။ ဤစိတ္တဇ ဝါယောဓါတ်နှင့် မိသဟကဖြစ်သော တေဇောဓါတ်လည်း ပါကြောင်းကို သတိပြုရာ၏။ ထိုဝါယော တေဇောတို့မှီရာ လောင်စာဖြစ်သော ပထဝီအာပေါ ဓါတ်တို့ တပါတည်း ပါကြပုံကို အကုန်အစင် မြင်သိအောင် သတိသမ္ဗောဇ္ဈင်ကို ပွါးကြရာ၏။

(ဥတုပြုပြင်ပုံကား)

ဥတုတေဇောမီးနှင့်တွေ့လျှင်၊ အမူအရာ ကြိယာတွေပြောင်းလဲ

မှုအဆင့်ဆင့်၊ ဟာယနဝစုနဲ့ဖြစ်ပေါ်ရခြင်းသည်၊ ဓါတ်လေးပါး တကွဖြစ်၊ တကွပျက်ဟု မှတ်ရာ၏။ မှတ်နိုင်အောင်လည်း သတိပြု ရာ၏။

## (အာဟာရပြုပြင်ပုံကား)

ခန္ဓာအိမ်၌ ပျံ့နှံ့မှု အဆီအစေးကို အာဟာရ ပြုပြင်သည်ဟု ဆိုရလေ၏။ ဤအဆီအစေး သဘောတို့၌ ပထဝီ အခြေခံဖြစ်၏။ ဤပထဝီဓါတ်နှင့် တကွဖြစ်ကြသော၊ အာပေါဓါတ်၊ တေဇော ဓါတ်၊ ဝါယောဓါတ်တို့ ပါကြကုန်၏။ ဤဓါတ်တို့အစုံစုံပါကြ ဖြစ်ကြပုံကို အကုန် အစင် မြင်ကြလျှင်၊ ခန္ဓာအိမ်၌ အကြောင်း လေးခု အကျိုးလေးခု ဖြစ်ကြောင်း ရှိကြောင်းကို သိမြင် လိမ္မာ ကြရာ၏။ ဤလိုဓါတ်မြင် လိမ္မာကြလျှင် ခန္ဓာအိမ်၌ ဓါတ်သဘော လေးထပ် လေးလွှာကို အကွင်းလိုက် အကွက်လိုက် ပေါ်လွင်လှ၏။

ဥပမာကို ဆောင်၍ ပြရသော်၊ သရက်သီးခေါ်သော ဝတ္ထု၌၊ အခွံတထပ်၊ အသားတထပ်၊ အစေ့တထပ်၊ အဆန်တထပ်နေဘိ သကဲ့သို့ ထို့အတူ ကံပြုပြင်မှု အကျိုးတရားတထပ်၊ စိတ်ပြုပြင်မှု အကျိုးတရားတထပ်၊ ဥတုပြုပြင်မှုအကျိုးတရားတထပ်၊ အာဟာရ ပြုပြင်မှုအကျိုးတရားတထပ်၊ ဤသို့လေးထပ်လေးလွှာကိုသိမြင်လိမ္မာ လျှင်၊ ဓါတ်ညာဏ်ပေါက်ပြီဟု မှတ်ပါယူပါ၊ ဤသို့ ဓါတ်ညာဏ် ပေါက်လျှင်ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝတို့ကို၊ တကယ်ရှိအဟုတ်ရှိယူသော အယူဆိုးအယူမှားတို့ကင်းပြတ်လေတော့၏။ မြတ်စွာဘုရား၏အယူနှင့် တထပ်ထည်း ကျလေတော့၏။

ဒါကြောင့် ခန္ဓာအိမ်မှန်သမျှတို့၌ ဤအကြောင်းရင်း ပြုပြင် မှုလေးခု အကျိုးအရင်း ဖြစ်ပေါ်မှု လေးခု ဤရှစ်ခုသော အခြေ ခံဓါတ်ရင်းဖြစ်သည်ဟု သိမြင်လိမ္မာကြရာ၏။ သိမြင်လိမ္မာအောင်

လည်း သတိကို ပဋ္ဌာန်ပြု၍ ပွါးများရာ၏။ ဤသို့ပွားမှုကို သတိပဋ္ဌာန်လုပ်သည်ဟုဆိုရ၏။

ဤကား သတိပဋ္ဌာန် သတိသမ္ဗောဇ္ဈင် ပွားနည်းတနည်းတည်း။

တနည်းသော်ကား။ ခန္ဓာအိမ်မှန်သမျှတို့၌ ဥတုဇဓါတ်ရုပ်ပါး တို့က တထပ်တလွှာဖြစ်၏။ ကမ္မဇ ဓါတ်ခြောက်ပါးအကြည်တရားတို့က တထပ်တလွှာဖြစ်၏၊ ဤကမ္မဇ ဓါတ်ခြောက်ပါး အကြည် တရားတို့၏ အပေါ်၌ ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏ် ငါးပါးဖြစ်၏၊ ဤရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏ် ငါးပါးတို့၌၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော လက္ခဏာ သုံးပါး တို့ တပါတည်းပါကြကုန်၏။ ဒုက္ခ သမုဒယသစ္စာနှစ်ပါးတို့လည်း အမြဲတန်းပါကြကုန်၏။ သေက္ခဖြစ်လျှင် သစ္စာလေးပါး နှစ်ပါး ပေါ် နှစ်ပါးငုတ်ဖြစ်ကြကုန်၏။ မဂ်လေးပါးလည်း အဆင့်အတန်း အတိုင်း ဖြစ်ကြကုန်၏၊ ဖိုလ်လေးပါးလည်း အဆင့်အတန်းအတိုင်း ဖြစ်ကြကုန်၏။ နိဗ္ဗူတဓါတ်လည်း အဆင့်အတန်း အတိုင်း ဖြစ်ကြ ကုန်၏။

ဒါကြောင့် မိမိတို့ခန္ဓာကို လူမဟုတ်ကြောင်း ယောကျ်ားမိန်းမ မဟုတ်ကြောင်းကို သိမြင် လိမ္မာရလေအောင် ဝါ မိစ္ဆာ ဒိဋ္ဌိအယူ ပြုတ်၍ သောတာပန် အစစ် ဖြစ်ရလေအောင် ပြခဲ့ပြီးသော တရား အစဉ်ကို နားလည်အောင် လုပ်၍ မိမိ၏ ခန္ဓာအိမ်မှာ ဥတုဇဓါတ် ရှစ်ပါးက တထပ်တလွှာ ကမ္မဇ ဓါတ် ခြောက်ပါးက တထပ် တလွှာ ဤ အကြည် ခြောက်ပါးပေါ်၌ ဖေါက်ပြန်မှု ခံစားမှု မှတ်မှု ပြုပြင်မှု သိမှုဟု ဆိုအပ်သော ခန္ဓာငါးခု အပေါင်း အစု က တထပ် တလွှာ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော လက္ခဏာရေး သုံးပါးက တထပ်တလွှာ အဝိဇ္ဇာနှင့် တဏှာဟူသော

အကြောင်း သမုဒယ အကျိုး ဒုက္ခ အမြင်မှန်တည်း ဟူသော အကြောင်းမဂ္ဂ အကျိုး နိရောဓ ဟူသော သစ္စာလေးပါးက တထပ်တလှ္ဘ ဤသို့အားဖြင့် မိမိတို့၏ ခန္ဓာအိမ်မှာ ငါးထပ် ငါးလှ္ဘမျှသာ ရှိကြောင်း ဤငါးထပ် ငါးလှ္ဘထက် အပို အလိုမရှိကြောင်းကို ဝိပဿနာအစစ် ညာဏ်မြင်ဖြစ်ကာ အချက်ကျ အကွက်ကျ မြင်ကြရာ၏ ဤလို မြင်ကြ လိမ္မာကြလျှင် မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်း မှန်ပြီဟု မုချမှတ်ယူကြပါ ဤလိုမှ အမြင်မမှန် အမြင်မဟုတ်ကြသေးလျှင် မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်းနှင့် လွဲပြီ လွဲသည်ဟု မှတ်ပါ ယူပါ။

ရှေးဦးစွာ ယောဂီတို့မှာ ဓါတ်ရှစ်ပါးကို ဝေဘန်၍ သိထားရမည် ထို့နောက် ကမ္မဇ အကြည်ခြောက်ပါးကို ဝေဘန်၍ သိထားရမည် ထို့နောက် ဖေါက်ပြန်မှု ခံစားမှု မှတ်မှု ပြုပြင်မှု သိမှုဟု ဆိုအပ်သော ငါးသဘောကို ဝေဘန်၍ သိထားရမည်၊ ထို့နောက် လက္ခဏာသုံးပါး ပါပုံကို ဝေဘန်၍ သိထားရမည်။ ထို့နောက် သစ္စာလေးပါး နှစ်ပါးပေါ် နှစ်ပါးငုတ်ကို ဝေဘန်၍ သိထားရမည် ဤကား နိဗ္ဗာန်သို့ သွားသော ယောဂီလမ်း ပေတည်း။

**သတိပဋ္ဌာန်တနည်း ပြီး၏။**

**တနည်း သတိပဋ္ဌာန် အောက်မေ့ ဝေဘန်နည်း။**

ခန္ဓာ အိမ်ပေါ်၌ စက္ခု ဝတ္ထု ခေါ်သော ဥတုဇ ဓါတ်ရှစ်ပါးက တထပ်တလှ္ဘ စက္ခု အကြည်ခေါ်သော ကမ္မဇ ဓါတ်တပါးက တထပ် တလှ္ဘ ဤ စက္ခု အကြည်ပေါ်၌ အဆင်းတိုက်တိုင်း တိုက်တိုင်း စေဇောမီး ဖြစ်၍ လောင်၊ လောင်တိုင်း ဖေါက်ပြန်၊ ဖေါက်ပြန်တိုင်း ခံစား၊ ခံစားတိုင်းမှတ်၊ မှတ်တိုင်း

ပြုပြင် ပြုပြင်တိုင်း သိ၊ သိပြီး ငါးသဘော အစုံပျက် ပျက်တိုင်း ပျက်တိုင်း လက္ခဏာရေးသုံးပါး ပြည့်စုံ ဤငါးသဘော ပေါ်တိုင်း ဖြစ်တိုင်း အဝိဇ္ဇာဖုံးလျှင် တဏှာနှင့်တကွ ရာဂသားဖွား ဤရာဂ သားဖွားတိုင်း ဖြစ်တိုင်း ရာဂမီးလောင်၊ ရာဂမီးလောင်တိုင်း၊ ဆင်းရဲ ဤဆင်းရဲကို ဒုက္ခသစ္စာဟု ဟော၏၊ ရာဂသား ရာဂမီး လောင်မှု ဖြစ်ကြောင်းတဏှာကို သမုဒယသစ္စာဟု ဟော၏ဓါတ် လေးပါး ဓါတ်ရှစ်ပါး အဆင်းတိုက် အမြင်မှန် သမ္မာဒိဋ္ဌိမဂ္ဂင် ကို မဂ္ဂသစ္စာဟု ဟော၏၊ ဤ အမြင်မှန်ကြောင့် ရာဂသား မ ဖြစ်မှု ရာဂမီး မလောင်မှု ရာဂမီး ချုပ်မှု ငြိမ်းမှု နိဗ္ဗာန်ကို နိ ရောဓသစ္စါဟု ဟော၏၊ ဤ သစ္စာအချက် သဘောနက်ကို မြင် ရမှုက တထပ်တလဲ့ ဤသို့ စက္ခုပေါက်၌ ငါးထပ် ငါးလဲ့ကို သတိပဋ္ဌာန် ပြု၍ သတိသမ္မောဇ္ဈင်ကို ပွားကြရာ၏။

ခန္ဓာအိမ်ပေါ်၌ သောတဝတ္ထု ခေါ်သော ဥတုဇဓါတ် ရှစ် ပါးက တထပ်တလဲ့ သောတ အကြည်ခေါ်သော ကမ္မဇ ဓါတ် တပါးက တထပ်တလဲ့ ဤသောတ အကြည်ပေါ်၌ အသံ တိုက် တိုင်း တိုက်တိုင်း တေဇောမီးဖြစ်၍လောင်၊ လောင်တိုင်း ဖေါက် ပြန် ဖေါက်ပြန်တိုင်း ခံစား ခံစားတိုင်း မှတ် မှတ်တိုင်းပြုပြင် ပြု ပြင်တိုင်းသိ သိပြီး ငါးသဘော အစုံပျက်၊ ပျက်တိုင်း ပျက်တိုင်း လက္ခဏာရေးသုံးပါး ပြည့်စုံ၊ ဤငါးသဘောပေါ်တိုင်း ဖြစ် တိုင်းအဝိဇ္ဇာဖုံးလျှင် တဏှာနှင့်တကွ ရာဂသားဖွား၊ ရာဂသား ဖွားတိုင်းရာဂမီးလောင် ရာဂမီးလောင်တိုင်းဆင်းရဲ၊ ဤဆင်းရဲကို ဒုက္ခသစ္စာဟုဟော၏။ ရာဂသား ရာဂမီးလောင်မှု ဖြစ်ကြောင်း တဏှာကိုသမုဒယ သစ္စာဟု ဟော၏၊ ဓါတ်လေးပါးမှ ဖြစ်သော အသံတိုက် အမြင်မှန် သမ္မာဒိဋ္ဌိမဂ္ဂင်ကိုမဂ္ဂသစ္စာဟုဟော၏။ ဤအ

မြင်မှန်ကြောင့် ရာဂသားမဖြစ်မှု ရာဂမီးမလောင်မှု ရာဂမီးချုပ်မှု ငြိမ်းမှုနိဗ္ဗာန်ကို နိရောဓသစ္စာဟုဟော၏။ ဤသစ္စာအချက်သဘောနက်ကို မြင်ရမှုက တထပ်တလွှာဤသို့သော တပေါက်၌ ငါးထပ်ငါးလွှာကို သတိပဋ္ဌာန်ပြု၍သတိသမ္ဗောဇ္ဈင်ကို ပွားကြရာ၏။

ခန္ဓာအိမ်ပေါ်၌ ဃာနဝတ္ထုခေါ်သော ဥတုဇ ဓါတ်ရှစ်ပါးက တထပ်တလွှာ၊ ဃာနအကြည်ခေါ်သော ကမ္မဇဓါတ် တပါးက တထပ်တလွှာ၊ ဤဃာနအကြည်ပေါ်၌ အနံ့တိုက်တိုင်း တိုက်တိုင်း တဏှာမီး ဖြစ်၍ လောင် လောင်တိုင်း ဖေါက်ပြန် ဖေါက်ပြန်တိုင်းခံစ ား ခံစားတိုင်းမှတ်၊ မှတ်တိုင်းပြုပြင်၊ ပြုပြင်တိုင်းသိ၊ သိပြီး ငါးသဘောအစုံပျက်၊ ပျက်တိုင်း ပျက်တိုင်း လက္ခဏာရေးသုံးပါးပြည့်စုံ ဤငါးသဘောပေါ်တိုင်း ဖြစ်တိုင်း အဝိဇ္ဇာဖုံးလျှင် တဏှာနှင့်တကွ ရာဂသားဖွား ရာဂသားဖွားတိုင်း ရာဂမီးလောင် ရာဂမီးလောင်တိုင်းဆင်းရဲ ဤဆင်းရဲကို ဒုက္ခသစ္စာဟု ဟော၏။ ရာဂသား ရာဂမီးလောင်မှုဖြစ်ကြောင်းတဏှာကို သမုဒယသစ္စာဟု ဟော၏။

ဓါတ်လေးပါးမှဖြစ်သော အနံ့တိုက် အမြင်မှန် သမ္မာဒိဋ္ဌိမဂ္ဂင်ကို မဂ္ဂသစ္စာဟု ဟော၏။ ဤအမြင်မှန်ကြောင့် ရာဂသားမဖြစ်မှု ရာဂမီးမလောင်မှု ရာဂမီးချုပ်မှုငြိမ်းမှုနိဗ္ဗာန်ကို၊ နိရောဓသစ္စာဟု ဟောတော်မူ၏။ ဤသစ္စာအချက်သဘောနက်ကို မြင်ရမှုက တထပ်တလွှာ၊ ဤသို့ ဃာနပေါက်၌ ငါးထပ်ငါးလွှာကို သတိပဋ္ဌာန်ပြု၍ သတိသမ္ဗောဇ္ဈင်ကို ပွားကြရာ၏။

ခန္ဓာအိမ်ပေါ်၌ ဇိဝှါဝတ္ထုခေါ်သော ဥတုဇ ဓါတ်ရှစ်ပါးက တထပ်တလွှာ ဇိဝှါ အကြည်ခေါ်သော ကမ္မဇဓါတ် တပါးက တထပ်တလွှာ၊ ဤဇိဝှါအကြည်ပေါ်၌ အရသာ တိုက်တိုင်း တိုက်

တိုင်း တေဇောမီးဖြစ်၍လောင် လောင်တိုင်းဖေါက်ပြန်၊ ဖေါက်ပြန်တိုင်းခံစား ခံစားတိုင်းမှတ်၊ မှတ်တိုင်းပုံပြင် ပုံပြင်တိုင်းသိ၊ သိပြီးငါးသဘော အစုံပျက်၊ ပျက်တိုင်း ပျက်တိုင်း လက္ခာရေးသုံးပါးပြည့်စုံ၊ ဤငါးသဘော ပေါ်တိုင်း ဖြစ်တိုင်း အဝိဇ္ဇာဖုံးလျှင် တဏှာနှင့် တကွ ရာဂသားဖွား ရာဂ သားဖွားတိုင်း ရာဂမီးလောင် ရာဂ မီးလောင်တိုင်း ဆင်းရဲ၊ ဤဆင်းရဲကို ဒုက္ခသစ္စာဟုဟော၏။ ရာဂသား ရာဂမီးလောင်မှု ဖြစ်ကြောင်းတဏှာကို သမုဒယသစ္စာဟု ဟောတော်မူ၏။ ဓါတ်လေးပါးမှဖြစ်သော အရသာကိုက် အမြင်မှန် သမ္မာဒိဋ္ဌိမဂ္ဂင်ကို မဂ္ဂသစ္စာဟု ဟောတော်မူ၏။ ဤအမြင်မှန်ကြောင့် ရာဂသားမဖြစ်မှု၊ ရာဂမီးမလောင်မှု ရာဂမီးချုပ်မှု ငြိမ်းမှု နိဗ္ဗာန်ကို နိရောဓသစ္စာဟု ဟောတော်မူ၏။ ဤသစ္စာအချက် သဘောနက်ကို မြင်ရမှုက တထပ်တလွှာ ဤသို့ဇီဝှါပေါက်၍။ ငါးထပ်ငါးလွှာကို သတိပဋ္ဌာန်ပုံ၍ သတိသမ္ဗောဇ္ဈင်ကို ပွားကြရာ၏။

ခန္ဓာအိမ်ပေါ်၌ ကာယဝတ္ထုခေါ်သော ဥတုဇ ဓါတ်ရှစ်ပါးက တထပ်တလွှာ၊ ကာယအကြည်ခေါ်သော ကမ္မဇဓါတ် တပါးက တထပ်တလွှာ၊ ဤကာယအကြည်ပေါ်၌ အတွေ့တိုက်တိုင်း တိုက်တိုင်း တေဇောမီးဖြစ်၍ လောင်လောင်တိုင်းဖေါက်ပြန် ဖေါက်ပြန်တိုင်းခံစား ခံစားတိုင်းမှတ် မှတ်တိုင်းပုံပြင်၊ ပုံပြင်တိုင်းသိ သိပြီးငါးသဘောအစုံပျက်၊ ပျက်တိုင်း ပျက်တိုင်း လက္ခဏာရေးသုံးပါးပြည့်စုံ ဤငါးသဘောပေါ်တိုင်း ဖြစ်တိုင်း အဝိဇ္ဇာဖုံးလျှင် တဏှာနှင့်တကွ ရာဂသားဖွား ရာဂသားဖွားတိုင်း ရာဂမီးလောင်၊ ရာဂမီးလောင်တိုင်းဆင်းရဲ၊ ဤဆင်းရဲကို ဒုက္ခသစ္စာဟု ဟောတော်မူ၏။

ရာဂသား ရာဂမီးလောင်မှု ဖြစ်ကြောင်းတဏှာကို၊ သမုဒယ သစ္စာဟု ဟောတော်မူ၏။

ဓါတ်လေးပါးမှုဖြစ်သော အတွေ့တိုက် အမြင်မှန် သမ္မာဒိဋ္ဌိ မဂ္ဂင်ကို မဂ္ဂသစ္စာဟု ဟောတော်မူ၏။ ဤအမြင်မှန်ကြောင့် ရာဂ သားမဖြစ်မှု ရာဂမီးမလောင်မှု ရာဂမီးချုပ်မှု ငြိမ်းမှု၊ နိဗ္ဗာန်ကို နိရောဓသစ္စာဟု ဟောတော်မူ၏။ ဤသစ္စာ အချက်သဘောနက်ကို မြင်ရမှုက တထပ်တလ္လာ၊ ဤသို့ကာယပေါက်၌ ငါးထပ်ငါးလ္လာ ကို သတိပဋ္ဌာန်ပွါး၍ သတိသမ္ဗောဇ္ဈင်ကို ပွားကြရာ၏။

ခန္ဓာအိမ်တွင်း၌ ဟဒယဝတ္ထုခေါ်သော ဥတုဇ ဓါတ်ရှစ်ပါး က တထပ်တလ္လာ၊ မနောအကြည်ခေါ်သော ကမ္မဇ ဓါတ်တပါးက တထပ်တလ္လာ ဤမနော အကြည်ပေါ်၌ ဓမ္မဓါတ် တိုက်တိုင်း တိုက်တိုင်း တေဇောမီးဖြစ်၍လောင် လောင်တိုင်း ဖေါက်ပြန် ဖေါက်ပြန်တိုင်း ခံစား ခံစားတိုင်းမှတ် မှတ်တိုင်းပြုပြင် ပြုပြင် တိုင်းသိ သိပြီး ငါးသဘောအစုံပျက် ပျက်တိုင်းပျက်တိုင်း လက္ခ ဏာရေးသုံးပါးပြည့်စုံ ဤငါးသဘောပေါ်တိုင်း ဖြစ်တိုင်း အဝိဇ္ဇာ ဖုံးလျှင် တဏှာနှင့်တကွ ရာဂသားဖွား ရာဂသားဖွားတိုင်း ရာဂ မီးလောင် ရာဂမီးလောင်တိုင်း ဆင်းရဲ ဤဆင်းရဲကို ဒုက္ခ သစ္စာဟု ဟောတော်မူ၏၊ ရာဂသား ရာဂမီးလောင်မှုဖြစ်ကြောင်း တဏှာကို၊ သမုဒယသစ္စာဟု ဟောတော်မူ၏။ ဓါတ်လေးပါးမှုဖြစ် သော ဓမ္မဓါတ်တိုက် အမြင်မှန်သမ္မာဒိဋ္ဌိမဂ္ဂင်ကို မဂ္ဂသစ္စာဟု ဟော တော်မူ၏၊ ဤအမြင်မှန်ကြောင့် ရာဂသားမဖြစ်မှု၊ ရာဂမီးမလောင် မှု၊ ရာဂမီးချုပ်မှု၊ ငြိမ်းမှုနိဗ္ဗာန်ကိုနိရောဓသစ္စာဟု ဟောတော် မူ၏၊ ဤသစ္စာအချက် သဘောနက်ကိုမြင်ရမှုက တထပ်တလ္လာ၊

ဤသို့မနေသောပေါက်၌ ငါးလပ်ငါးလွှာကို သတိပဋ္ဌာန်ပြု၍၊ သတိ သမ္ပဇ္ဇာဉ်ကို ပွားကြရာ၏။

ဤသို့ခန္ဓာအိမ်၌ ငါးလပ်ငါးလွှာ ငါးသဘောကို အတိအကျ သိမြင်ကြလျှင်၊ သတိပညာထက်ကြပ်ပါ၍၊ ဝိဇ္ဇာဉာဏ်ပေါက် ပြီဟု မှတ်ပါယူပါ။ အဝိဇ္ဇာကို တော်လှန် နိုင်ပြီဟုလည်း မှတ်ပါ ယူပါ။

(ပဋ္ဌာန်းနှင့် ဝိဘင်းအလို မှန်လွဲရှုနည်း)

လူကိုမမြင်၊ အဆင်းမြင်၊ သမ္မာမြင်ဟုမှတ်။
အဆင်းမမြင်၊ လူကိုမြင်၊ မိစ္ဆာမြင်ဟုမှတ်။
ဆဲတာမကြား၊ အသံကြား၊ သမ္မာကြားဟုမှတ်။
အသံမကြား၊ ဆဲတာကြား၊ မိစ္ဆာကြားဟုမှတ်။
ပုတ်—မွှေး—နံ၊ အနံ့နံ၊ သမ္မာနံဟုမှတ်။
အနံ့မနံ၊ ပုတ်—မွှေးနံ၊ မိစ္ဆာနံဟုမှတ်။
ဟင်းလျှာမလျက်၊ ရသာလျက်၊ သမ္မာလျက်ဟုမှတ်။
ရသာမလျက်၊ ဟင်းလျှာလျက်၊ မိစ္ဆာလျက်ဟုမှတ်။
လူကိုမတွေ့၊ ဓါတ်ကိုတွေ့၊ သမ္မာတွေ့ဟုမှတ်။
ဓါတ်ကိုမတွေ့၊ လူကိုတွေ့၊ မိစ္ဆာတွေ့ဟုမှတ်။
ပုဂ္ဂိုလ်တိုက်မကြံ၊ ဓမ္မတိုက်ကြံ၊ သမ္မာကြံဟုမှတ်။
ဓမ္မတိုက်မကြံ၊ ပုဂ္ဂိုလ်တိုက်ကြံ၊ မိစ္ဆာကြံဟုမှတ်။

(မှန်လွဲနှစ်ခုရှုနည်းပြီး၏)

ဓါတ်လေးပါးမှ ဖြစ်သော အဆင်း တိုက်တိုင်း တိုက်တိုင်း အဆင်းကို အာရုံယူသော ဝိညာဏ်ပေါ်၏၊ ဤဝိညာဏ်ပေါ်တိုင်း

ဝေါဟာရ အခေါ် အသုံးအတိုင်း၊ လူဟူ၍ရှင်း၊ မိန်းမဟူ၍ရှင်း၊ ယောကျ်ားဟူ၍ရှင်း စသည်ဖြင့်၊ သညာအမှတ် နာမ်တရားတွေ စီတန်း၍ပေါ်၏၊ ဤသို့သညာ နာမ်တရားတွေစီတန်း၍ ပေါ်တာ ကတခြား၊ အဆင်းတရားနှင့် စက္ခု ဝိညာဏ် ပေါ်တာက တခြား ဖြစ်၏ဟု ပညာကဝေဘန် ညာဏ်က ထိုးထွင်း သတိက အစဉ် စောင့်၊ ဖြောင့်မှန်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နိုင်၏၊ ဤသို့သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်မှ၊ သစ္စာနု လောမိကညာဏ်၊ သစ္စာညာဏ်တို့ ပြည့်စုံ၍ မဂ်ကိစ္စ ဖိုလ်ကိစ္စတို့ပြီးနိုင်သည်ဟု မှတ်ပါယူပါ။ ။

ဓါတ်လေးပါးမှဖြစ်သော၊ အသံတိုက်တိုင်း တိုက်တိုင်း အသံ ကို အာရုံယူသော၊ သောတ ဝိညာဏ်ပေါ်၏၊ ဤဝိညာဏ်ပေါ် တိုင်း၊ ဝေါဟာရ အခေါ် အသုံးအတိုင်း ဆဲသည့် ဆိုသည် ခေါ် သည် ပြောသည် စသည်ဖြင့်၊ သညာအမှတ်နာမ်တရားတွေစီတန်း ၍ ပေါ်၏၊ ဤသို့ သညာနာမ်တရားတွေ စီတန်း၍ ပေါ်တာက တခြား၊ အသံနှင့် သောတဝိညာဏ်ပေါ်တာကတခြား ဖြစ်၏ဟု ပညာကဝေဘန် ညာဏ်က ထိုးထွင်း သတိက အစဉ်စောင့် ဖြောင့် မှန်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နိုင်၏၊ ဤသို့သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်မှ သစ္စာ နု လောမိကညာဏ် သစ္စာညာဏ်တို့ပြည့်စုံ၍၊ မဂ်ကိစ္စဖိုလ်ကိစ္စတို့ ပြီးနိုင်သည်ဟု မှတ်ပါယူပါ။

ဓါတ်လေးပါးမှဖြစ်သော၊ အနံ့တိုက်တိုင်း တိုက်တိုင်း၊အနံ့ကို အာရုံယူသော ဃာနဝိညာဏ်ပေါ်၏၊ ဤဝိညာဏ်ပေါ်တိုင်း ဝေါ ဟာရ အခေါ်အသုံးအတိုင်း၊ လူကပုတ်သည်၊ ခွေးကပုတ်သည်၊ ချီးကပုတ်သည်၊ သေးကပုတ်သည်၊ ပန်းကမွှေးသည် နံ့သာကမွှေး သည်၊ စသည်ဖြင့်၊ သညာအမှတ်နာမ်တရားတွေစီတန်း၍ ပေါ်၏၊ ဤသို့ သညာနာမ်တရားတွေ စီတန်း၍ ပေါ်တာက တခြား၊ အနံ့

နှင့် ဃာနဝိညာဏ်ပေါ်တာကတခြားဖြစ်၏ဟု ပညာကဝေဘန်၊ ညာဏ်ကထိုးထွင်း၊ သတိကအစဉ်စောင့်၊ဖြောင့်မှန်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နိုင်၏၊ ဤသို့သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်မှ သစ္စာနုံ လောမိကညာဏ် သစ္စာညာဏ်တို့ပြည့်စုံ၍၊ မဂ်ကိစ္စ ဖိုလ်ကိစ္စတို့ပြီးနိုင်သည်ဟု မှတ်ပါယူပါ။

ဓါတ်လေးပါးမှဖြစ်သော အရသာတိုက်တိုင်း တိုက်တိုင်း အရသာကို အာရုံယူသော ဇိဝှါဝိညာဏ်ပေါ်၏၊ ဤဝိညာဏ်ပေါ်တိုင်း ဝေါဟာရအခေါ် အသုံးဖြစ်သော ကြက်သား၊ ဝက်သား၊ နွားသား၊ ငါး ကောင်းသည် မကောင်းသည် စသည်ဖြင့် သညာအမှတ် နာမ်တရားတွေစီတန်း၍ပေါ်၏၊ ဤသို့သညာ နာမ်တရားတွေ စီတန်း၍ပေါ်တာကတခြား၊ အရသာနှင့် ဇိဝှါဝိညာဏ်ပေါ်တာကတခြားဖြစ်၏ဟု ပညာက ဝေဘန်၊ ညာဏ်ကထိုးထွင်း၊ သတိကအစဉ်စောင့် ဖြောင့်မှန်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နိုင်၏။ဤသို့ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်မှ သစ္စာနုလောမိကညာဏ် သစ္စာညာဏ်တို့ ပြည့်စုံ၍၊ မဂ်ကိစ္စဖိုလ်ကိစ္စတို့ ပြီးနိုင်သည်ဟု မှတ်ပါယူပါ။

ဓါတ်လေးပါးမှ ဖြစ်သော ဖေါဋ္ဌဗ္ဗ တိုက်တိုင်း တိုက်တိုင်း အတွေ့ကို အာရုံယူသော ကာယ ဝိညာဏ်ပေါ်၏၊ ဤဝိညာဏ်ပေါ်တိုင်း ဝေါဟာရ အခေါ်အသုံးဖြစ်သော လူနှင့် တွေ့ထိသည်။ အဝတ်ပုဆိုး အင်္ကျီ အိပ်ရာ နေရာနှင့် တွေ့ထိသည်။ စသည်ဖြင့် သညာအမှတ် နာမ်တရားတွေ စီတန်း၍ပေါ်၏။ဤသို့ သညာအမှတ် နာမ်တရားတွေ စီတန်း၍ ပေါ်တာက တခြား။ အတွေ့အထိနှင့် ကာယဝိညာဏ်ပေါ်တာက တခြားဖြစ်၏ဟု ပညာကဝေဘန် ညာဏ်ကထိုးထွင်း၊ သတိက အစဉ်စောင့် ဖြောင့်မှန်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်နိုင်၏။ ဤသို့ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်မှ သစ္စာနု

လောမိကညာဏ် **သစ္စာ**ညာဏ်တို့ပြည့်စုံ၍ မဂ်ကိစ္စဖိုလ်ကိစ္စတို့ပြီးနိုင်သည်ဟု မှတ်ပါ ယူပါ။

ဓါတ်လေးပါးမှဖြစ်သော ဓမ္မဓါတ် တိုက်တိုင်း တိုက်တိုင်း အဟောင်းတရားကို အာရုံယူသောမနော ဝိညာဏ်ပေါ်၏။ ဤ ဝိညာဏ်ပေါ်တိုင်း ဝေါဟာရ အခေါ်အသုံးဖြစ်သော သေသူ ရှင်သူ ကွဲသူ ပျောက်သော ပစ္စည်းဝတ္ထု စသည်ဖြင့်သညာအမှတ် နာမ်တရားတွေစီတန်း၍ပေါ်၏။ ဤသို့ သညာအမှတ် နာမ်တရား တွေစီတန်း၍ ပေါ်တာကတခြား၊ အဟောင်းတရားနှင့် မနော ဝိညာဏ် ပေါ်တာက တခြားဖြစ်၏ဟု ပညာက ဝေဘန် ညာဏ် ကတိုးထွင်း သတိက အစဉ်စောင့် ဖြောင့်မှန်သော သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်နိုင်၏။ ဤသို့ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်မှ သစ္စာနု လောမိကညာဏ် သစ္စာညာဏ်တို့ပြည့်စုံ၍မဂ်ကိစ္စ ဖိုလ်ကိစ္စတို့ ပြီးနိုင်သည်ဟု မှတ်ပါ ယူပါ။

ယခုပြသော တရားအစဉ်၌ သဘာဝကိုပိုင်းခြား၍ ပညာ ညာဏ်ဖြင့် သိမြင်လိမ္မာကြလျှင် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ အစရှိ သော မိစ္ဆာဒိဋ္ဌိ အယူတို့သည် ဘယ်သောအခါမှ မဖြစ်နိုင်တော့ ပေ။ ဤတရားတို့ကို သိမြင်လိမ္မာယုံမျှနှင့် မိစ္ဆာဒိဋ္ဌိ မပြုတ်နိုင်။ အရိယာမဖြစ်နိုင်သေးဟု ပြောဆိုသောစိတ်သည် မဖြူ မဖြောင့် အကောက်ညာဏ် ယှဉ်သောစိတ်ဟု မှတ်ပါ ယူပါ။

**ဓါတ်ရုပ်နာမ် အစုံအစုံ ဖြစ်ပုံတို့ကို ပြပြီး၍ ယခုအခါ နာမ်သက်သက်** ပေါ်ပုံတို့ကို ပြပေအံ့။ ဝေဒနာ နာမ်သည် ပစ္စုပ္ပန် ဖြစ်လာ ပေါ်လာသမျှ တရားတို့ကို အကုန်အစဉ်ခံစား တတ်၏။ အကောင်းအဆိုး ချမ်းသာဆင်းရဲ မလုပ်တတ် လျစ်လျူ ဥပေက္ခာလည်း မပြုတတ် ခံစားယုံ သက်သက်မျှသာ ဖြစ်၏။

ထို့အတူ သညာနာမ်သည်လည်း ပစ္စုပ္ပန် ဖြစ်လာ ပေါ်လာသမျှ တရားတို့ကို အကုန်အစဉ် မှတ်တတ်၏။ အကောင်းအဆိုး ချမ်းသာ ဆင်းရဲမလုပ်တတ် လျစ်လျူ ဥပေက္ခာလည်း မပြုတတ် မှတ်ယုံသက်သက်မျှသာ ဖြစ်၏။

ထို့အတူ စေတနာနာမ်သည်လည်း ပစ္စုပ္ပန်ဖြစ်လာပေါ်လာသမျှတရားတို့ကို အကုန်အစဉ် စေ့ဆော် တိုက်တွန်းတတ်၏။ အမှုကိစ္စဟူသရွေ့ကို ပြီးအောင် ဆောင်ရွက်တတ်၏။

ဒါကြောင့် စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ စေတနာ စေတနာသည်သာလျှင် ကမ္မံ အမှုသစ်ကိစ္စအဝဝကို ဆောင်ရွက်တတ် ပြုပြင်တတ် လှုံ့ဆော် တိုက်တွန်းတတ်သော တရားဟူ၍ အဟံ ငါဘုရားသည် ဝဒါမိ ဟောတော်မူ၏။

ဤစေတနာကံသည် အမှုဆောင်ကံသာဖြစ်၏၊ မျိုးစေ့ကံ မဟုတ်ပေ။ဤနေရာ၌အထူးမှတ်ဘို့ကား စေတနာကံသည် ပစ္စုပ္ပန်၌ အနိစ္စဓါတ်ဖြစ်၍ ပျက်၏။ မျိုးစေ့ကံသည် နိယာမဖြစ်၍ အစဉ်လိုက်၍ အကျိုးပေး၏။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဝိဇ္ဇာစရဏ သမ္ပန္နောဟု ဟောတော်မူ၏။

စေတနာ ပစ္စယာ သင်္ခါရာ စေတနာစရဏ သမ္ပန္နောဟု မဟောပေ။ ဒါကြောင့် မျိုးစေ့ ကံ တခြားအမှုဆောင် ကံ တခြားဟု ဆရာဆို၏။ စေတနာ ကံသည် အနိစ္စမျိုးဟု သိရာ၏။ မျိုးစေ့ကံသည် နိယာမမျိုးဟု သိရာ၏။ (ဝါ)ထာဝရ အစဉ်လိုက်သော မျိုးဟု သိရာ၏၊ စေတနာ ကံသည်ပစ္စုပ္ပန်ဆဲဆဲသာ

အသုံးပြုနိုင် အသုံးချနိုင်၏။ အနာဂါတ် ကာလသို့ မလိုက်ဟု မှတ်ယူရာ၏။

ထို့အတူ ဝိညာဏ် နာမ်တရားသည် အာရုံကို သိယုံသာ သိတတ်၏။ မကြံစည်တတ် ကြံစည်တာသည် ဝိတက် စေတသိက် ဖြစ်၏။ ဝီထိစိတ်နှင့် ဝိတက် စေတသိက်သည် အမြဲတန်း ယှဉ်တာကများ၏။ ဝိတက်မယှဉ်လျှင် အသိ သက်သက်သာ ဖြစ်၏။ ဒါကြောင့် ဝိဇာနန ဘာဝေ ဝိညာဏောဟု ပါဠိတော်မှာ လာ၏။ သိခြင်း အနက်ကိုသာ ဆို၏။ လောကအသုံးမှာ စိတ်က ကြံစည်သည်ဟု သုံးကြ၏၊ သုံးသော်လည်း မဟုတ်ပေ။

ဒါကြောင့် ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ နာမရူပေ ပရိညာတေ အရိယ သာဝကဿ နတ္ထိ၊ ကိဉ္စိ ဥတ္တရိ ကရဏီ ယန္တိ ဝဒါမိဟု ဟောတော်မူ၏။

ဝိညာဏ်ကို တိတိကျကျ သိမြင်လျှင် နာမ်ရုပ်ကို သိ၏။ နာမ်ရုပ်ကိုသိလျှင် ငါ၏ တပည့်သား များမှာ ဘာမှပြုဘွယ် လုပ်ဘွယ် အားထုတ်ဘွယ် မရှိဟု ဟောတော်မူ၏။ ဤသို့ ဘုရားဟောကို ယုံကြည်လျှင် ဘယ်သူ အလုပ်ရှိ မရှိကို အပြစ်ဆိုဘို့မလို အပြစ်ဆိုလျှင် မိမိ၏ စိတ်မှာ အညစ်အကြေး ကိလေသာ ဖြစ်တော့၏။

သညံ ပရိညာ ဝိတရေယျဩဃံ ဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကိုလည်း သိမြင်လိမ္မာကြလေ။

လူမဟုတ်သော ဝိညာဏ်ကို သိလျှင် ပြီး၏။ လူမဟုတ်သော နာမ်ရုပ်ကို သိလျှင်လည်း ပြီး၏။ ပြီးကြောင်းကို ဘုရားက ဟော၏။ ဘုရားဟောကို မယုံလျှင် မယုံသူ၏ တာဝန်သာ ဖြစ်၏။ မိမိ၏ တာဝန်ကို မိမိသိလျှင် လိမ္မာပြီဟု မှတ်။

ယခုရေးပြခဲ့သော ရုပ်နာမ် တရား တို့ကို ခန္ဓဝဂ္ဂ သံယုတ်

ပါဠိတော်မှာ ရူပတိတ်ခေါ် ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ဝေဒ ယတီတိခေါ် ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။ သံဇာနာ တီတိ ခေါ် ဘိက္ခဝေ တသ္မာ သညာတိ ဝုစ္စတိ။ သင်္ခတ မတိ သင်္ခရေန္တီတိ ခေါ် ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဝုစ္စတိ။ ဝိဇာနာတီတိခေါ် ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိဟူ၍ ဟောတော်မူ၏။

မြန်မာပြန်ကား ဘိက္ခုဝေ ချစ်သားတို့ ဣတိခေါ် ဤသို့လျှင် ရူပတိ အအေးအပူကြောင့် ဖေါက် ပြန်တတ်၏။ တသ္မာ ထို့ကြောင့် ရူပန္တိ ရုပ်ဟူ၍ ဝုစ္စတိ ဆိုအပ် ဆိုထိုက်၏။

ဘိက္ခဝေ ချစ်သားတို့ ဣတိခေါ် ဤသို့လျှင် ဝေဒယတိ ခံစားတတ်၏။ တသ္မာ ထို့ကြောင့် ဝေဒနာတိ ဝေဒနာ ဟူ၍ ဝုစ္စတိ ဆိုအပ် ဆိုထိုက်၏။

ဘိက္ခဝေ ချစ်သားတို့ ဣတိခေါ် ဤသို့လျှင် သံဇာနာတိ အဟောင်းအသစ် မှတ်တတ်၏။ တသ္မာ ထို့ကြောင့် သညာတိ သညာဟူ၍ ဝုစ္စတိ ဆိုအပ် ဆိုထိုက်၏။

ဘိက္ခဝေ ချစ်သားတို့ ဣတိခေါ် ဤသို့လျှင် သင်္ခတံ သင်္ခတ တရားကို အဘိသင်္ခရောန္တိ လွန်စွာ ပြုပြင်တတ်၏။ (ဝါ) လုံ့ဆော် တိုက်တွန်းတတ်ကုန်၏။ တသ္မာ ထို့ကြောင့် သင်္ခါရာတိ သင်္ခါရ ဟူ၍ ဝုစ္စတိ ဆိုအပ်ဆိုထိုက်၏။

ဘိက္ခဝေ ချစ်သားတို့ ဤတိခေါ် ဤသို့လျှင် ဝိဇာနာတိ သိ တတ်၏။ တသ္မာ ထို့ကြောင့် ဝိညာဏန္တိ ဝိညာဏ် ဟူ၍ ဝုစ္စတိ ဆိုအပ် ဆိုထိုက်၏။

ဖေါက်ပြန်တဲ့ သဘော၊ ခံစားတဲ့သဘော၊ မှတ်တဲ့သဘောပြုပြင် တဲ့သဘော၊ သိတဲ့သဘော ဤသို့ ငါးသဘော သက်သက်မျှသာဖြစ် ၏၊ ဤငါးသဘောကို ပညာသိ ဉာဏ်သိ သိကြလျှင်ဝတ္ထု နိမိတ်

ပညတ် နိမိတ်ကို လွန်ပြီဟုမှတ်၊ ဝတ္ထု နိမိတ် ပညတ်နိမိတ်တို့ကို မလွန်သေးလျှင်ပညာသိဉာဏ်သိမဟုတ်သေးဟုမှတ်၊ ဝိပ္ပလ္လာသ အသိဟုမှတ်၊ ပညာသိ ဉာဏ်သိသည် အပြစ်ခပ်သိမ်းလွတ်၏၊ ဝိပ္ပလ္လာသ အသိသည် အပြစ်ခပ်သိမ်းမလွတ်ဟုမှတ်၊ လွတ်မလွတ်ကို မိမိဟာမိမိ သိနိုင်၏၊ လွတ်လျှင်ဓမ္မန္တရာယ်မဖြစ်၊ မလွတ်လျှင် ဓမ္မန္တရာယ်ဖြစ်၏၊ ဓမ္မန္တရာယ်ကံဖြစ်လျှင်၊ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ပုညန္တရာယ်တို့အကုန်ဖြစ်ကြကုန်၏ သတိမူပါ။ ။

* * *

ဒါန သဘော၊ ပြုသော ရုပ်နာမ်၊ သုံးပါး ပေါင်းစု၊ ဖြစ်မှုအမှန်။ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

သီလသဘော၊ စောင့်သော ရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်။ အနိစ္စနှင့်၊ ဒုက္ခ ကေန်၊ အနတ္တ၊မှတ်ကြ စေဘို့ရန်။

စိတ္တသဘော၊ တည်သော ရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်။ အနိစ္စနှင့်၊ဒုက္ခကေန်၊ အနတ္တ၊မှတ်ကြ စေဘို့ရန်။

ပညာ သဘော၊ ဝေဘန်ရုပ်နာမ်၊ သုံးပါး ပေါင်းစု၊ဖြစ်မှုအမှန်။ အနိစ္စနှင့် ဒုက္ခကေန် အနတ္တ၊မှတ်ကြ စေဘို့ရန်။

မဂ္ဂသဘော ဖြတ်သော ရုပ်နာမ် သုံးပါး ပေါင်းစု ဖြစ်မှုအမှန်။ အနိစ္စနှင့် ဒုက္ခကေန် အနတ္တ မှတ်ကြစေဘို့ရန်။

ဖလ သဘော အကျိုး ရုပ်နာမ် သုံးပါး ပေါင်းစု ဖြစ်မှုအမှန် အနိစ္စနှင့် ဒုက္ခ ကေန် အနတ္တ မှတ်ကြ စေဘို့ရန်။

နိဗ္ဗာန်သဘော ငြိမ်းသော ရုပ်နာမ် သုံးပါး ပေါင်းစု၊ ချုပ်မှုအမှန်၊ ဝိမုတ္တိနှင့်သုခကေန်၊ အနတ္တ၊မှတ်ကြစေဘို့ရန်။

ယောဂီ အများ၊ ညာဏ်အား ဝေဘန် နိဗ္ဗာန် လမ်းဖြောင့်တန်း စေဘို့ရန်။

## မီး(၁၁)ပါးလက္ခဏာရေးရှုပုံ။

ဆင်းရဲ သဘော ဇာတိရုပ်နာမ် သုံးပါး ပေါင်းစု ဖြစ်မှု အမှန် အနိစ္စနှင့်ဒုက္ခ ကေန် အနတ္တ မှတ်ကြစေဘို့ရန်။

ဆင်းရဲသဘော ဇရာရုပ်နာမ် သုံးပါးပေါင်းစုဖြစ်မှုအမှန်အနိစ္စနှင့် ဒုက္ခကေန် အနတ္တ မှတ်ကြစေဘို့ရန်။

ဆင်းရဲသဘော ဗျာဓိ ရုပ်နာမ် သုံးပါး ပေါင်းစု ဖြစ်မှု အမှန် အနိစ္စနှင့် ဒုက္ခကေန် အနတ္တ မှတ်ကြစေဘို့ရန်။

ဆင်းရဲသဘော မရဏရုပ်နာမ် သုံးပါးပေါင်းစု ဖြစ်မှု အမှန်။ အနိစ္စနှင့် ဒုက္ခကေန် အနတ္တ မှတ်ကြစေဘို့ရန်။

စိုးရိမ်သဘော သောကရုပ်နာမ် သုံးပါး ပေါင်းစုဖြစ်မှုအမှန် အနိစ္စနှင့်ဒုက္ခကေန်အနတ္တမှတ်ကြစေဘို့ရန်။

ငိုကြွေးသဘော ပရိဒေဝ ရုပ်နာမ် သုံးပါးပေါင်းစု ဖြစ်မှု အမှန်။အနိစ္စနှင့် ဒုက္ခကေန် အနတ္တ မှတ်ကြစေဘို့ရန်၊

ဆင်းရဲသဘော ဒုက္ခ ရုပ်နာမ် သုံးပါး ပေါင်းစု ဖြစ်မှု အမှန်။ အနိစ္စနှင့် ဒုက္ခကေန် အနတ္တ မှတ်ကြစေဘို့ရန်။

ခက်ထန်သဘော၊ ဒေါမနဿရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊မှတ်ကြစေဘို့ရန်။

ပူပန်သဘော၊ ဥပါယာသရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

ပီယသဘော၊ ကွေကွင်းရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှု အမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

အပီယသဘော၊ ပေါင်းသင်းရုပ်နာမ်၊ သုံးပါးပေါင်းစု၊ ဖြစ်မှုအမှန်၊ အနိစ္စနှင့်၊ ဒုက္ခကေန်၊ အနတ္တ၊ မှတ်ကြစေဘို့ရန်။

ယောဂီအများ၊ ဉာဏ်အားဝေဘန်၊ မဂ္ဂင်လမ်း၊ ဖြောင့်တန်းစေဘို့ရန်။

**မီး(၁၁)ပါး လက္ခဏာရေးရှုပုံပြီး၏**

နိဂုံး

ဓမ္မမေဃန ဝဿန္တေ၊ သဗ္ဗေဟောန္တု အနာသဝါ
ယေတ္ထပဉ္စမကာသတ္တာ၊ သောတာပန္နာ ဘဝန္တုတေ။

ဓမ္မမေဃန၊ လောကမိုးထက်၊ ဆထက်တံပိုး မကတိုး၍၊ အမျိုးမျိုးအေးမြစေတတ်သော တရားတည်းဟူသော မိုးတော်ကြီးဖြင့် ဝါ၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်း စေတတ်သော တရားတည်းဟူသော မိုးတော်ကြီးကို။ ဝဿန္တေ၊ သွန်းဖြိုးရွာချ ဟောပြလိုက်သည်ရှိသော်၊ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော၊ တရားနာလာ များဗိုလ်ပါတို့သည်။ အနာသဝါ၊ အာသဝေါလေးဖြာ၊ ကင်းကုန်ကွာ၍၊ ရဟန္တာအပြီး ပုဂ္ဂိုလ်ကြီးတို့သည်၊ ဟောန္တု၊ တရားနာရင်း ဉာဏ်မြင်လင်း၍၊ ချက်ခြင်းမကြာ ဘဝမကွာဖြစ်ကြပါစေကုန်သဟည်း၊ ဝါ၊ ကိလေသာမီးငြိမ်းမှု ခန္ဓာမီးငြိမ်းမှု နိဗ္ဗာန ဓါတ်ကြီးတွေ့ဖြစ်ကြပါစေကုန်သတည်း။ ဧတ္ထ၊ ဤတရားနာလာ များဗိုလ်ပါတို့သည်။ ပဉ္စမကာ၊ ဂုဏ်အားဖြင့် အယုတ်

ဆိုး အောက်ဆိုးနောက်ဆိုး ဖြစ်ကြလေကုန်၏။ ဝါ၊ ညာဏ်အားဖြင့်၊ အယုတ်ဆိုး အောက်ဆိုး နောက်ဆိုး ဖြစ်ကြလေကုန်၏။ တေသတ္တာ၊ ထိုဂုဏ်အားညာဏ်အားဖြင့်၊ အယုတ်ဆိုး အောက်ဆိုး နောက်ဆိုး ဖြစ်ကြကုန်သော သတ္တဝါတို့သည်၊ သောတာပန္နာ၊ သာသနာ အယူနှင့် ဆန့်ကျင်ဘက်ဖြစ်တော၊ ဒိဋ္ဌိဝိစိ၊ ပယ်နိုင်ဘိ၍၊ မရှိပယ် ရွှာ၊ ရှင်းရှင်းကွာသည့် စူဠမဟာ၊ သောတာပန်အပြီး၊ ပုဂ္ဂိုလ်ကြီး တို့သည်၊ ဘဝန္တု၊ တရားနာရင်း၊ ညာဏ်မြင်လင်း၍၊ ချက်ခြင်း မကြာ၊ ဘဝမကွာ၊ မဟာ သောတာပန်ကြီးတွေ ဖြစ်ကြပါစေ ကုန်သတည်း။

-*(စိရံ တိဋ္ဌတု သဒ္ဓမ္မော)*-

သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ သွားရာ လမ်းကြောင်း တရား ကောင်းသည်၊ စိရံ၊ ကြာမြင့်စွာ၊ တိဋ္ဌတု၊ တည်ပါစေသတည်း။ ။

(တရားသင်တန်း ယောဂီလမ်း ဤတွင်ပြီး၏)

## ဥယျောဇနကထာ

ဓမ္မစရ ယောဂိမဂ္ဂံ၊ လိခိဿံ မေတ္တာစရိယော။
ဓမ္မရသံ ဂဝေသန္တာ၊ သမ္မာပဿန္တု သာဓဝေါ။

အာစရိယော၊ ဝိပဿနာအလင်းပြ ကျေးဇူးရှင် ဆရာတော် ဦးဝါသဝသည်၊ မေတ္တာ စိတ္တေန၊ ပညာကဝိ ညာဏ်မြင်သိလျက် မိမိသူတပါး အတူထား၍ သနားယိုဖိတ် ကြည်လင်သော မေတ္တာစိတ်ဖြင့် လိခိဿံ၊ ဗုဒ္ဓမြတ်စွာ ဒေသနာကို ပညာ ညာဏ်မြင်သဘောထွင်၍ စီရင်ရေးသားတော်မူအပ်သော ဓမ္မစရ ယောဂိမဂ္ဂံ၊ ရဟန်းရှင်လူ မည်သူမဆို ပုဂ္ဂိုလ် များစွာ သိလိုပါက သဒ္ဓါစိတ်ကောင်း ပညာပေါင်းလျက် မဂ်ဖိုလ်နိဗ္ဗာန် သိစေရန်ဟု ညာဏ်မြင်တရား အဓိကထား၍ ပိုင်းခြားဝေဘန် သန္ဒိဋ္ဌိက ဧကန္တဖြင့် သိကြစေရာ **သာသနာတော်၏ သဘာဝကိုပြသော တရားကျင့်တန်း ယောဂီလမ်းကို** သမ္မာ၊ ညာဏ်မြင်သဘော သဒ္ဓါနှော၍ လျက် မနောဖြူဓါတ် ကောင်းမြတ် မှန်ကန်စွာ ဓမ္မရသံ၊ ရာဂဒေါသ မောဟာကင်းကွာ အရိယာတို့ လွန်စွာလေးမြတ် နှစ်သက်အပ်သည့် ပရမတ်ညာဏ်မြင် သမ္ဗောဇ္ဈင်နှင့် ဖြူစင်သီလ သဒ္ဓါကြည်လျက် မဂ်ဖိုလ်ဝိဇ္ဇာ နိဗ္ဗူတာဟု မြတ်စွာဘုရား ထင်ရှားဟောဖော် တရားတော်၏အရသာကို ဂဝေသန္တာ၊ မဂ္ဂင်တရား အမြတ်

ထား၍ ပိုင်းခြားမြင်ရေး ရှုမြှော်တွေးလျက် ဝင့်ဘေး ကင်းရာ နိဗ္ဗုတာခမ္မ အနတ္တကို မရလျှင်မနေ ဝါယမေဟု စိတ္တေ ဆန္ဒ အာသီသဖြင့် ရှာဖွေကြကုန်သော သာဓဝေါ၊ သံယောဇဉ်ကြိုး အမျိုးမျိုးကို ဖျက်ချိုးနိုင်ရန် စိတ်အကြံနှင့် ပညာ ဉာဏ်ကူ သတိမူ၍ ဘေးရန်ထူပြော ဒုက္ခတောမှ ဘဝခန္ဓာ လွတ်ကြောင်း ရှာလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်လိုလား သူတော်ကောင်း အများတို့သည် ပဿန္တု၊ မိစ္ဆာပဟာနော ယောနိသောဖြင့် သဘောဖူးစွာ ဤကျမ်းစာကို သေချာစေ့ငု နှလုံးသွင်းပြု၍ သိမှု ပညာ ဝိဇ္ဇာသုဒ္ဓိ ဉာဏ်ပိုင်မိအောင် မဏိအာဒါသကြေးမုံမြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်မသုံ ကြည့်ရှု နိုင်ကြ ပါစေကုန် သတည်း။

**ဦးသုန္ဒရ**
တံခွန်တိုင်အနောက် ကျောင်းတိုက်၊
နတ္တလင်းမြို့—သာယာဝတီခရိုင်။

# နိဂုံး

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ၊
သဒ္ဒေတွဝါယမေယျာသ၊ ခဏောဝေါပဋိပါဒိကော၊

ဘောန္တော၊ အိုသူတော်ကောင်းတို့။ ဝေါ၊ သင်သူတော်ကောင်းတို့သည်။ ခဏံ၊ အရိယသစ္စာ သာသနာမေ့ မြတ်ခဏကို။ မာဝိရာဓေထ၊ ချော်လွန်၍များ မသွားကြစေကုန်လင့်။ ဟိ၊အဘယ်ကြောင့်ဆိုသော်။ ခဏာတီတာ၊ ခဏကိုလွန်ကုန်သော သူတို့သည်။ သောစရေ၊ တောက်ခေါက် နှောင်တ၊ ပူပန် စိုးရိမ် ရကုန်၏။ သဒ္ဒေတွာ၊ ကိုယ်ကျိုး ကိုယ်စီးပွားဌ။ ဝါယမေယျာထ လုံ့လမယုတ် အရအမိကြိုးကုတ်၍ အားထုတ်ကြကုန်ရာ၏။ ဝေါ၊ သင်တို့သည်။ ဝါ သင်တို့အား ခဏော အရိယသစ္စာ .သာသနာမမ္မ မြတ်ခဏသည် ပဋိပါဒိကော၊ ယခုဘဝ ခုခဏ၌ ဆိုက်ရောက် ရရှိကြလေပြီ။

ဤပါဠိတော် တိုက်တွန်းချက်ကို သတိမြဲ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်ပြု၍ ရှုကြရာ၏။ ဘာကြောင့်ဆိုသော် သာသနာတော်၏ အချိန်ကောင်း အခါကောင်းကိုရဆဲ မိမိက မြတ်စွာဘုရားဆိုဆုံးမသော တရား၏သဘောကို သိနိုင်၊ လိမ္မာနိုင်သော ခန္ဓာကိုရဆဲ။ ဤလို အကြောင်းအကျိုး နှစ်ပါးစုံတို့ ပြည့်စုံ လုံလောက်ဗောဓိညာဏ် ပေါက်နိုင်သောအခါကို ကိလေသာကာမဂုဏ် စိတ်အာရုံ ရှင်ပျော်မှုနှင့် မနေကြတော့ဘဲ ငြီးငွေ့သော နိဗ္ဗိန္ဒညာဏ်ဖြစ်၍ ဝိဝေက ဝိရာဂ နိရောဓသို့ ဆိုက်အောင်ပြုလုပ် အားထုတ်ကြပါ။ ဦးကုဏ္ဍလအစရှိသော သူတော်ကောင်းအပေါင်းတို့။

ဤကား တိုက်တွန်းချက် ပါဠိတော်ပေတည်း။

# တရားကျင့်တန်း ယောဂီလမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

တရားကို အားထုတ်လိုသော ယောဂီတို့၏ နာမ်အစဉ် ဉာဏ်အစဉ်မှာ အသင်္ခတနိဗ္ဗာန်သို့ ရောက်ကြောင်း မဂ်အကျင့်ကို ကျင့်လိုသော် ယခုပြသော တရားအစဉ်တိုင်းသာ ကျင့်ကြ၊ လုပ်ကြ၊ အားထုတ်ကြရာ၏။ ကျင့်ပုံ၊ လုပ်ပုံ၊ အားထုတ်ပုံကား မိစ္ဆာဒိဋ္ဌိဖြစ်သော အယူမှား အမြင်မှားကို ပယ်လို ဖြတ်လိုသော် သမ္မာဒိဋ္ဌိဖြစ်သော အယူမှန် အမြင်မှန်ကို ပွားများခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏၊

ဒါကြောင့် သမ္မာဒိဋ္ဌိံ ဘာဝေတိဟု ဟောတော်မူ၏။ ဤပါဠိတော်၏အလိုကိုထပ်၍။

ဣဓဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံဘာဝေတိ။ ဝိဝေက နိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဣဓ ဤငါဘုရား၏ သာသနာတော်၌ ဝါ ငါဘုရား၏အဆုံးအမတော်၌ ဘိက္ခု အောက်သံ

သချာအလယ် သံသရာအထက် သံသရာဟု ဆိုအပ်သော သုခေါတ် သဥ္စဆိတ်သော ဒုက္ခေါတ် ဒုက္ခနယ်မှ ထွက်မြောက်လိုသော ရဟန်းအစရှိသော ယောဂီသည် ဝိဝေကနိဿိတံ ရာဂ ဆိတ်ခြင်း ကိုမှီသော ဝိရာဂ နိဿိတံ ရာဂကင်းခြင်းကိုမှီသော နိရောဓနိဿိတံ ရာဂချုပ်ခြင်းကို မှီသောဝေါဿဂ္ဂပရိဏာမိံ၊ အသင်္ခတ နိဗ္ဗာန် သို့ စိတ်လွှတ်ခြင်းငှာ ညွတ်သော သမ္မာဒိဋ္ဌိံ သမ္မာဒိဋ္ဌိ ညာဏ် ပညာကို ဘာဝေတိ ပွားများ ရှုမှတ်ရာ၏။ ဘိက္ခဝေ ချစ်သားတို့ အယံ ဤသမ္မာဒိဋ္ဌိ ညာဏ်ပညာကို ပွားများ ရှုမှတ်ရခြင်းသည် အသင်္ခတဂါမိမဂ္ဂေါ အသင်္ခတ နိဗ္ဗာန်သို့သွားသော လမ်းဟူ၍ ဝါ မဂ်အကျင့်ဟူ၍ ဝုစ္စတိ ငါဘုရား မိန့်တော်မူ၏။

အယူမှန် အမြင်မှန်ဟုဆိုတာ ဓါတ်အယူမှန် အမြင်မှန် ရုပ်နာမ် အယူမှန် အမြင်မှန် လက္ခဏာ အယူမှန် အမြင်မှန် သစ္စာ အယူမှန် အမြင်မှန် မဂ် အယူမှန် အမြင်မှန် ဖိုလ် အယူမှန် အမြင်မှန် နိဗ္ဗာန် အယူမှန် အမြင်မှန်တို့ကို ဆိုသည်ဟု သိမြင်လိမ့် ကြရာ၏။

ဓါတ်အယူမှန် အမြင်မှန်ပုံကား။ မိမိ၏ ခန္ဓာကို ဓါတ် ခြောက်ပါးနှင့်နူတ် ငါသူယောကျ်ား မိမ္မအသက် ဇီဝသဥ္စဆိတ် ၍ အယူမှား အမြင်မှားတို့လည်း ကွယ်ပျောက်လေတော့၏။ အပါယ်လေးပါးလည်း ကွယ်ပျောက်လေတော့၏။ လူ့ဘုံ နတ် ဘုံ ပြဟ္မာဘုံတို့လည်း ကွယ်ပျောက်လေတော့၏။ လောကသုံးပါး လည်း ကွယ်ပျောက်လေတော့၏။ နေ့ ရက် လ နှစ်ကပ်ကမ္ဘာတို့ လည်း ကွယ်ပျောက်လေတော့၏။နေ လ နက္ခတ်မရှိပကတိသဘော ဓါတ်ခြောက်ပါး ဓါတ်ရှစ်ပါးတို့သည်သာ အမြဲထာဝရ နိယာမ အားဖြင့် ထင်ရှားရှိသည်ကို သိမြင်လိမ့်မှာ၏။ ဤကား သမ္မာဒိဋ္ဌိ

အယူမှန် အမြင်မှန်ပေတည်း။ ရုပ်နာမ် အယူမှန် အမြင်မှန်ပုံကား၊ မိမိ၏ ဓါတ်ခန္ဓာအိမ်ပေါ်မှာ အပူအအေး အဆိပ်စသော မီး၊ ဓါတ်တို့ အမြဲတန်းလောင် ဖေါက်ပြန်မှု ဖေါက်ပြန်ပုံကိုင်း ခံစားမှု မှတ်မှု ပြုပြင်မှု သိမှုတို့ဖြစ်ကြပေါ်ကြကုန်၏၊ ဤသဘောငါးခု အစုံစုံဖြစ်မှုကို၊ သိမြင်လိမ့်မှာတာသည်၊ သမ္မာဒိဋ္ဌိမည်၏၊ ဤသမ္မာဒိဋ္ဌိကို အယူမှန်အမြင်မှန်ဟု ဆိုရ၏။ဤအယူမှန်အမြင်မှန်ကို ရောက်လျှင်၊ အယူမှားအမြင်မှားတို့ ကွယ်ပျောက်ကြကုန်၏။

**လက္ခဏာ အယူမှန် အမြင်မှန် ပုံကား**။ ။ဓါတ်တရားတို့မှာ၊အနိစ္စနှင့်အနတ္တတို့သာ မှတ်ကြောင်းရ၏။ ဒုက္ခ မှတ်ကြောင်း မရ။

ဒါကြောင့်၊ အနိစ္စ သညာနေ၁မေဃိယ အနတ္တ၊ သညာ သဏ္ဌာတိဟု ဟောတော်မူ၏။

ပကတိ ဓါတုံ အနိစ္စံ စသည်ဖြစ်လည်း ဟောတော်မူ၏၊ ဒါကြောင့် ဓါတ်တရားတွေ ပေါ်မှာ ဆင်းရဲချမ်းသာမရှိဟု ဆရာဆို၏၊ ဆိုသည့်အတိုင်းမှန်၏၊ မယုံလျှင် ဆံပင်ခေါ်သောဓါတ်က စ၍၊ ကျင်ငယ်အဆုံးထိအောင် ဆင်းရဲချမ်းသာ ရှာ၍ကြည့်ပါ။ ယုံကြည်မှုသဒ္ဓါ ဖြစ်ပေါ်၍လာပါလိမ့်မည်၊ ဖြစ်မှားမှုကိုစွန့်ပါ။ရုပ်နာမ်နှစ်ပါးမှာ အနိစ္စလည်း ထိုက်၏၊ ဒုက္ခလည်းထိုက်၏၊ အနတ္တလည်းထိုက်၏၊ ဘာကြောင့် လက္ခဏာရေးသုံးပါး ထိုက်သနည်းဟုဆိုသော် ရုပ်နာမ်နှင့် လက္ခဏာရေးသုံးပါးက ခွဲလို့မရ စိတ်လို့မရ၊ ရုပ်နာမ်ဟု ပြောစရာဖြစ်၍လာလျှင်၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောဟု သိမြင်လိမ့်မှာရ၏။ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောဟု ပြောစရာ ဖြစ်၍လာလျှင်၊ ရုပ်နာမ်

ဟု သိမြင်လိမ္မာရာ၏၊ ဤလို သိမြင် လိမ္မာခြင်းကို သမ္မာဒိဋ္ဌိ **အယူမှန်** အမြင်မှန်ဟု သိလေ မြင်လေ။

**သစ္စာအယူမှန်အမြင်မှန်ပုံကား။** ။ စိတ်ကိုဆင်းရဲအောင် မွေနှောက်တတ်သော အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသာ မီး ဆိမီး ဓါတ်မီးခဲဟောက် တရားတို့သည်။ ဆင်းရဲသဘောကို ဆောင်မှု လောင်မှု အမှန် ဖြစ်သောကြောင့်၊ သမုဒယသစ္စာဟု သိမြင်လိမ္မာ၏၊ ဤသို့ဆောင်မှု လောင်မှုကြောင့် စိတ်၌ဆင်းရဲ တာအမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာဟု သိမြင်လိမ္မာ၏၊ မဂ္ဂ ဘာဝနာကြောင့်၊ ဤဒုက္ခသမုဒယတို့ ချုပ်ငြိမ်းတာ အမှန်ဖြစ် သောကြောင့်၊ နိရောဓသစ္စာဟု သိမြင်လိမ္မာ၏၊ ဤမဂ္ဂဘာဝနာ တရားသည်၊ ချုပ်ငြိမ်းကြောင်း အမှန် ဖြစ်သောကြောင့်၊ မဂ္ဂ သစ္စာဟု သိမြင်လိမ္မာ၏၊ ဤလေးပါးကို သိမြင်ခြင်းသည်၊ သမ္မာ ဒိဋ္ဌိ အယူမှန် အမြင်မှန်ပေတည်း။

**မဂ်အယူမှန် အမြင်မှန် ပုံကား။** ။ ဒုက္ခကို ပိုင်းခြား၍ သိခြင်း သမုဒယကိုပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း၊ မဂ္ဂ သစ္စာကိုပွားခြင်း၊ ဤလေးကိစ္စ ပြီးခြင်းသည်သာလျှင်၊ မဂ်အယူ မှန် အမြင်မှန်ဟု သိမြင်လိမ္မာရာ၏။

**ဖိုလ်အယူမှန် အမြင်မှန် ပုံကား။** ။ မြင်ကိစ္စ ပယ်ကိစ္စ ပြုကိစ္စ ပွားကိစ္စတို့ ပြီးဆုံး၍ အကျိုးတရားရတာကို၊ ဖိုလ်အယူ မှန် အမြင်မှန်ဟု သိမြင်လိမ္မာရာ၏၊ ဤသို့ သိမြင် လိမ္မာတာကို သမ္မာဒိဋ္ဌိ အယူမှန် အမြင်မှန် ပေတည်း။

**နိဗ္ဗာန်အယူမှန် အမြင်မှန်ပုံကား။** ။ မဂ္ဂ ဘာဝနာ ပွါး ရာ၌၊ ဝိဝေက ဝိရာဂ နိရောဓတို့ဖြစ်မှုသာလျှင်၊ သင်္ခတတရားတို့ နှင့်ကင်းသော၊ ဝါ၊ ပြုပြင်မှု အကြောင်းလေးပါး ကင်းသော၊

နိဗ္ဗာန်တခါတ်ဟု သိမြင်လိမ္မာ၏၊ ဤလို သိမြင်လိမ္မာခြင်းသည်သာ လျှင်၊ နိဗ္ဗာန်အယူမှန် အမြင်မှန် သမ္မာဒိဋ္ဌိ အမြင် ပေတည်း၊ ဤအမြင်မျိုးမှ မဟုတ်လျှင် နိဗ္ဗာန်ကို ရောက်နေသည်၊ နိဗ္ဗာန်ကို အာရုံပြုနေသည်၊ နိဗ္ဗာန်ကို ခံစားနေသည်ဟု ပြောခြင်း၊ သမုတ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ယူခြင်းတို့သည်၊ အမှားဟုသိမြင် လိမ္မာကြရာ၏၊ ဤကား သမ္မာဒိဋ္ဌိ အယူမှန် အမြင်မှန် ဆုံးဖြတ်ချက် ပေတည်း၊ ဤနေရာ၌ သတိကြီးကြီးမူပါ။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ဟု ဆိုအပ်သော မိစ္ဆာသင်္ကပ္ပကို ပယ်လိုဖြတ်လိုသော်၊ သမ္မာသင်္ကပ္ပဖြစ်သော ဓမ္မဝိတက်အကြံမှန်ကို ပွားများခြင်းသည် သာလျှင် မဂ်အကျင့်ဟု သိစေလို၏၊

ဒါကြောင့် သမ္မာသင်္ကပ္ပံ ဘာဝေတိဟု ဟောတော်မူ၏၊ ဤပါဠိတော်၏အလိုကိုထပ်၍။

ဣဓဘိက္ခဝေ ဘိက္ခု သမ္မာသင်္ကပ္ပံ ဘာဝေတိ၊ ဝိဝေက နိဿိတံ ဝိရာဂ နိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂ ပရိဏာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ချစ်သားတို့၊ ဣဓ၊ ဤငါဘုရား၏ သာသနာတော်၌၊ ဝါ၊ ငါဘုရား၏ အဆုံးမတော်၌၊ ဘိက္ခု၊ သံသရာမှ ထွက်မြောက်လိုသောသူသည်၊ ဝိဝေက နိဿိတံ၊ ရာဂဆိတ်ခြင်း ကိုမှီသော၊ ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကို မှီသော၊ နိရောဓ နိဿိတံ၊ ရာဂချုပ်ခြင်းကိုမှီသော၊ ဝေါဿဂ္ဂ ပရိဏာမိံ၊ နိဗ္ဗာန် သို့စိတ်လွှတ်ခြင်း၌ ညွတ်သော၊ သမ္မာသင်္ကပ္ပံ မိစ္ဆာဝိတက်ကို ပယ် ဖြတ်နိုင်စေခြင်းငှါ၊ ကောင်းသော ဓမ္မဝိတက်ကို ပွားများနိုင်၏၊

ဘိက္ခုဝေ၊ ချစ်သားတို့၊ အယံ၊ ဤသမ္မာသက်ပ္ပ ဓမ္မဝိတက် ပွားများနိုင်ခြင်းသည်၊ အသင်္ခတ ဂါမိမဂ္ဂေါ၊ အသင်္ခတ နိဗ္ဗာန်သို့ သွားသောလမ်းဟူ၍၊ ဝုစ္စတိ၊ ငါဘုရား မိန့်တော်မူ၏၊ ဝါ၊ မဂ်အကျင့်ဟူ၍ မိန့်တော်မူ၏။

**ကာမဝိတက်ဟုဆိုတာ**။ ။ မဂ်ဖိုလ်နိဗ္ဗာန်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော တရားယုတ်တို့ကို၊ အလိုရမက် ကြီးစွာနှင့် ကြံစည်မှုကို ဆိုသည်ဟု သိမြင်လိမ္မာလေ။ ဗျာပါဒ ဝိတက်ဟုဆိုတာ မျက်မာန်ဒေါသနှင့် ခက်ထန်ကြမ်းတန်းသော အကြံကိုဆိုသည်ဟု သိမြင်လိမ္မာလေ၊ ဝိဟိံသဝိတက်ဟုဆိုတာ သူတပါးကို သတ်ပုတ်ညှင်းဆဲလိုမှုနှင့် ကြံစည်သည်ဟု သိမြင်လိမ္မာလေ။ ဓမ္မဝိတက်ဟုဆိုတာ၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် အကြိုးဝင်သောတရားတို့ကို ကြံစည်တာဟု သိမြင်လိမ္မာလေ။

ဓမ္မဝိတက်ကို အကျယ်ခွဲ၍ ပြဦးအံ့၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် အကြိုးဝင်သော၊ ဓမ္မဝိတက်ဟူသည်ကား၊ ဓါတ်အနိမိတ္တ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ ရုပ်အနိမိတ္တ၊ ဇာတိပဝတ္တိကိုကြံခြင်း နာမ်အနိမိတ္တ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ အနိစ္စ၊ ဇာတိပဝတ္တိကို ကြံခြင်း၊ ဒုက္ခ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ အနတ္တ ဇာတိပဝတ္တိကို ကြံခြင်း၊ သမုဒယသစ္စာ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ ဒုက္ခသစ္စာ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ နိရောဓသစ္စာ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ မဂ္ဂသစ္စာ၊ ဇာတိပဝတ္တိကိုကြံခြင်း၊ ဤကြံခြင်းတို့ကို ဓမ္မဝိတက် သမ္မာသက်ပ္ပမဂ္ဂင်ဟုဆိုသတည်း၊ ဤသမ္မာသက်ပ္ပမဂ္ဂင်ကို ကောင်းစွာ ကြံစည်သည်ဟု သညာဖြင့် အမှတ်ပြု၍ ပြောဟော ယုံမျှနှင့်၊ မဂ်ကိစ္စ ဖိုလ်ကိစ္စ နိဗ္ဗာန်ကိစ္စတို့ မပြီးဟု မှတ်ပါယူပါ။ သနိမိတ္တဘာဝနာ၊ သညာ ဝိညာဉ်အလုပ်နှင့်လည်း မပြီးဟုမှတ်ပါ ယူပါ၊ မြတ်စွာ

ဘုရား၏ အလိုတော်ဖြစ်သော အနိမိတ္တာနု ဘာဝေဟိ ပါဠိတော်အတိုင်း ကိုက်ညီမှသာ ပြီးမည်ဟု သိမြင်လိမ့်မည်လော။

မုဿာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဟု ဆိုအပ်သော မိစ္ဆာဝါစာကို ပယ်လိုဖြတ်လိုက်သော် မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဆိုင်သော အပြစ်လွတ်သော မမ္မာဝါစာမဂ္ဂင်ကို ပွားများခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏။

ဒါကြောင့် သမ္မာဝါစံ ဘာဝေတိဟု ဟောတော်မူ၏။ ဤပါဠိတော် အလိုကိုထပ်ရ၍။

ဣဓဘိက္ခဝေ ဘိက္ခုသမ္မာဝါစံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဣဓ ဤငါဘုရား၏သာသနာတော်၌ ပါ ငါဘုရား၏အဆုံးအမတော်၌ ဘိက္ခု သံသရာမှ ထွက်လိုသောသူသည် ဝိဝေကနိဿိတံ ရာဂဆိတ်ခြင်းကိုမှီသော ဝိရာဂနိဿိတံ ရာဂကင်းခြင်းကိုမှီသော နိရောဓနိဿိတံ ရာဂချုပ်ခြင်းကိုမှီသော ဝေါဿဂ္ဂပရိဏာမိံ နိဗ္ဗာန်သို့ စိတ်လွှတ်ခြင်း၌ညွတ်သော သမ္မာဝါစံ သမာဝါစာကို ဘာဝေတိ ပွားများရှုမှတ်နိုင်၏။ ဘိက္ခဝေ ချစ်သားတို့ အယံ ဤသမာဝါစာ ပွားများရှုမှတ်နိုင်ခြင်းသည် အသင်္ခတဂါမိ မဂ္ဂေါ အသင်္ခတနိဗ္ဗာန်သို့ သွားသောလမ်းဟူ၍ ဝုစ္စတိ ငါဘုရား မိန့်တော်မူ၏။

ဤသို့ ဝစီဒုစရိုက် လေးပါးကို ပယ်နိုင်မှုတရားသည် သမ္မာဝါစာမဂ္ဂင် မဂ်အကျင့်မှတပါး မရှိပေ။ ဤသမ္မာဝါစာ မဂ္ဂင်မဂ်အကျင့်ကို မကျင့်ဘဲနှင့် မိစ္ဆာဝါစာ ဝစီဒုစရိုက်ကို ပယ်ပါသည်ဟုဆိုလျှင် ဝါကြွားမှုမျှသာ ဖြစ်သည်။ သမ္မာဝါစာမဂ္ဂင် မဂ်အ

ကျင့်ကို ကျင့်မှသာ နိဗ္ဗာန်သွားကြောင်းအကျင့်ဟု သိမြင်လိမ္မာကြရာ၏။ သီလစောင့်၍ ပယ်လျှင် စောင့်ဆဲခဏမှာသာ ဝစီဒုစရိုက်လေးပါး လွတ်နိုင်၏။ သီလမစောင့်လျှင် ဝစီဒုစရိုက်လေးပါး ဖြစ်မြဲဖြစ်တတ်၏။ သမာဓိလုပ်၍ပယ်လျှင် သမာဓိဖြစ်ဆဲ ခဏမှာ ဝစီဒုစရိုက်လေးပါးလွတ်နိုင်၏။ သမာဓိပျက်လျှင် ဝစီဒုစရိုက်လေးပါး ဖြစ်မြဲဖြစ်တတ်၏။ ဝိပဿနာပညာ မဂ္ဂဘာဝနာသည်သာလျှင် အဆုံးတိုင်ပယ်နိုင်၏။ ဒါကြောင့် သမ္မာဝါစံ ဘာဝေတိဟု ဟောတော်မူတာ မှန်ပါပေ၏။ ဟုတ်ပါပေ၏ဟု သိမြင် လိမ္မာကြရာ၏။

ဤနေရာ၌ အထူးသတိပြုရန်ကား သီလအလုပ် သမာဓိအလုပ်ကိုပယ်သည်ဟု မဟုတ်ကောင်းပေ။ သမ္မာဝါစာ မဂ္ဂင် မဂ်အကျင့် မဂ္ဂဘာဝနာပါမှ အဓိသီလ အဓိစိတ္တတို့ ဖြစ်ကြောင်းကို သိစေလို၍ရေးသည်ဟုမှတ်။ သိက္ခာသုံးပါးသည် ဝိပဿနာစိတ္တုပ္ပါဒ်မှာ ရသည်ဟု ဟောတာကို သတိမူလေ။ ဤမဂ္ဂဘာဝနာသည် ဝိပဿနာ စိတ္တုပ္ပါဒ် ဖြစ်မှုမှာရသည်ဟု သိမြင်လိမ္မာလေ။ ဘာကြောင့်ဆိုသော် အဓိပညာဟုဟောတာ ဤမဂ္ဂဘာဝနာ မဂ်အကျင့်၌ဖြစ်သော ပညာကို အဓိပညာဟု ဟောတော်မူ၏။

ဒါကြောင့် ယော တတ္ထ သံဝရဋ္ဌော အယံ အဓိသီလသိက္ခာ ယော တတ္ထ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ ယော တတ္ထ ဒဿနဋ္ဌော အယံ အဓိပညာသိက္ခာဟု ဟောတော်မူ၏။

ဤပါဠိတော်ကို ယုံကြည်လေးစား သဒ္ဓါပွား၍ တရားကို အားထုတ်ကြရာ၏။ ဤလမ်းစဉ်ကို မလိုက်လိုသော သူများအတွက် ရေးသောကျမ်းမဟုတ်ပေ။ ဒါကြောင့် တရားကိုအားထုတ်သူ ယောဂီများသာ ဝေဘန်ရမည် ဝင်စားရမည်။ ဤတ

ရားလမ်းစဉ်ကို မလိုက်လိုသောသူတို့ မဝေဘန်ရဟု ဆရာမှာ၏။ ဘာကြောင့်ဆိုသော် ပြစ်မှားမှုကံကို မဖြစ်စေလို၍ ဆီးတားလိုက်သည် သတိမူပါ။

ပါဏာတိပါတ အဒိန္နာဒါန် ကာမေသု မိစ္ဆာစာရဟုဆိုအပ်သော မိစ္ဆာကမ္မန္တကို ပယ်လိုဖြတ်လိုသော် သမ္မာကမ္မန္တ မဂ္ဂင်ဖြစ်သော အမှုမှန်ကို ပွားများခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏။

ဒါကြောင့် သမ္မာကမ္မန္တံ ဘာဝေတိဟု ဟောတော်မူ၏။ ဤပါဠိတော်ကိုထပ်၍။

ဣဓဘိက္ခဝေဘိက္ခု သမ္မာကမ္မန္တံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဣဓ ဤငါဘုရား၏ သာသနာတော်၌ ဝါ ငါဘုရား၏ အဆုံးအမတော်၌ ဘိက္ခု သံသရာမှ ထွက်မြောက်လိုသောသူသည် ဝိဝေကနိဿိတံ ရာဂဆိတ်ခြင်းကိုမှီသော ဝိရာဂနိဿိတံ ရာဂကင်းခြင်းကိုမှီသော နိရောဓနိဿိတံ ရာဂ ချုပ်ခြင်းကိုမှီသော ဝေါဿဂ္ဂပရိဏာမိံ နိဗ္ဗာန်သို့စိတ်လွှတ်ခြင်း၌ညွတ်သော သမ္မာကမ္မန္တံ သမ္မာကမ္မန္တကို ဘာဝေတိ ပွားများရှုမှတ်နိုင်၏။ ဘိက္ခဝေ ချစ်သားတို့ အယံ ဤသမ္မာကမ္မန္တ မဂ္ဂင် မဂ္ဂဘာဝနာကို ပွားများရှုမှတ်နိုင်ခြင်းသည် အသင်္ခတဂါမိမဂ္ဂေါ အသင်္ခတ နိဗ္ဗာန်သို့ သွားသောလမ်း ဟူ၍ ဝုစ္စတိ ငါဘုရားမိန့်တော်မူ၏။

ဤသမ္မာ ကမ္မန္တမဂ္ဂ ဘာဝနာသည် မိစ္ဆာ ကမ္မန္တကို ပယ်နိုင်သောတရားဟူ၍ သိမြင်လိမ့်ကြရာ၏။ ကာယဒုစရိုက်ကင်း

အောင် သမ္မာကမ္မန္တ မဂ္ဂဘာဝနာကို ပွားခြင်း သည်သာလျှင် မဂ်အကျင့် ဧကန်ဖြစ်၏။ မတော်လို့မပြုတာ ဥပုသ်နေ့ဖြစ်လို့မပြုတာ လူမြင် သူမြင်မှာရှက်လို့မပြုတာ အပြစ် ဖြစ်မှာကိုကြောက်လို့မပြုတာ ပညတ်ထားလို့ မပြုတာ မိမိအလိုမရှိသေးလို့ မပြုတာ ငါသူတော်ကောင်း၏အဝတ်ကို ဝတ်နေလို့မပြုတာ အတက်လူကြီးတွေကို ကြောက်လို့မပြုတာ မိမိသစ္စာဒိဋ္ဌာန်ထားလို့ မပြုတာ ဤလိုမပြုတာဟူသမျှသည် မဂ်အကျင့်မဟုတ်ပေ မဂ္ဂဘာဝနာကို ပွားမှုသာလျှင် မဂ်အကျင့်ဟု သိမြင်လိမ္မာကြရာ၏။ မဂ္ဂင်ဝင် မဂ်အကျင့်မှတပါး ရှောင်ရှားမှုသည် လောကီ သူတော်ကောင်းတို့ အလုပ်ဟုသာ မှတ်ရမည်။ လောကုတ္တရာ အလုပ်မဟုတ်ဟု သိမြင်လိမ္မာကြလေ။ လောကီအလုပ်ကို လောကုတ္တရာထင်မှတ်၍ နေတတ်ကြသည် သတိမူပါ။

ဒုစရိုက်ခုနစ်ပါး အလုပ်နှင့်အသက်မွေးမှု မိစ္ဆာအာဇီဝကို ပယ်လိုဖြတ်လိုသော် တရားသဖြင့် သမ္မာအာဇီဝဖြစ်သော မဂ္ဂင်ကို ပွားများခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏။

ဒါကြောင့် သမ္မာအာဇီဝံ ဘာဝေတိဟုဟောတော်မူ၏။ ဤပါဠိတော်ကိုထပ်၍။

ဣဓ ဘိက္ခဝေ ဘိက္ခု သမ္မာအာဇီဝံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါတိဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဣဓ ဤငါဘုရား၏ သာသနာတော်၌ ဝါ ငါဘုရား၏ အဆုံးမတော်၌ ဘိက္ခု သံသရာမှ ထွက်မြောက်လိုသော သူသည်၊ ဝိဝေကနိဿိတံ၊ ရာဂဆိတ်ခြင်းကို မှီသော၊ ဝိရာဂ နိဿိတံ၊ ရာဂကင်းခြင်းကို မှီသော၊ နိရောဓ

နိဿရဏံ၊ ရာဂချုပ်ခြင်းကိုမှီသော၊ ဝေါဿဂ္ဂပရိဏာမိံ၊ နိဗ္ဗာန်သို့စိတ်လွှတ်ခြင်း၌ ညွှတ်သော၊ သမ္မာအာဇီဝံ၊ သမ္မာအာဇီဝကို၊ ဘာဝေတိ၊ ပွားများရှုမှတ်နိုင်၏၊ ဘိက္ခဝေ၊ ချစ်သားတို့၊ အယံ၊ ဤသမ္မာအာဇီဝမဂ္ဂင်ပွားများ ရှုမှတ်နိုင်ခြင်းသည်၊ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတနိဗ္ဗာန်သို့ သွားသောလမ်းဟူ၍ ဝုစ္စတိ၊ ငါဘုရားမိန့်တော်မူ၏။

ဤသမ္မာအာဇီဝ မဂ္ဂင်သည်၊ အပြစ်လွှတ်သော တရားနှင့် အသက်မွေးမြူမှုကိုဆို၏၊ အပြစ်လွှတ်သော တရား ဟူသည်ကား။ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံ၍ အမှားကိုပယ် အမှန်ကိုပွါး တရားတော်ဂုဏ်နှင့်ရသော လာဘ်လာဘနှင့် အသက်မွေးခြင်းသည်သာလျှင် သမ္မာအာဇီဝဟုဆိုရာ၏၊ ဤသမ္မာအာဇီဝမဂ္ဂင်ကိုပွား၊ မဂ်အကျင့်ကိုကျင့် မဂ္ဂင်စိတ်နှင့်နေ၊ မဂ္ဂင်ပညာဖြင့်ဝေဘန်၊ မဂ်ဉာဏ်သို့ရောက်အောင် လုပ်မှုသည်သာလျှင်၊ သမ္မာအာဇီဝဟုဆိုနိုင်သည်၊ တနည်းအားဖြင့်၊ လောလုပ္ပ တဏှာကိုပယ်နိုင်ခြင်းသည်၊ သမ္မာအာဇီဝဟုဆိုနိုင်၏၊ တနည်း အားဖြင့်သော်ကား တရားသဖြင့် ရသမျှနှင့် ရောင့်ရဲနိုင်ခြင်းသည်သာလျှင် သမ္မာအာဇီဝဟုဆိုနိုင်၏၊ တနည်းအားဖြင့် အကြောင်းအကျိုးကိုလိမ္မာ၍ ရောင့်ရဲ နိုင်ခြင်းသည် သာလျှင်၊ သမ္မာ အာဇီဝ ဟုဆိုနိုင်၏။

တနည်းအားဖြင့် အထူးမှတ်ဘို့ကား၊ သမ္မာအာဇီဝခေါ်သောသဘောသည်၊ မဂ်အကျင့်မဂ်ကိစ္စပြီးကြောင်း၊ မဂ်မှုခံတွင်းသို့ဝင်ရာဝင်ကြောင်းဖြစ်သောကြောင့်၊ သမ္မာအာဇီဝဟု ခေါ်သည်မှတ်လေ။

**သာဝဇ္ဇ**တရားကို အားထုတ်မှုဖြစ်သော၊ မိစ္ဆာဝါယာမကို ပယ်လိုဖြတ်လိုသော်၊ အနဝဇ္ဇတရားကို အားထုတ်မှု ဖြစ်သော။ သမ္မာဝါယာမ မဂ္ဂင်ကိုပွားခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏။

ဒါကြောင့်၊ သမ္မာဝါယာမံ ဘာဝေတိဟု ဟောတော်မူ၏၊ ဤပါဠိတော်ကိုထပ်၍။

ဣဓဘိက္ခဝေ ဘိက္ခုသမ္မာဝါယာမံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ **အ**ယံဝုစ္စတိ၊ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ချစ်သားတို့ ဣဓ၊ ဤငါဘုရား၏ **သာသနာတော်**၌၊ ဝါ၊ ငါဘုရား၏ အဆုံးအမ **တော်**၌၊ ဘိက္ခု၊ သံသရာမှ ထွက်မြောက်လိုသောသူသည်၊ ဝိဝေက နိဿိတံ၊ ရာဂဆိတ်ခြင်းကိုမှီသော၊ ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကိုမှီသော၊ နိရောဓနိဿိတံ၊ ရာဂချုပ်ခြင်းကိုမှီသော၊ ဝေါဿဂ္ဂပရိဏာမိံ၊ နိဗ္ဗာန်သို့ စိတ်လွှတ်ခြင်း၌ ညွှတ်သော၊ သမ္မာဝါယာမံ၊ သမ္မာ ဝါယာမတရားကို၊ ဘာဝေတိ၊ ပွါးများရှုမှတ်နိုင်၏၊ ဘိက္ခဝေ၊ ချစ်သားတို့၊ အယံ၊ ဤသမ္မာဝါယာမတရား ပွါးများရှုမှတ်နိုင်ခြင်းသည်၊ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတနိဗ္ဗာန်သို့ သွားသောလမ်းဟူ၍ ဝုစ္စတိ၊ ငါဘုရားမိန့်တော်မူ၏။

ဤဝါယာမတရားသည်၊ ဝီရိယစေတသိက်ကိုခေါ်၏၊ ဤဝီရိယစေတသိက်သည်၊ အကုသိုလ် သာဝဇ္ဇ တရား ကိုလည်း အားထုတ်၏၊ ကုသိုလ်အနဝဇ္ဇ တရား ကိုလည်း အားထုတ်၏။

ဒါကြောင့်၊ အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော၊ ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ၊ ပဟာနာယ ဝါယာမော၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော၊ ဥပ္ပန္နာနံ ကုသလာနံဓမ္မာနံ ဘိယျောဘာဝါယ ဝါယာမောဟု ဟောတော်မူ၏။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော၊ အကုသလာနံဓမ္မာနံ၊ အကုသိုလ်တရားတို့ကို၊ အနုပ္ပာဒါယ၊ မဖြစ် စိမ့်သောငှါ၊ ဝါယာမော၊ လုံ့လပြုအပ်၏၊ ဥပ္ပန္နာနံဖြစ်ကုန်ပြီးသော၊ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို၊ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ၊ ဝါယာမော လုံ့လပြုအပ်၏၊ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော ကုသလာနံဓမ္မာနံ၊ ကုသိုလ်တရားတို့ကို၊ ဥပ္ပါဒါယ၊ ဖြစ်စိမ့်သောငှါ၊ ဝါယာမော၊ လုံ့လပြုအပ်၏၊ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော ကုလလာနံဓမ္မာနံ၊ ကုသိုလ်တရားတို့ကို၊ ဘိယျော ဘာဝါယ၊ အတိုင်းထက်အလွန် ပွါးများစေခြင်းငှါ၊ ဝါယာမော၊ လုံ့လ ပြုအပ်၏။

ဤဝါယာမ လေးချက် ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယ သမ္ဗောဇ္ဈင်ဖြစ်၍ သမ္မာ ဝါယာမဟု မဂ္ဂင်မှာဆို၏၊ တရားကို အားထုတ်သော ယောဂီတို့၏ မဂ်အကျင့်၌ လုံ့လ ဝီရိယသည်၊ သမ္မာဝါယာမ မဂ္ဂင်ဖြစ်ကြောင်းကို သိမြင်လိမ္မာကြရာ၏၊ ဤသမ္မာ ဝါယာမ မဂ္ဂင်သည် အလွန်အရာကြယ်လှ၏၊ လေးကိစ္စပြီးကြောင်း မှာ၊ အားဓါတ်ကြီးတခုဟု သိမြင်လိမ္မာကြရာ၏။

သာဝဇ္ဇ တရားကို အောက်မေ့သော မိစ္ဆာ သတိကို ပယ်လိုဖြတ်လိုသော် အနဝဇ္ဇတရားကို အောက်မေ့မှု ဖြစ်သော

သမ္မာသတိမဂ္ဂင်ကို ပွါးခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏။

ဒါကြောင့် သမ္မာသတိံ ဘာဝေတိဟု ဟောတော်မူ၏၊ ဤပါဠိတော်ကိုထပ်၍။

ဣဓဘိက္ခဝေ ဘိက္ခုသမ္မာသတိံ ဘာဝေတိ၊ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ အယံဝုစ္စတိ၊ ဘိက္ခဝေအသင်္ခတဂါမီ မဂ္ဂေါဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဣဓ ဤငါဘုရား၏ သာသနာတော်၌ (ဝါ)ငါဘုရား၏ အဆုံးအမတော်၌ ဘိက္ခုသံသရာမှ ထွက်မြောက်လိုသော သူသည် ဝိသေကနိဿိတံ ရာဂဆိတ်ခြင်းကို မှီသော ဝိရာဂနိဿိတံ ရာဂကင်းခြင်းကို မှီသော နိရောဓနိဿိတံ ရာဂချုပ်ခြင်းကို မှီသော ဝေါဿဂ္ဂ ပရိဏာမိံ နိဗ္ဗာန်သို့ စိတ်လွှတ်ခြင်း၌ ညွတ်သော သမ္မာသတိံ သမ္မာသတိကို ဘာဝေတိ ပွားများရှုမှတ်နိုင်၏၊ ဘိက္ခဝေ ချစ်သားတို့ အယံ ဤသမ္မာသတိကို ပွါးများရှုမှတ် နိုင်ခြင်းသည် အသင်္ခတ ဂါမိမဂ္ဂေါ အသင်္ခတ နိဗ္ဗာန်သို့ သွားသော လမ်းဟူ၍ ဝုစ္စတိ ငါဘုရားမိန့်တော်မူ၏။

ဤသမ္မာသတိမဂ္ဂင်ကို ပွါးခြင်းသည်သာလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်းဟု သိစေလို၏၊ သညာအလုပ် ဝိညာဉ်အလုပ်တွေကို လုပ်၍ နိဗ္ဗာန်ရောက်ကြောင်းမဟုတ်နိုင်မဖြစ်နိုင်ဟုသိစေလို၏၊ ဗောဓိပက္ခိယ တရားထဲမှာ ပါသော သတိသည်သာလျှင် မဂ်အကျင့်ဖြစ်၏၊ ထိုဗောဓိပက္ခိယ သတိမှ ကြွင်းသော သတိတရားတို့သည် မဂ်မဝင် မဂ်မဝင်လျှင် ဖိုလ်မပြီး နိဗ္ဗာန်မှာအချီးနှီးဖြစ်၏၊ အချီးနှီးဟု ဆိုတာ နိဗ္ဗာန်ကို မရမရောက်ဟု ဆိုသည်မှတ်လေ။

သတိဘာဝေန ပဋ္ဌာနံ ဉာတိပဋ္ဌာနံ သတိဘာဝေန သတိကို

ပွါးခြင်းသည်သာလျှင် ပဋ္ဌာန်လိုရင်းတည်း သတိပဋ္ဌာန် သတိကို ပွါးခြင်းသည်သာလျှင် လိုရင်း။

အမှတ်သည် သတိပဋ္ဌာန်မဟုတ် အကြံသည် သတိပဋ္ဌာန်မဟုတ် အတွေးသည် သတိပဋ္ဌာန်မဟုတ် အဝါ အကြွား အပြော အဆိုသည် သတိပဋ္ဌာန်မဟုတ် အနိစ္စသညာ, ဒုက္ခသညာ, အသုဘသညာ, အနတ္တသညာ တို့သည် သတိပဋ္ဌာန် မဟုတ် ညာဏ်ဆယ်ပါး အမှတ်သည် သတိပဋ္ဌာန် မဟုတ် ဝိသုဒ္ဓိ ၇-ပါးအရေအတွက်သည် သတိပဋ္ဌာန် မဟုတ် သတိပဋ္ဌာန် မဟုတ်လျှင် အသင်္ခတနိဗ္ဗာန်သို့ သွားသော လမ်းမဟုတ် သံယုတ် ပါဠိတော်မှာ ဟောသည့်အတိုင်း ဗောဓိပက္ခိယ သတိပဋ္ဌာန်သည် သာလျှင် အသင်္ခတနိဗ္ဗာန်သို့ သွားသော လမ်းဟု မှတ်ယူရာ၏။

ဒါကြောင့် ဣဓဘိက္ခဝေ ဘိက္ခု သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ အယံဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါတိ ဟု ဟောတော်မူ၏၊ အနက်လွယ်ပြီ။

မဂ်အကျင့်ကိုကျင့်မှ မဂ်ဖြစ်သည်၊ မဂ်ဖြစ်မှဖိုလ်ပြီးသည်၊ မဂ်မဖြစ်လျှင် ဖိုလ်မပြီးနိုင်ဖိုလ်မပြီးနိုင်လျှင် နိဗ္ဗာန်နှင့်မဆိုင် နိဗ္ဗာန်နှင့်မဆိုင်လျှင် လောကုတ္တရာမဟုတ်လောကုတ္တရာ မဟုတ်လျှင် လောကီဟုသာမှတ်ယူရာ၏၊ ဤနေရာ၌ ငြင်းလုံး မထုတ်နှင့် ဓမ္မန္တရာယ်ကံကိုကြည့်၍ရှောင်သတိမူပါယောဂီတို့၊

ကိလေသာ ဖြစ်မှု တရား၌ တည်သော မိစ္ဆာသမာဓိကို ပယ်လို ဖြတ်လိုသော် ဗောဓိပက္ခိယ သမ္မာသမာဓိတရားကို ပွါးခြင်းသည်သာလျှင် မဂ်အကျင့်ဟု သိစေလို၏။

ဒါကြောင့် သမ္မာ သမာဓိံ ဘာဝေတိဟု ဟောတော်မူ၏၊ ဤပါဠိတော်ကိုထပ်၍။

ဣဓဘိက္ခဝေ ဘိက္ခုသမ္မာသမာဓိံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ ဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဣဓ ဤငါဘုရား၏ သာသနာတော်၌ (ဝါ)ငါဘုရား၏ အဆုံးအမတော်၌ ဘိက္ခုသံသရာမှ ထွက်မြောက်လိုသော သူသည် ဝိဝေကနိဿိတံ ရာဂဆိတ်ခြင်းကို မှီသော ဝိရာဂနိဿိတံ ရာဂကင်းခြင်းကို မှီသော နိရောဓနိဿိတံ ရာဂချုပ်ခြင်းကိုမှီသော ဝေါဿဂ္ဂ ပရိဏာမိံ၊ နိဗ္ဗာန်သို့ စိတ်လွှတ်ခြင်း၌ ညွတ်သော သမ္မာသမာဓိံ သမ္မာသမာဓိတရားကို ဘာဝေတိပွါး များရှုမှတ်နိုင်၏၊ ဘိက္ခဝေချစ်သားတို့ အယံ ဤသမ္မာသမာဓိတရား ပွါးများခြင်းသည် အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတ နိဗ္ဗာန်သို့ သွားသော လမ်းဟူ၍ ဝုစ္စတိ ငါဘုရားမိန့်တော်မူ၏။

ဤသမာဓိ အခန်း၌ အဓိစိတ္တာဖြစ်သော သမာဓိ တရားသည် သာလျှင် သမ္မာသမာဓိခေါ်ရ၏၊ သမ္မာသမာဓိ ခေါ်ရမှ သာလျှင် မဂ်အကျင့်နှင့် ဆိုင်သည် သမ္မာသမာဓိ မခေါ်ရလျှင် မဂ်အကျင့် နှင့် မဆိုင်ဟု သိစေလို၏၊ မဂ်အကျင့်နှင့် မဆိုင်သော သမာဓိကို ပွါး၍နေလျှင် သံမောဟ ဒုက္ခမျှသာဖြစ်မည်ဟု မှတ်လေ၊ အမှန် တရားတို့ကို ပြင်းထန်စွာ ဖုံးလွှမ်း၍ ပြင်းထန်စွာ တွေဝေမှုကို ဆို၏၊ ဤဒုက္ခတရားကို ဖြစ်စေတတ်သော ကိလေသာ အညစ် အကြေးကို ပယ်သတ်ရန် ပညာဉာဏ်တို့ ပေါ်ခွင့် မရကြကုန် တဏှာ မာန ဒိဋ္ဌိ တရား တို့ကိုသာ အားပေးလျက် ရှိလေ၏၊ ဒါကြောင့် လောကီသမာဓိကို မိစ္ဆာသမာဓိ မိစ္ဆာပဋိပဒါဟု ဟောတော်မူ၏။

ဟောတော်မူပုံကား။ ကတမာစဘိက္ခဝေ၊ မိစ္ဆာပဋိပဒါအဝိဇ္ဇာ ပစ္စယာသင်္ခါရာဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ကတမာစ အဘယ်တရားသည်လျှင်၊ မိစ္ဆာပဋိပဒါ လမ်းမှား လမ်းလွဲသော အလေ့အကျင့် မည်သနည်း။ အဝိဇ္ဇာပစ္စယာ အမှန်တရားကို မသိသော အမိုက်တရားအကြောင်း ကြောင့်၊ သင်္ခါရာ ပုညာပုည အာနဉ္ဇဟု ဆိုအပ်သော တရားသုံး ပါးတို့ သည်သာလျှင် ဝါ ကံနှစ်ဆယ့်ကိုးပါး ခန္ဓာဖြစ်ကြောင်း တရားတို့သည်သာလျှင် ဟောတ္တိ ဖြစ်ကုန်၏။

ဒါကြောင့် လောကီသမာဓိ တရားကို မိစ္ဆာ ပဋိပဒါဟုဆို သတည်း။ ဤလိုမိစ္ဆာ ပဋိပဒါဟုဆိုလျှင် သမ္မာ ပဋိပဒါဖြစ်သော သမ္မာသမာဓိ တရားကို ပြောင်းလွှဲ၍ မဂ်အကျင့်ကို ကျင့်ကြလုပ် ကြရာ၏။ မဂ်အကျင့်ကို မကျင့်လိုသူတို့က ပြစ်မှား တတ်သည်။ ပြစ်မှားလျှင် ဓမ္မန္တရာယ် ကံထိုက်၏။ ဓမ္မန္တရာယ် ကံထိုက်လျှင် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ပုညန္တရာယ်တို့ အကုန်လုံး ထိုက်လေ တော့၏။ ယောဂီတို့ ဤနေရာ၌ များများကြီး သတိထားကြကုန် လော။

ယောဂီတို့မှာ သါတ္တက သမ္ပဇဉ် ဂေါစရသမ္ပဇဉ် သပ္ပါယ သမ္ပဇဉ် အသံမောဟ သမ္ပဇဉ်ဟု ဆိုအပ်သော လေးပါးသော အသိအလိမ္မာ ဉာဏ်ပညာတို့နှင့် ပြည့်စုံအောင် လုပ်ကြ အား ထုတ်ကြပါကုန်လော။

သာတ္တက သမ္ပဇဉ်ဟုဆိုတာ အကျိုးရှိသည် မရှိသည်ကိုဝေဘန် ပိုင်းခြား၍ သိမြင်လိမ္မာခြင်း။ ဂေါစရသမ္ပဇဉ်ဟုဆိုတာ ကျက်စား သင့်သည် မကျက်စားသင့်သည်ကို ဝေဘန်ပိုင်းခြား၍ သိမြင်လိမ္မာ ခြင်း။ သပ္ပါယသမ္ပဇဉ်ဟုဆိုတာ လျှောက်ပတ်သည် မလျှောက်

ပတ်သည်ကို ဝေဘန်ပိုင်းခြား၍ သိမြင်လိမ္မာခြင်း အသံမောဟ သမ္ပဇဉ်ဟုဆိုတာ မိမိအားထုတ်သောတရား၌ မတွေမဝေ ဝေဘန် ပိုင်းခြား၍ သိမြင်လိမ္မာခြင်း ဤသို့လိမ္မာခြင်းလေးပါးနှင့် ပြည့်စုံ ကြလျှင် ယောဂီတို့မှာ အသခ်တ နိဗ္ဗာန်သို့ သွားကြောင်း လမ်း မှန်ပြီဟု တထစ်ကျ ဆုံးဖြတ်၍ မှတ်ယူကြရာ၏ သတိမူပါ။

ဤမဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ၌သမ္မာဒိဋ္ဌိ သည်သာလျှင်အကြီးအကဲ အချုပ်အချာဖြစ်၏။

ဒါကြောင့် သမ္မာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတော သုတဝါ အရိယ သာဝကော။ ကာယဿ ဘေဒါပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိဟု ဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ သမ္မာဒိဋ္ဌိယာ ကောင်းသော အသိ အလိမ္မာ ညာဏ်ပညာ အယူမှန် အမြင်မှန် မဂ္ဂဘာဝနာ ပွားခြင်း နှင့် သမန္နာဂတော ပြည့်စုံသော သုတဝါ အကြားအမြင်များ သော အရိယသာဝကော ငါဘုရား၏ တပည့်သားသည် ကာယဿ ကိုယ်ခန္ဓာ၏ ဘေဒါ ပျက်ခြင်းကြောင့် မရဏာ သေသည်မှ ပရံ နောက်ကာလ၌ သုဂတိံ ကောင်းမှုကိုပြုသော သူတို့၏လားရာ ရောက်ရာဖြစ်သော သဂ္ဂံ မြတ်သော ရူပါရုံတို့၏ တည်ရာဖြစ် သော လောကံ နတ်ခေါ်သော ခန္ဓာလောကကို ဥပပဇ္ဇတိ ဖြစ်ရ လေတော့၏။

ဤနေရာ၌ နတ်ခေါ်သော ခန္ဓာဖြစ်သော်လည်း သောတာပန် နတ် သကဒါဂါမ်နတ် ဖြစ်သည်ကိုယူလေ ပုထုဇန်နတ်ကို မယူရ။ ဘာကြောင့်ဆိုသော် သောတာပန်နတ် သကဒါဂါမ်နတ်တို့က အပါယ်ကို ဘယ်သောအခါမှ ပြန်၍မကျတော့ပေ၊ ပုထုဇန်နတ်က

မိစ္ဆာဒိဋ္ဌိ အယူ တန်းလန်းနှင့် ဖြစ်သောကြောင့်၊ အပါယ်ကိုပြန်၍ ကျတတ်၏။ ဒါကြောင့် ပုထုဇန်နတ်ကို မယူရဟုမှတ်လေ။

သာစကပါဠိတော်ကား-ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိင်္ဂတာ ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ ဟု ဟောတော်မူ၏။

ပုညတေဇေန၊ မိမိတို့ ပြုကြ လုပ်ကြ အားထုတ်ကြသော ကောင်းမှုကုသိုလ်သည် ဥက္ခိတ္တာ၊ ချီးပင့်မြှောက်တင်အပ်ကုန်သည် ဖြစ်၍ ကာမရူပဂတိံ၊ လူ့ပြည် နတ်ပြည်ဟု ဆိုအပ်သော ကာမဘုံ၊ ပဌမစျာန် ဒုတိယစျာန်စသောရူပဗြဟ္မာဘုံသို့ ဂတာပိ၊ ရောက်ကြကုန်သော သူတို့သည်၎င်း။ ဘဝဂ္ဂတံ၊ ဘဝဂ်ဟု ဆိုအပ်သောအရူပဗြဟ္မာဘုံသို့၊ သမ္ပတ္တာပိ၊ ရောက်ကြ ကုန်သော သူတို့သည်၎င်း၊ ပုန၊ တဖန် ဒုဂ္ဂတိံ၊ အပါယ်လေးပါးသို့ အာဂစ္ဆန္တိ၊ ပြန်၍ လားကြရောက်ကြကုန်၏။

ဤပါဠိတော်က မိစ္ဆာဒိဋ္ဌိတန်းလန်းနှင့် ဖြစ်ကြသော၊ လူ နတ် ဗြဟ္မာတို့ကိုဆို၏၊ မိစ္ဆာဒိဋ္ဌိပြုတ်သော လူ နတ်ဗြဟ္မာ တို့ကို မဆိုပေ၊ ဘာကြောင့်၊ မိစ္ဆာဒိဋ္ဌိပြုတ်သော လူ နတ် ဗြဟ္မာတို့ကို မဆိုသနည်းဟုဆိုသော်။

အပတိဋ္ဌေ အနာလမ္ဗေ သောကမ္ဘော ဂမ္ဘီ ရေနသီဒတိဟု ဟောတော်မူပြီးဖြစ်သောကြောင့်ပေတည်း။

ပုဂ္ဂလ သတ္တ အတ္တ ဇီဝရှိသည်ဟု ယူသော အယူသည် မိစ္ဆာဒိဋ္ဌိအယူဖြစ်၏။ ဤမိစ္ဆာဒိဋ္ဌိအယူရှိလျှင်၊ အပါယ်ကိုကျသည်ဟုယူရမည် မုချကျလည်း ကျသည်။ ကျလို့ဟောတာကို ယောဂီတို့ယုံကြည်ကြလေ။

ဒါကြောင့် မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတော အသု တဝါ ပုထုဇ္ဇနော ကာယဿဘေဒါ၊ ပရံ မရဏာအပါယံ ဒုဂ္ဂ တိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ချစ်သားတို့၊ မိစ္ဆာဒိဋ္ဌိယာ၊ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ရှိသည်ဟုယူသောအယူနှင့် သမန္နာဂတော၊ ပြည့်စုံသော၊ **အသုတဝါ**၊ အကြားအမြင် နည်းသော၊ ပုထုဇ္ဇနော၊ အန္ဓပုထု ဇန်သည်၊ ကာယဿ၊ ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ ပျက်ခြင်းကြောင့်၊ မရဏာ၊ သေသည်မှ၊ ပရံ၊ နောက်ကာလ၌၊ အပါယံ၊ ချမ်း သာကင်းသော၊ ဒုဂ္ဂတိံ၊ မကောင်းမှုကိုပြုသောသူတို့၏ လားရာ ရောက်ရာဖြစ်သော၊ ဝိနိပါတံ၊ ပျက်စီး၍ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့ ဥပပဇ္ဇန္တိ ဖြစ်ရကုန်၏။

ဤပါဠိတော်ကို ယုံကြည်ကြသဖြင့်၊ သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ပြောင်းကြ လုပ်ကြ ပွားကြရာ၏။ ယခုသာသနာ့ဘော်မှာ ဤ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပြောင်းကြ လုပ်ကြ ပွားကြစေခြင်းငှါ။

မိမိတို့၏ ခန္ဓာပေါ်၌ တရားသင်တန်း ယောဂီလမ်းဟု ပရိ ယတ္တိသာသနာကိုပြ၏။

နောက်ထပ်တဖန် တရားကျင့်တန်း ယောဂီလမ်းဟု ပဋိ ပတ္တိသာသနာကိုပြ၏။

နောက်ထပ်တဖန် တရားမြင်တန်းယောဂီလမ်းဟု ပဋိဝေဓ သာသနာကိုပြ၏။

ဤသာသနာ့ဘော်သုံးရပ်ကို သိမြင် လိမ္မာကြလျှင် သာသ နာတော်၏ အလုပ်ကို လုပ်တတ်ကြပြီဟု မှတ်လေ ယူလေ။ ခန္ဓာ ပေါ်က သာသနာသုံးရပ်ကို မသိမမြင် မလိမ္မာကြလျှင် မဂ်ဖိုလ် နိဗ္ဗာန်၏ အလုပ်ကို မလုပ်တတ်ဟု ဆိုနိုင်၏၊ ဘာကြောင့်ဆိုသော်

အန္ဓိဘူတော အယံ လောကောဟု ဟောတော်မူသောကြောင့် ပေတည်း။ ။

အယံ လောကော၊ ဤသတ္တဝါ အပေါင်းသည်၊ အန္ဓိဘူတော၊ ပညာစက္ခု မစုံ မလင် မမြင်လမ်းပန်း အကန်းအတိသာ ဖြစ်ကြကုန်၏။

ဤပါဠိတော်က အကန်းဟုဆိုတာ၊ မိမိ၏ ခန္ဓာပေါ်မှာ သာသနာသုံးရပ်ကို၊ မသိ မမြင် မလိမ္မာကြလို့ ဆိုသည်ဟု မှတ်လေ ယူလေ။ ။

ဤသာသနာတော်သုံးရပ်ကို သိမြင်လိမ္မာကြလျှင်၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ရှိသည်ဟုယူသော အယူဆိုး အယူမှားတို့သည် ကွယ်ပျောက်ကြကုန်၏၊ ဒါကြောင့်၊ ရိတ္တော၊ တုစ္ဆော၊ သုညောတိ ပညာယထိဟု ကျမ်းဂန်တို့၌လာ၏။ ။ရိတ္တော၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ကွယ်ပျောက်၏။ တုစ္ဆော၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ရှိသည်ဟု စွဲတာ အချီးအနှီးဖြစ်၏။ သုညော၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ သုဥ်းဆိတ်၏။ ဣတိ၊ ဤသို့၊ ပညာယတိ၊ ထင်၏။ သာသနာသုံးရပ်ကို သိမြင် လိမ္မာသော ယောဂီ တို့မှာ၊ ယခုပြသော ကျမ်းဂန်အတိုင်းဖြစ်ရမည်။ မဖြစ်သေးလျှင် ဖြစ်အောင်လုပ် မသိသေးလျှင် သိအောင်လုပ်၊ မမြင်သေးလျှင် မြင်အောင်လုပ်၊ မလုပ်တတ်လျှင် သပ္ပုရိသသံသေဝကိုရှာ၊ သဒ္ဓမ္မသဝန ဖြစ်အောင်နာ၊ နာလို့ရလျှင်၊ ယောနိသော နှလုံးသွင်း၊ ဓမ္မာနု ဓမ္မ ပဋိပတ္တိ လောကုတ္တရာ တရားကိုးပါး၌ အကျုံးဝင်အောင်ကျင့် ဖလလေး ချက်ပြီး၏။ ပြီးကြောင်းကိုသိလိုက တရားပြီးတန်း ယောဂီလမ်း ကိုကြည့်လျှင် သိလိမ့်မည်။ ယောဂီတို့၏ ကိစ္စကို ယောဂီတို့ သိမြင်လိမ္မာကြလေ။

# နိဂုံး

ဓမ္မမေဃေန ဝဿန္တေ၊ သဗ္ဗေဟောန္တု အနာသဝါ။

ယေတ္ထ မဂ္ဂိမကာ သတ္တာ၊ သောတာပန္နာ ဘဝန္တု တေ။

ဓမ္မမေဃေန၊ လောကမိုဃ်းထက်၊ ဆထက်တံပိုးမက တိုး၍၊ အမျိုးမျိုးအေးမြစေတတ်သော၊ တရားတည်းဟူသော မိုဃ်းတော်ကြီးဖြင့် ဝါ၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်းစေတတ်သော တရားတည်း ဟူသော မိုဃ်းတော်ကြီးကို၊ ဝဿန္တေ၊ သွန်းဖြိုးရွာချ ဟောပြ လိုက်သည် ရှိသော်၊ သဗ္ဗေ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံသော တရားနာလာ များဗိုလ်ပါတို့သည်၊ အနာသဝါ၊ အာသဝေါလေးဖြာ ကင်းကုန်ကြ၍၊ ရဟန္တာအပြီး ပုဂ္ဂိုလ်ကြီးတို့သည်၊ ဟောန္တု၊ တရားနာရင်း ညာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဘဝမကူ ဖြစ်ကြပါစေ ကုန်သတည်း၊ ဝါ၊ ကိလေသာ မီးငြိမ်းမှု ခန္ဓာမီးငြိမ်းမှု။ နိဗ္ဗာန ဓါတ်ကြီးတွေ့ဖြစ်ကြပါစေကုန်သတည်း။ ဧတ္ထ၊ ဤတရားနာလာ များဗိုလ်ပါတို့သည်၊ ပစ္ဆိမကာ၊ ဂုဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေကုန်၏၊ ဝါ၊ ညာဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေကုန်၏၊ တေသတ္တာ၊ ထိုဂုဏ်အား ညာဏ်အားဖြင့်၊ အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြကုန်သော သတ္တဝါတို့သည်၊ သောတာပန္နာ၊ သာသနာအယူနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဒိဋ္ဌိဝိစိ ပယ်နိုင်ဘိ၍ မရှိပါယ်ရှာ ရှင်းရှင်းကွာသည့် စူဠမဟာ သောတာပန်အပြီး ပုဂ္ဂိုလ်ကြီးတို့သည် ဘဝန္တု၊ တရားနာရင်းညာဏ်မြင်လင်း၍၊ ချက်ခြင်းမကြာ၊ ဘဝမကူ၊ မဟာသောတာပန်ကြီးတွေ့ ဖြစ်ကြပါစေကုန်သတည်း။ ။

....( စိရံ တိဋ္ဌတု သဒ္ဓမ္မော )....

သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ သွားရာ လမ်းကြောင်း တရားကောင်းသည်၊ စိရံ၊ ကြာမြင့်စွာ၊ တိဋ္ဌတု၊ တည်ပါစေသတည်း။

## ဥယျောဇနကထာ

ဓမ္မပဿ ယောဂိမဂ္ဂံ လိခိဿံ မေတ္တာစရိယော။
ဓမ္မရသံ ဂဝေသန္တာ သမ္မာ ပဿန္တု သာဓဝေါ။

အာစရိယော ဝိပဿနာအလင်းပြ ကျေးဇူးရှင် ဆရာတော် ဦးဝါသဝသည် မေတ္တာစိတ္တေန ပညာကဝိ ဉာဏ်မြင်သိလျက် မိမိသူတပါးအတူထား၍ သနားယိုဖိတ် ကြည်လင်သော မေတ္တာစိတ်ဖြင့် လိခိဿံ ဗုဒ္ဓမြတ်စွာ ဒေသနာကို ပညာဉာဏ်မြင် သဘောထွင်၍ စီရင်ရေးသားတော်မူအပ်သော ဓမ္မပဿံ ယောဂိမဂ္ဂံ ရဟန်းရှင်လူ မည်သူမဆို ပုဂ္ဂိုလ်များစွာ သိလိုပါက သဒ္ဓါစိတ်ကောင်း ပညာပေါင်းလျက် မဂ်ဖိုလ်နိဗ္ဗာန် သိစေရန်ဟု ဉာဏ်မြင်တရား အမိကထား၍ ပိုင်းခြားဝေဘန် သန္ဒိဋ္ဌိက ကေန္တဖြင့် သိကြစေရာ သာသနာတော်၏ သဘာဝကိုပြသော တရားမြင်တန်း ယောဂီလမ်းကို သမ္မာဉာဏ်မြင်သဘော သဒ္ဓါနှောလျက် မနောဖြူစါတ်ကောင်းမြတ် မှန်ကန်စွာ ဓမ္မရသံ ရာဂဒေါသ မောဟာကင်းကွာ အရိယာတို့ လွန်စွာလေးမြတ် နှစ်သက်အပ်သည့် ပရမတ်ဉာဏ်မြင် သမ္ပဇဉ်နှင့် ဖြူစင်သီလ သဒ္ဓါကြွလျက် မဂ်ဖိုလ်ဝိဇ္ဇာ နိဗ္ဗာန်တာဟု မြတ်စွာဘုရား ထင်ရှားဟောဖေါ် တရားတော်၏ အရသာကို ဂဝေသန္တာ မဂ္ဂင်တရား အမြတ်ထား

၍ ပိုင်းခြားမြင်ရေး ရှုမြှော်တွေးလျက် ဝင့်ဘေးကင်းရာ နိဗ္ဗူတာ-
ဓမ္မ အနုတ္တကို မရလျှင်မနေ ဝါယမေဟုစိတ္တေဆန္ဒ အာသိသဖြင့် ရှာဖွေကြကုန်သော သာဓဝေါ သံယောဇဉ်ကြိုး အမျိုးမျိုးကို ဖျက်ချိုးနိုင်ရန် စိတ်အကြံနှင့် ပညာညာဏ်ကူ သတိမူ၍ဘေးရန် ထူပြော ဒုက္ခတောမှ ဘဝခန္ဓာ လွတ်ကြောင်းရှာလျက် မဂ်ညာဏ် ဖိုလ်ညာဏ် နိဗ္ဗာန်လိုလား သူတော်ကောင်း အများတို့သည် ပသန္တုမိစ္ဆာ ပဟာနောယောနိသောဖြင့် သဘောဖြူစွာ ဤကျမ်းစာကိုသေချာစေ့ငုနှလုံးသွင်းပြု၍ သိမှုပညာဝိဇ္ဇာသုဒ္ဓိ ညာဏ်ပိုင်မိအောင် မဏိအာဒါသ ကြေးမုံမြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်မသုံ ကြည့်ရှုနိုင်ကြ ပါစေကုန်သတည်း။

ဦးသုန္ဒရ
တံခွန်တိုင် အနောက် ကျောင်းတိုက်
နတ္တလင်းမြို့—သာယာဝတီခရိုင်။

# နိဒါန်း

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ။
သဒတ္ထေဝါယမေယျာထ၊ ခဏောဝေါ ပဋိပါဒိကော။

ဘောန္တော အိုသူတော်ကောင်းတို့ ဝေါ သင်သူတော်ကောင်းတို့သည်။ ခဏံ အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏကို မာဝိရာဓေထ ချော်လွန်၍မျှား မသွားကြစေကုန်လင့်။ ဟိ အဘယ်ကြောင့်ဆိုသော် ခဏာတီတာ ခဏကိုလွန်ကုန်သော သူတို့သည် သောစရေ တောက်ခေါက်နောင်တ ပူပန်စိုးရိမ်ရကုန်၏။ သဒတ္ထေ ကိုယ်ကျိုး ကိုယ်စီးပွား၌ ဝါယမေယျာထ လုံ့လမယုတ် အရအမိကြိုးကုတ်၍ အားထုတ်ကြကုန်ရာ၏။ ဝေါ သင်တို့သည် ဝါ. သင်တို့အား ခဏော အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏသည် ပဋိပါဒိကော ယခုဘဝ ခုခဏ၌ ဆိုက်ရောက်ရရှိကြလေပြီ။

ဤပါဠိတော် တိုက်တွန်းချက်ကို သတိန္ဒြေ သတိဗိုလ် သတိသမ္ဗောဇ္ဈင်ပြု၍ ရှုကြရာ၏။ ဘာကြောင့်ဆိုသော် သာသနာတော်၏ အချိန်ကောင်း အခါကောင်းကိုရဆဲ မိမိက မြတ်စွာဘုရား ဆိုဆုံးမသော တရား၏သဘောကို သိနိုင် လိမ္မာနိုင်သော ခန္ဓာကို ရဆဲ ဤလိုအကြောင်းအကျိုး နှစ်ပါးစုံတို့ ပြည့်စုံလုံလောက် ဗောဓိဉာဏ်ပေါက်နိုင်သောအခါကို ကိလေသာ ကာမဂုဏ်စိတ် အာရုံ ရွှင်ပျော်မှုနှင့် မနေကြတော့ဘဲ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ် ဖြစ်၍ ဝိဝေက ဝိရာဂ နိရောဓသို့ ဆိုက်အောင်ပြုလုပ် အားထုတ်ကြပါ ဦးကုဏ္ဍလ အစရှိသော သူတော်ကောင်း အပေါင်းတို့။

ဤကား တိုက်တွန်းချက် ပါဠိတော်ပေတည်း၊

# တရားမြင်တန်း ယောဂီလမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

တရားကို အားထုတ်သော ယောဂီတို့၏ အသိအလိမ္မာ ဉာဏ်ပညာဖြင့် ပဟာနတရား ကိုးပါးရှိသည်ကို ရှေးဦးစွာသိမြင်လိမ္မာကြရာ၏။ ပဟာနတရား ကိုးပါးဟူသော်ကား ဇာတိတရား ဇရာတရား မရဏတရားဟူ၍ သုံးပါး။ ရာဂတရား ဒေါသတရား မောဟတရားဟူ၍သုံးပါး။ ဒိဋ္ဌိတရား ဝိစိကိစ္ဆာတရား သီလဗ္ဗတပရာမာသဟူ၍ သုံးပါး အားလုံးပေါင်း သုံးပါး သုံးလီ ကိုးပါးဖြစ်၏။ ထိုကိုးပါးတို့တွင် ဇာတိတရား ဇရာတရား မရဏတရား သုံးပါးတို့ကို ပယ်လိုသော် ရာဂတရား ဒေါသတရား မောဟတရားတို့ကို ပယ်ပြီးမှ ဇာတိ ဇရာ မရဏ တရားတို့ကို ပယ်လို့ ဖြစ်သည်။ ရာဂ ဒေါသ မောဟတရားတို့ကို ပယ်လိုသော် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ တရားတို့ကို ပယ်မှဖြစ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ တရားတို့ကိုမပယ် မသတ် မဖြတ် မတောက်ဘဲနှင့် ရာဂ ဒေါသ မောဟတရားတို့ကို ပယ်လို့ သတ်လို့ ဖြတ်လို့မရ၊ ဤရာဂ ဒေါသ မောဟ တရားတို့ကို မပယ် မသတ် မဖြတ် မတောက်ဘဲနှင့် ဇာတိ ဇရာ မရဏတရား

တို့ကို ပယ်လို့ သတ်လို့ ဖြတ်လို့မရဟူ၍ သိမြင်လိမ္မာ ညာဏ် ပညာဖြင့် အလင်းပေါက်ကြရာ၏။ ဤပဟာနကိုးပါးမှာ ဒုက္ခ ဘေးကြီးဟာ အရေးအကြီးဆုံးဟု ရှေးဦးစွာသိမြင် လိမ္မာကြ ရာ၏။ ဒါကြောင့်

ဒုက္ခံ ပဇာနာတိ ဒုက္ခသမုဒယံ ပဇာနာတိ ဒုက္ခနိရောဓံ ပဇာ နာတိ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိဟု ဟောတော်မူ တာကိုလို့ သိမြင်လိမ္မာကြရာ၏။ တနည်းအားဖြင့် ပဝတ္တိပဝတ္တက နိဝတ္တိ နိဝတ္တကဟုလည်း ဟောတော်မူတာကိုလို့ သိမြင်လိမ္မာကြ ရာ၏။

ပဝတ္တိ ဖြစ်ခြင်း ပဝတ္တက ဖြစ်ကြောင်း နိဝတ္တိ ချုပ်ခြင်း နိဝတ္တက ချုပ်ကြောင်း။

ဒုက္ခ ဖြစ်မှုကို သိရမည်ဟု ပါဠိတော်ကဆို၏။ ဤပါဠိတော်က ဆိုသည့်အတိုင်း သိမြင်ရပုံကား မိမိတို့၏ ခန္ဓာမှာ မနောဓါတ် မနောဝိညာဏ်ဓါတ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် မနော ဝိညာဏ်မှာ ဒုက္ခယှဉ်၍ ဒုက္ခုပါဒါန် ဒုက္ခာသဝဖြစ်သည်ဟုသိမြင် လိမ္မာကြရာ၏။

ဤသို့ ဒုက္ခယှဉ်မှု ဒုက္ခုပါဒါန် ဒုက္ခာသဝတို့ဖြစ်မှုသည် မနော ဓါတ်မှာ အဝိဇ္ဇာ ဖုံးသောကြောင့် ဒုက္ခာနုသယဓာတ်ဓါတ်ဖြစ် သည် ဤဒုက္ခာနုသယ ဓာတ်ဓါတ်ကြောင့် ဒုက္ခုပါဒါန် ဒုက္ခာသဝ တို့ဖြစ်သည်ဟု သိမြင်လိမ္မာကြရာ၏။ ဤလိုသိခြင်းသည် မြတ်စွာ ဘုရား၏ အလိုတော်ကျ သိခြင်းပေတည်း။

ဤသို့ ဒုက္ခချုပ်ခြင်း ဒုက္ခချုပ်ကြောင်းတို့ကို သိမြင်ရပုံကား ဤမနောဓါတ်၌ အဝိဇ္ဇာကင်း၍ အလင်းရခဲ့သော် အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါးခံ၍ မနောဝိညာဏ်မှာ သဒ္ဓါ

စရိုက် ပညာစရိုက် ဗုဒ္ဓိစရိုက်တို့ ဖြစ်ကြရာ၏။ ဤစရိုက်သုံးပါး ပြည့်စုံလျှင် မနောဝိညာဏ်မှာ ဒိဋ္ဌိနိရောဓလည်း ဖြစ်၏။ ဒိဋ္ဌိနိရောဓ ဂါမိနီ ပဋိပဒါလည်း ဖြစ်သည်ဟု သိမြင်လိမ္မာကြရာ၏။

ဤလို အသိ အမြင် အလိမ္မာ ညာဏ် ပညာ တို့နှင့် ပြည့်စုံ လုံလောက်သော အခါ၊ ဒိဋ္ဌိနှင့် တကွ ဖြစ်သော အာသဝေါတို့ လွတ်ကင်း၍ အပါယ်နှင့် ဆိုင်သော တရားတို့ အကြွင်းအကျန် မရှိတော့ပေ၊ မိစ္ဆာဒိဋ္ဌိဘေးကြီး ချုပ်ငြိမ်းသည့် အတွက် အပါယဘေး ဝိနိပါတဘေး နာနာသတ္တ ဥလ္လောကန ဘေးတို့လုံးဝ ကင်းလွတ် ရပေပြီဟု သိမြင် လိမ္မာကြရာ၏။

မိစ္ဆာဒိဋ္ဌိ ဘေးကြီးဟု ဆိုတာ မြတ်စွာဘုရားအယူနှင့် ဘယ်အခါမှ မတူသော ပုဂ္ဂိုလ်သတ္တဝါ အသက် ဇီဝရှိသည်ဟု အယူဆိုး အမြင်ဆိုး အသိဆိုး အကြံဆိုးကြီးတွေကို မိစ္ဆာဒိဋ္ဌိဘေးကြီးဟုသိမြင်လိမ္မာကြရာ၏။

အပါယ ဘေးကြီးဟု ဆိုတာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ လောကီ ကြီးပွါးရေး စီးပွါးရေး လောကုတ္တရာ ကြီးပွါးရေး စီးပွါးရေး အစရှိသည် တို့နှင့် မဆက်ဆံ နိုင်သော ဆင်းရဲကို အပါယဘေးကြီးဟု သိမြင်လိမ္မာကြရာ၏။

ဝိနိပါတ ဘေးကြီးဟု ဆိုတာ မိမိအလိုရှိသောခန္ဓာ အလိုရှိသောဘဝ အလိုရှိသောဒေသ အလိုရှိသောအမျိုး အလိုရှိသောအစာ၊ အလိုရှိသောဗိမာန် အလိုရှိသော အဝတ်အစား တို့ကို မရနိုင်တော့ဘဲ ကံပစ်ချရာ ကံဆောက်လုပ်သော ခန္ဓာ ကံထားရာ ကံသိပ်ရာ ကံကျွေးရာ အစာတို့နှင့် မွေ့လျော်ရမှု ကံစုဆောင်းပေးသော အမျိုးအနွယ် ဇာတ်ခန္ဓာတို့နှင့် ပေါင်းသင်းဆက်ဆံရမှု မြင့်မြတ်သော ခန္ဓာတို့နှင့် ဆက်ဆံခြင်းမပြုရတော့ဘဲ

ဖြင့်ဖရဲ ကျရောက်ရတာကို ဝိနိပါတ ဘေးကြီးဟု သိမြင်လိမ့်မှာ ကြရာ၏၊ နာနာသတ္တ ဥလ္လောကန ဘေးကြီးဟု ဆိုတာ တရား အမျိုးမျိုး ပြောင်းလဲမှု အယူအမျိုးမျိုး ပြောင်းလဲမှု ဆရာ အမျိုးမျိုးပြောင်းလဲမှုတို့ကို နာနာသတ္တ ဥလ္လောကန ဘေးကြီးဟု သိမြင်လိမ့်မှာကြရာ၏၊ ဤကား ဘေးကြီး လေးပါး ရှင်းတန်းပေ တည်း။

ဤဘေးကြီး လေးပါး တို့နှင့် တွေ့ကြုံရခြင်းသည် သပ္ပုရိသ သံသေဝ အင်္ဂါ ချွတ်ယွင်းမှု သဒ္ဓမ္မသဝန အင်္ဂါ ချွတ်ယွင်းမှု ယောနိသော မနသိကာရ အင်္ဂါချွတ်ယွင်းမှု ဓမ္မာနု ဓမ္မပ္ပဋိပတ္တိ အင်္ဂါချွတ်ယွင်းမှုတို့ကြောင့် ဖြစ်သည်ဟု သိမြင် လိမ့်မှာ ကြရာ၏။

ဤလိုသိမြင် လိမ့်မှာကြလျှင် ယခုပြသော အင်္ဂါ လေးပါးကို အပ္ပမာဒပြု၍ သတိပညာညာဏ်ဝီရိယ ဓမ္မအစုံတို့နှင့် ကုံလုံ ကြွယ်ဝပြည့်စုံမှုသာလျှင် မဂ်ကိစ္စ ဖိုလ်ကိစ္စ နိဗ္ဗာန် ကိစ္စတို့ ပြီးမည် ဟု သိမြင်လိမ့်မှာကြရာ၏။

ဤလိုသိမြင် လိမ့်မှာခြင်းသည် အဘိညာယဟု မှတ်ပါ ယူပါ၊ အဘိညာယဟု ဆိုတာ အထူး သိတာကို ဆို၏၊ ဤအဘိညာယ ၏ နောက်က သမ္ဗောဓယ ဆက်လက်၍ ဖြစ်လာ၏။ သမ္ဗော ဓယဟုဆိုတာ သစ္စာအချက်သဘောနက်ကို ထိုးထွင်း၍ သိတာ ကိုဆို၏၊ ဤလို ထိုးထွင်း၍ သိလျှင် သင်္ခါရပုံပြင်မှု ကင်းသော နိဗ္ဗုတဓာတ်ကို ညာဏ်မျက်စိဖြင့် မြင်လေတော့၏၊ ဤလိုမြင် တာကို နိဗ္ဗာန်ကို ရောက်ပြီရပြီ တရား အလုပ် ပြီးပြီဟု ပြောရ **ဟောရ၏၊** **ပြော**ကောင်းဟောကောင်း၏ဟုသိလေ။

ဒါကြောင့် ဧကော ဓမ္မော ဘိက္ခဝေ အာသေဝိတော

ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိဟုဟောတော်မူ၏။

ဘိက္ခဝေ ချစ်သားတို့ ဧကော တခုသော ဓမ္မော အာရုံ၏ အခိုက်အတန့်၌ ဖြစ်လာ ပေါ်လာသော ပညတ် သုဉ်းဆိတ်သော တရားကို အသေဝိတော အသံမောဟ ပညာဖြင့် ဝေဘန်၍ မှီဝဲအပ်သည် ရှိသော် ဘာဝိတော အသံမောဟ ပညာဖြင့် ပွားအပ်သည် ရှိသော် ဗဟုလီကတော အသံမောဟ ပညာဖြင့် ကြိမ်ဘန်များစွာ လေ့လာအပ်သည် ရှိသော် အဘိညာယ ထူးသောညာဏ်ဖြင့် သိခြင်းငှါ (ဝါ) သမ္မသနအစ အနုလောမကျအောင် အထူးသိခြင်းငှါ သမ္ဗောဓာယ ပဝတ္တိ ပဝတ္တကနိဝတ္တိ နိဝတ္တကဟု ဆိုအပ်သော လေးပါးသော တရား အင်္ဂါကို ပြည့်စုံစွာ သိခြင်းငှါ နိဗ္ဗာနာယ သင်္ခတ တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတကို မျက်မှောက်ပြုခြင်းငှါ သံဝတ္တတိ သံဒိဋ္ဌိကဂုဏ် အကာလိကဂုဏ်တို့ ထင်ရှားဖြစ်ပေါ်၍ လာရလေ၏။

ဤပါဠိတော်၌ ဧကောဓမ္မော ဟူသော အစိပ္ပါယ်သည် တရားကို အားထုတ်သော ယောဂီတို့၏ ခန္ဓာပေါ်၌ ဒွါရခြောက်ပါး ရှိသော်လည်း တရားဖြစ်ပေါ်မှုက တခုသာ ဖြစ်ပေါ်၏၊ ဤသို့ဖြစ်သော တရားကို အမည်သညာဖြင့် အက္ခရာ အမှတ်မပြုတော့ဘဲ ဝတ္ထု နိမိတ်ပညတ် နိမိတ်သုဉ်းဆိတ်၍ အနိမိတ္တတရားဟု ပညာဖြင့် ဝေဘန် ပိုင်းခြား ပွားများရာ၏၊ ဤလိုပွါးများမှုကို အနိမိတ္တာနုဘာဝေဟိဟု ဟောတော်မူ၏၊ အနိမိတ္တာနု ဝတ္ထုနိမိတ် ပညတ်နိမိတ်သုဉ်းဆိတ်သော သဘောတရားကို ဘာဝေဟိ ပွားများ ပါလောဟု ခိုင်းတာမှန်ပြီအချီးကျပြီဟု သိမြင်လိမ့်မည်ကြရာ၏။

ဤကား ဧကော ဓမ္မော၏ အဓိပ္ပါယ်ပေတည်း၊ ဤနေရာမှာ အထူးမှတ်လေ။

ဤဧကော ဓမ္မော ပါဠိတော်၏ အကျိုး ကျေးဇူးကို ပြလို၍ ပါဠိတော်တခုက။

အယံခေါဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော သောတာပတ္တိ ဖလသစ္ဆိ ကိရိယာယ သံဝတ္တတိ သကဒါဂါမိ ဖလသစ္ဆိ ကိရိယာယ သံဝတ္တတိ အနာဂါမိဖလသစ္ဆိကိရိယာ ယ သံဝတ္တတိ အရဟတ္တဖလ သစ္ဆိကိရိယာယ သံဝတ္တတိဟု ဟောတော်မူ၏။

အဓိပ္ပါယ်ကား ဖိုလ်အကျိုး လေးခု ကိစ္စ ပြီး၏ဟု အဓိပ္ပါယ် လာ၏၊ ဤပါဠိတော်တို့က တရားကို အားထုတ်သော ယောဂီ တို့၏ နာမ်မှာ ဉာဏ်အမြင်မရှုတ်ရအောင် (၈၁) တရားတွေ ပြား၍ အလုပ် မရှုတ်ရအောင် ဟောတော် မူသည်ဟု သိမြင် လိမ္မာတို့ ရှင်းရှင်း ဟောသည်ဟု မှတ်လေ၊ ဤတရား တခုကို သတိပြု၍ အလုပ်လုပ် ခဲ့သော် ပဋိဝေဓ ခေါ်သော သစ္စာမြင် မဂ်ဉာဏ် ကေန်ဖြစ်၏၊ ဤသို့ ပဋိဝေဓ ခေါ်သော သစ္စာမြင် မဂ်ဉာဏ် ကေန်ဖြစ်လျှင် ပဌမကိစ္စ သောတာပတ္တိ မဂ်ဉာဏ်ဖြစ်၍ ဒိဋ္ဌိနှင့် တကွ ဖြစ်သော အာသဝေါတို့ကုန်လေတော့၏၊ ဒါကြောင့်။

သောတာပတ္တိ မဂ္ဂေနံ အနဝသေသော ဒိဋ္ဌာသဝေါ ခီယတိ အပါယဂမနိယော ကာမာသဝေါ ခီယတိ အပါယဂမနိယော ဘဝါသဝေါ ခီယတိ အပါယဂမနိယော အဝိဇ္ဇာသဝေါ ခီယတိ ဧတ္ထေတေအာသဝါ ခီယန္တိဟု ဟောတော်မူ၏။

သောတာပတ္တိမဂ္ဂေန သောတာပတ္တိ မဂ်ဉာဏ်ဖြင့် အနဝသေ သော အကြွင်းအကျန်မရှိသော ဒိဋ္ဌာသဝေါ မြတ်စွာဘုရား၏အယူ

နှင့်မတူသော ပုဂ္ဂိုလ်သတ္တဝါ အသက် ဇီဝ ရှိသည်ဟု ယူသော မိစ္ဆာဒိဋ္ဌိ အယူဆိုး အယူမှားသည် ခ ိယတိ ကုန်ခန်း လေ၏၊ အပါယဂမနိယော အပါယ် သွားကြောင်း ဖြစ်သော ကာမာသဝေါ ကာမာသဝသည် ခ ိယတိ ကုန်ခန်းလေ၏၊ အပါယဂမနိယော အပါယ် သွားကြောင်းဖြစ်သော ဘဝါသဝေါဘဝါသဝသည် ခ ိယတိ ကုန်ခန်းလေ၏၊ အပါယ ဂမနိယော အပါယ် သွားကြောင်း ဖြစ်သော အဝိဇ္ဇာသဝေါ အဝိဇ္ဇာသဝသည် ခ ိယတိ ကုန်ခန်းလေ၏၊ ဧတ္တ ဤသောတာပတ္တိမဂ်၌ စတေအာသဝါ ဤအာသဝေါ တရားလေးပါးတို့သည် ခ ိယန္တိ ကုန်ခန်းကုန်၏။

ဤသောတာပတ္တိ မဂ်ညာဏ်၌ အာသဝေါ ကုန်လျှင် သောတာပတ္တိဖိုလ် ဖြစ်လေကာ၏၊ **သောတာပတ္တိဖိုလ်ဟုဆိုတာ** မဂ်က ပယ်၍ သတ်မှ ဖြတ်တောက်၍ ဓိစ္ဆာဒိဋ္ဌိ အစရှိသော ကိလေသာတရားတို ချုပ်ငြိမ်းတာ ကိလေသာမီး အလောင်လွှတ် လပ်ခွင့်ရတာကို ဆို၏၊ ဖလသဒ္ဒါသည် ဤဖိုဠ် အစရှိသော ကိလေသာမီး အလောင်လွှတ်သော အကျိုး တရားကို ဖိုလ်ဟု ဆိုရ၏၊ ဤသို့ ဖလကို ဝင်စားနိုင်သော ဖိုလ်ဇော အဆုံ၌ ညာဏ် ယှဉ်၍ အစဉ်လိုက်သည်ကိုသာ ဖိုလ်ဝင်စားသည်ဟု ဆိုရ ခေါ်ရ ပြောရ၏၊ မသိတာ ဘယ်အခါမှ မရှိပေ၊ အသိတရား အမြင်တရား တို့အစဉ်ဆက်စပ်၍ သွားလေကာ၏၊ မသိဟုသော စကားသည် သံမောဟဖြစ်၍ မသိခြင်း ဝိဆိဝိတ်မရှိ၍ မသိခြင်း အိပ်ပျော်သွား ၍ မသိခြင်း စုတိကျ၍ မသိခြင်း ဤမသိခြင်း လေးပါး မျှသာ ရှိပေလိမ့်မည်ဖလသမာပတ်ခေါ်သောဖိုလ်ဇောပိုလ်နှာမ်ဖိုလ် ညာဏ်

တို့မှာ ဘယ်အခါမျှမသိ မရှိပေ၊ အမောဟပညိန္ဒြေယှဉ်၍ အစဉ်၊ သာသိလျက် မြင်လျက် ရှိရမည်ဟု တထစ်ချ မှတ်ယူရမည်။

ပဋိဝေဓသစ္စာမြင် မဂ်ဉာဏ်သည် သမ္မောဓောဟဟု ဟောတာနှင့် အတူတူ ဖြစ်ကြောင်းကို သိမြင်လိမ္မာကြရာ၏၊ ဤလိုသိမြင် လိမ္မာကြမှသာလျှင် ဖိုလ်ဟုဆိုသော အကျိုးတရားကို ထင်ထင် ရှားရှားအတွေ့ဖြစ်မည်။

ဒါကြောင့် ဒုက္ခေဉာဏံ ဒုက္ခသမုဒယေဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါဉာဏံဟု ဟောတော်မူ၏။

ဒုက္ခေ ကိလေသာ မီးလောင်မှု ဒုက္ခကို ဉာဏံ ပဋိဝေဓ ဉာဏ်ဖြင့် သိခြင်းပင်တည်း၊ ဒုက္ခ သမုဒယေ ဒုက္ခ ဖြစ်ကြောင်း တဏှာကို ဉာဏံသိခြင်းပင်တည်း၊ ဒုက္ခ နိရောဓေ တဏှာနှင့်တကွ ဒုက္ခချုပ်ခြင်းကို ဉာဏံ သိခြင်းပင်တည်း၊ ဒုက္ခ နိရောဓဂါမိနိ ပဋိပဒါတဏှာနှင့် တကွ ဒုက္ခ ချုပ်ကြောင်း မဂ်အကျင့်ကို ဉာဏံ သိခြင်းပင်တည်း။

ဤသို့ သစ္စာလေးပါးကို သိသောဉာဏ်ပေါ်မှုသည် ဝိပဿနာ ဉာဏ်ပြည့်စုံမှု၏ အဆုံးမှာ ပေါ်၏၊ ဝိပဿနာ ဉာဏ်ဟု ဆိုတာ သညာသိ ဝိညဉ်သိတို့ထက် လွန်၍ အထူးသိတာကို ဆို၏၊ သစ္စာ ဉာဏ်ဟုဆိုတာ ဤဝိပဿနာ ဉာဏ်တို့ထက် အထူး ထိုးထွင်း၍ သိသော ဉာဏ်ကိုဆို၏၊ ဒါကြောင့်။

သောစေ ကမ္မံ ကရောန္တော စတ္တာရိယသစ္စာနိဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိဟု ကျမ်းဂန်က ဆို၏၊ သော ထိုယောဂီသည် ဧဝံ ဤသို့ ကမ္မံ တရားလုပ်သော အမှုကို (ဝါ) တရားဝေဘန်သော အမှုကို ကရောန္တော ပြုသည်ရှိသော် စတ္တာရိ လေးပါးကုန်သော သစ္စာနိ အမှန်တရား တို့ကို ဧကေန တခုတည်းသော (ဝါ)တချက်တည်း

သော ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုး ဆက်စပ်မှုကို သိအပ်သော လောကုတ္တရာမဂ်
ဉာဏ်ဖြင့် ပဋိဝိဇ္ဇတိ တပြိုင်နက် တချက်တည်း မိုးကြိုးစက်ကျ
သကဲ့သို့ ထိုးထွင်း၍သိလာလေ၏၊

သစ္စာလေးပါးကို သိပြီဟု ဆိုသော်လည်း မှတ်သိလား တွေးသို
ကြံသိလားဟုစဉ်းစားရာ၏။

**စဉ်းစာပုံကား**။ မိမိဥတုဇဓါတ် ခန္ဓာအိမ်ပေါ်မှာ သိတာ
လား ဓါတ်ခန္ဓာအိမ်နှင့် လွတ်၍၊ သစ္စာလေးပါး တခြား ဖြစ်ပုံကို
သိတာမြင်တာလားဟု စဉ်းစားရာ၏၊ ဓါတ်ခန္ဓာအိမ်နှင့်တပေါင်း
တည်းသိလျှင် မှတ်သိတွေးသိ ကြံသိဟု မှတ်ယူရာ၏၊ ဓါတ်ခန္ဓာ
အိမ်မှ လွတ်၍ တဏှာသည်၊ ခန္ဓာအိမ်မှ လွတ်၏၊ တဏှာကြောင့်
ဆင်းရဲမှုသည် ခန္ဓာအိမ်မှလွတ်၏၊ တဏှာနှင့်တကွ ဆင်းရဲ ချုပ်မှု
သည်၊ ခန္ဓာအိမ်မှလွတ်၏။ တဏှာနှင့်တကွ ဆင်းရဲ ချုပ်ကြောင်း
သည်၊ ခန္ဓာအိမ်မှလွတ်၏ဟု သိမြင်သော ဉာဏ်သည်၊ မဂ်သိဟု၊
သညာသိ ဝိညာဉ်သိတို့ကို လွန်၍ဆုံးဖြတ်ရာ၏၊ ဤကား အသိခွဲ
ပုံတည်း။

အထူးမှတ်ဘို့ကား။ သညာသိ ဝိညာဉ်သိဖြစ်လျှင်၊ အာသ
ဝေါမကုန်နိုင်၊ မဂ်သိဖြစ်လျှင် အာသဝေါကုန်နိုင်၏၊

ဒါကြောင့်။ ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ ဇာနတော ပဿတော
အာသဝါနံ ခယောဟောတိ၊ အယံ ဒုက္ခသမုဒယောတိ ဘိက္ခဝေ
ဇာနတော ပဿတော အာသဝါနံ ခယောဟောတိ၊ အယံ ဒုက္ခ
နိရောဓောတိ ဘိက္ခဝေ ဇာနတော ပဿတော၊အာသဝါနံ ခယော
ဟောတိ။အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ဘိက္ခဝေ ဇာနတော
ပဿတော အာသဝါနံ ခယော ဟောတိ၊ ဝေံခေါ ဘိက္ခဝေ ဇာန

တော ပဿတော အာသဝါနံခယော ဟောတိဟု ဟောတော်မူ
၏။ ။

ဘိက္ခဝေ၊ ချစ်သားတို့၊ ဣဒံ၊ ဤရာဂ မီးလောင်မှု၊ဒေါသ
မီးလောင်မှု၊ မောဟမီးလောင်မှု၊ သောက မီးလောင်မှု အစရှိ
သော သဘောတရားစုသည်၊ ဒုက္ခန္တိ၊ ဒုက္ခဟူ၍၊ ဇာနတော
သိသောသူအား၊ ပဿတော၊ မြင်သောသူအား၊ အာသဝါနံ၊
အာသဝေါတရားတို့၏ ခယော၊ ကုန်သည်၊ ဟောတိ၊ ဖြစ်၏။
ဝါ၊ ထင်ရှား၏ ဘိက္ခဝေ၊ ချစ်သားတို့ အယံ ဤအဝိဇ္ဇာကြောင့်
ဖြစ်သော တဏှာသည် ဒုက္ခသမုဒယောတိ၊ ဒုက္ခဖြစ်ကြောင်းဟူ
၍၊ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သော သူ
အား။ အာသဝါနံ၊ ဒိဋ္ဌိအစရှိသော အာသဝေါ တရားတို့၏။
ခယော၊ ကုန်သည်၊ ဟောတိဖြစ်၏၊ ဘိက္ခဝေ ချစ်သားတို့၊အယံ
ဤနိဗ္ဗာန် ခေါ်သောသဘောသည် ဒုက္ခနိရောဓောတိ၊ ဒုက္ခ၏ချုပ်
ငြိမ်းရာဟူ၍၊ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင်သော
သူအား၊ အာသဝါနံ၊ အာသဝေါတရားတို့၏ ခယော ကုန်သည်
ဟောတိ ဖြစ်၏၊ ဘိက္ခဝေ၊ ချစ်သားတို့၊ အယံ ဤမဂ် အကျင့်
ဖြစ်သော မဂ္ဂင်ရှစ်ပါးသည်၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဒုက္ခ
ချုပ်ရာ စခန်းသို့ဆိုက်ရောက် စေတတ်သော အကျင့်မျိုးဟူ၍၊ ဇာ
နတော၊ သိသောသူအား၊ ပဿတော၊ မြင်သောသူအား၊အာသ
ဝါနံ၊ အာသဝေါတရား တို့၏ ခယော ကုန်သည် ဟောတိ၊
ဖြစ်၏၊ ဘိက္ခဝေ၊ ချစ်သားတို့ ခေါ် စင်စစ်၊ ဧဝံ ဤသို့ဆိုအပ်ခဲ့
ပြီးသော တရားအတိုင်း၊ ဇာနတော၊ သိသောသူအား၊ပဿတော
မြင်သောသူအား၊ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊
ကုန်သည်၊ ဝါ၊ ခန်းခြောက်သည်၊ ဟောတိဖြစ်၏။

ဤပါဠိတော်၏အဓိပ္ပါယ်ကား၊လက္ခဏာဒုက္ခကို လွန်၍ သစ္စာဒုက္ခကိုမြင်လျှင်၊ ဧကန်မုချ အာသဝေါကုန်၏၊ ဤလို အာသဝေါကုန်မှသာလျှင်၊ မဂ်ဟု ဆုံးဖြတ်ရာ၏။ အာသဝေါမကုန်လျှင် မဂ်ဟုမဆုံးဖြတ်သင့်ပေ။ မဂ်ဟု မဆုံးဖြတ် သင့်လျှင် အဘယ်မှာ ဖိုလ်ဖြစ်နိုင်ပါတော့အံ့နည်း၊ ဤသို့ မဂ်မဖြစ် ဖိုလ်မဖြစ်ပါဘဲနှင့် မဂ်ဖိုလ်ဟုဆုံးဖြတ်လျှင်၊ သံမောဟ ဒုက္ခသည်သာလျှင် ပွါးစီးရာ၏၊ ဤသံမောဟ ဒုက္ခပွားစီးလျှင် မဂ်ကိစ္စ ဖိုလ်ကိစ္စ မပြီးနိုင်တော့ဘဲ အချီးအနှီး မောဃ ကာလနှင့် အချိန်ကုန်ရာ၏ဟု၊ မိမိတို့၏ နာမ်အစဉ် ဉာဏ်အစဉ်မှာ ပညာဖြင့်ဝေဘန်၍ အတိအကျ ဆုံးဖြတ်နိုင်သော အသိအလိမ္မာ ဉာဏ်ပညာကို ရကြရာ၏၊ ပဝတ္တိ၊ ဒုက္ခဖြစ်ခြင်း။ ပဝတ္တက၊ ဒုက္ခဖြစ်ကြောင်း။ နိဝတ္တိ၊ ဒုက္ခ ချုပ်ခြင်း။ နိဝတ္တက၊ ဒုက္ခချုပ်ကြောင်း။

ဤသို့ဖြစ်ခြင်း ဖြစ်ကြောင်း၊ ချုပ်ခြင်း ချုပ်ကြောင်း တရားလေးပါးကို ပိုင်းခြား၍ သိရန်ကား။ မိမိ၏ ခန္ဓာအတွင်း၌ မနောဓါတ်မှာ။ အဝိဇ္ဇာနှင့် တဏှာမူလ နှစ်ပါးတို့သည် ပဥ္စာရုံနှင့် ဆက်သွယ်တိုင်း ဆက်သွယ်တိုင်း၊ ရာဂမီးအစရှိသည်တို့ ဖြစ်ဘို့ လောင်ဘို့ အစဉ်ဆောင်လျက်ရှိ၏၊ ဒါကြောင့် သမုဒယ သစ္စာဟု ဟောသည်၊ ဤရာဂမီး အစရှိသည်တို့ ဖြစ်တိုင်းဖြစ်တိုင်း နာမ်စိတ်ကို လောင်ကြကုန်၏၊လောင်တိုင်းလည်း ဆင်းရဲ၏၊ ဒါကြောင့် ဒုက္ခသစ္စာဟု ဟောသည်။ ဤရာဂမီး အစရှိသည်တို့ ချုပ်ငြိမ်းဘို့ရာ မနောဝိညာဉ်မှာ၊ အမောဟ ပညိန္ဒြေသည် ဖြစ်၏၊ ဤပညိန္ဒြေ ဖြစ်တိုင်း ဖြစ်တိုင်း မနိန္ဒြေသည်ဖြစ်၏။ ဤလိုမနိန္ဒြေဖြစ်မှ အသံမောဟခေါ်သော ဗုဓဓါတ်ပေါ်၏၊ ဤဗုဓဓါတ်သည် အကြောင်းတရား အကျိုးတရားတို့ကို ထိုးထွင်း ကြိတ်ချေမွှေနှောက်၍သိ၏။

ဤအရာ၌ ကျမ်းဂန်တို့တွင် အမောဟ ပညိန္ဒြေ စေတသိက်ယှဉ်၍၊ မနောဒွါရ ဝဇ္ဇန်းမဟာ ကုသိုလ်ညာဏ သမ္ပယုတ်စိတ် ဟူ၍ရှင်း၊ မနောဒွါရ ဝဇ္ဇန်း မဟာကြိယာ စိတ်ဟူ၍ရှင်း၊ ကာလကို ပိုင်းခြား၍ခေါ်ရ၏။ ခေါ်လည်းခေါ်သင့်၏၊ဤနေရာ၌ အထူးမှတ်ဘို့က တရားကိုအားထုတ်သော ယောဂီတို့ သိမြင်ပေါက်ပိုင် ဖြစ်ပြီးမှ ယခုပြသော ဓမ္မခန်း ကိုဝင်စားပါ။ သိမြင် ပေါက်ပိုင် မဖြစ်သေးလျှင် မဝေဘန် မဝင်စားလေနှင့် ဘာကြောင့် ဆိုသော်၊ ကျမ်းရေးသူကို ပြစ်မှားမိတတ်သည်၊ ပြစ်မှားမိလျှင် ဓမ္မန္တရာယ်ဖြစ်၍ မဂ်ကိုတားတတ်သည်ဟု သိမြင်လိမ္မာကြရာ၏၊ သိမြင်လိမ္မာကြလေ။

တရားကိုအားထုတ်ကြသော ယောဂီသူမြတ်တို့ သတိပြုရန်အချက်ကား။ မိမိတို့ အားထုတ် ကြသော တရား၌ သမာဓိအခန်း။ ညာဏ်စဉ်အခန်းတို့သည် ဖြစ်တတ်ကြ၏၊ ဖြစ်ရိုးဓမ္မတာပေတည်း။ ဤလိုဖြစ်လာပေါ်လှာလျှင် ဤလိုဖြစ်ခြင်းကား ဥပစာရ သမာဓိတည်း။ ဤလိုဖြစ်ခြင်းကား အပ္ပနာသမာဓိတည်း၊ ဤလိုဖြစ်ခြင်းကား လောကီညာဏ် ဆယ်ပါးတည်း။ ဤလိုဖြစ်ခြင်းကား ဂေါတြဘူနှင့် မဂ်ညာဏ်တည်းဟု အပြတ်အသတ် အကွင်းလိုက် အကွက်လိုက်၊ သိမြင် လိမ္မာကြရာ၏။ ဒါကြောင့် မဂ်ဟုတ် မဟုတ်ကို သိဘို့ရာ မဂ်ရှင်းတန်းကိုပြပေအံ့။

သောတဿ အာပတ္တိ၊ တေဿာတိ သောတာပတ္တိ။
သောတာ ပတ္တိဿ မဂ္ဂေါ၊ သောတာပတ္တိ မဂ္ဂေါ။
သောတာ ပတ္တိ မဂ္ဂေန သမ္ပ ယုတ္တံ စိတ္တံ၊ သောတာ ပတ္တိ မဂ္ဂစိတ္တံ။ ။

တေသ ထိုယောဂီအား [illegible] သောတသ အရိယမဂ္ဂင်ရှစ်ပါးသို့ အာပတ္တိ အထက်မဂ်သုံးပါးတို့၏ ရှေးဦးစွာ ရောက်ခြင်းသည် အတ္ထိ ရှိ၏။ ဣတိ ထို့ကြောင့် သော ထိုယောဂီသည် သောတာပတ္တိသောတာပတ္တိမည်၏။ သောတာပတ္တိသ နိဗ္ဗာန်သို့ အာရုံပြုသည်၏ အစွမ်းအားဖြင့် ရှေးရှုကပ်တတ်သော အရိယာမဂ္ဂင်ရှစ်ပါးသို့ အထက်မဂ် သုံးပါးတို့၏ ရှေးဦးစွာ ရောက်ခြင်းရှိသော ယောဂီ၏ မဂ္ဂေါ မဂ်တည်း။ သောတာပတ္တိမဂ္ဂေါ သောတာပန်ယောဂီ၏မဂ် သောတာပတ္တိ မဂ္ဂေန သောတာပန် ယောဂီ၏ မဂ်နှင့် သမ္ပယုတ္တံ ယှဉ်သော စိတ္တံ စိတ်တည်း။ သောတာပတ္တိမဂ္ဂစိတ္တံ သောတာပန် ယောဂီ၏မဂ်နှင့် ယှဉ်သောစိတ်။

ဤစိတ်ကိုရလျှင် အပါယ်ဘေးကြီးမှ လွတ်၏။ ဝါ ထွက်မြောက်၏။

ဒါကြောင့် သောတာပတ္တိ မဂ္ဂေါ စေတ္ထ အပါယဘာဝတော ဝုဋ္ဌာတိဟုလာ၏။

တွေ့စတုသု မဂ္ဂေသု ဤလေးပါးသော မဂ်တို့တွင် သောတာပတ္တိမဂ္ဂေါ သောတာပတ္တိမဂ်သည် အပါယ ဘာဝတော အပါယ်လေးပုံမှ ဝုဋ္ဌာတိ ထွက်မြောက်၏။ ဝါ ထမြောက်အောင်မြင်၏။

ဤသို့ ယခုပြသော ယောဂီတို့၏စိတ်မှာ မဂ်ဖြစ်လျှင် အပါယ်လေးပါး ဆင်းရဲမှ လွတ်မြောက်မှုအကျိုး အာသဝေါကုန်မှုအကျိုး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှု အကျိုးဟု ဆိုအပ်သော ကျေးဇူးဂုဏ်တို့ကို ထင်ရှားစွာ ရလေတော့၏။ ဤအကျိုးတို့ကို ရတာသည် ဖလ္လဟု မှတ်ပါ ယူပါ။ ဤအကျိုး တရားတို့ကို နာမ်အစဉ် ဉာဏ်အစဉ် ဝင်စားမှုပြုတာကို ဖလသမာပတ်ဟုဆို

ရ၏။ ဤကား သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ခေါ်ပုံကို သိနားလည်ဘို့ ပြသောအခန်းပေတည်း။ ဤနေရာ၌ဝိစိကိစ္ဆာ မဖြစ်အောင် ပညာဖြင့် ဝေဘန်ပါ။ သံမောဟ ဒုက္ခမဖြစ်ပါစေနှင့် သတိသမ္မောဇ္ဈင် ဖြစ်ပါစေ ယောဂီတို့။

ဤအခန်း၌ ယောဂီများ အထူးမှတ်ဘို့ကား၊ သောတာပတ္တိ မဂ်စိတ်ကို ရကြမှသာလျှင် သောတာပတ္တိဖိုလ်ကို ဝင်စားနိုင်သည်ဟုမှတ်ပါ ယူပါ။လက္ခဏာဉာဏ်နှင့် မဝင်စားနိုင်ပါ ဉာဏ်ဆယ်ပါး ရရုံမျှနှင့်လည်း သောတာပတ္တိဖိုလ်ကို မဝင်စားနိုင်ပါ။ ဝင်စားနိုင်သည်ဟု ယူဆလျှင် အမှားယူဟု မှတ်ပါ။ ဤသောတာပတ္တိ မဂ်စိတ်သည် အာသဝေါ ကုန်သောစိတ်ဖြစ်၏။ ဤသို့ အာသဝေါ ကုန်သောစိတ်ဖြစ်မှသာ ဖိုလ်အကျိုးတရားကို ရ၏။ လက္ခဏာဉာဏ်နှင့် ယှဉ်သောစိတ်သည် အာသဝေါ ကုန်သောစိတ်မဟုတ်ပေ။ ထို့အတူ ဉာဏ်ဆယ်ပါးနှင့်ယှဉ်သော စိတ်တို့လည်း အာသဝေါကုန်သော စိတ်တို့မဟုတ်ပေ။ ဒါကြောင့် ဖိုလ်မဝင်စားနိုင်ဟု မှတ်ပါ ဖိုလ်မဝင်စားနိုင်ဘဲနှင့် အထင်ကြီး၍ နေကြလျှင် ယောဂီတို့မှာ မောဃကာလဖြစ်၍ ပဋိဝေဓသောသနာကိုမဆိုက်မရောက်တော့ဘဲ အရှုံးကြီးရှုံး အဆုံးကြီး ဆုံးကြ၍ ဗောဓိမျိုးတွေ အညွန့်တုံးသွားမှာကို သတိမူကြပါ ဤလိုရေးပြခြင်းသည် ကရုဏာရှေ့ရှု၍ ရေးပြသည်ဟု ယူဆစေလိုပါသည်။ သူတပါးတို့ကို ပြစ်မှားမှု လုံးဝမပါဟု မှတ်ပါ ယူပါ ယောဂီတို့ ဤနေရာ၌ သတိမူပါ။

သကဒါဂါမိနော မဂ္ဂေါ သကဒါဂါမိ မဂ္ဂေါ။
သကဒါဂါမိမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ သကဒါဂါမိ
မဂ္ဂ စိတ္တံ။

သကဒါဂါမိနော အထက်မဂ် နှစ်ပါးတို့၏ ရှေးဦးစွာ ရောက်ခြင်းရှိသော ယောဂီ၏ မဂ္ဂေါ မဂ်တည်း။ သကဒါဂါမိ မဂ္ဂေါ သကဒါဂါမိ ယောဂီ၏မဂ် သကဒါဂါမိမဂ္ဂေန သကဒါဂါမိမဂ်နှင့် သမ္ပယုတ္တံ ယှဉ်သော စိတ္တံ စိတ်တည်း သကဒါဂါမိ မဂ္ဂစိတ္တံ သကဒါဂါမိ ယောဂီ၏ မဂ်နှင့် ယှဉ်သောစိတ်။

သကဒါဂါမိမဂ္ဂေါ သုဂတိ ကာမဘဝေ

ကဲဒေသတောဝုဋ္ဌာတိ။

သကဒါဂါမိမဂ္ဂေါ သကဒါဂါမိမဂ်သည် သုဂတိ ကာမဘဝေ ကဒေသတော သုဂတိဖြစ်သော ကာမဘုံတစိတ်မှ ဝုဋ္ဌာတိ ထွက်မြောက်၏။

ဤနေရာ၌ သောတာပတ္တိမဂ်ကို ရသောယောဂီနှင့် သကဒါဂါမိ မဂ်ကိုရသော ယောဂီတို့ ကွာခြားပုံကား။

ကာမဘုံတစိတ်မှ ထွက်မြောက်မှု ရမရကိုသာ ခွဲခြားလို့ ယူရမှတ်ရမည်။ကာမနယ်ထဲမှာ မွေ့မပျော်မှုကား အတူတူပင်ရှိသေး သည်ဟု ယောဂီတို့၏ဉာဏ်မှာ မြင်ရမည်ဟု မှတ်ပါ။

အနာဂါမိဿ မဂ္ဂေါ အနာဂါမိ မဂ္ဂေါ။

အနာဂါမိ မဂ္ဂေန သမ္ပယုတ္တံ စိတ္တံ။

အနာဂါမိ မဂ္ဂစိတ္တံ။

အနာဂါမိဿ အရဟာတ္တမဂ်၏ ရှေးဦးစွာ ရောက်ခြင်းရှိ သော ယောဂီ၏ မဂ္ဂေါ မဂ်တည်း။ အနာဂါမိ မဂ္ဂေါ အနာဂါမိ ယောဂီ၏မဂ်။ အနာဂါမိ မဂ္ဂေန အနာဂါမိ မဂ်နှင့် သမ္ပယုတ္တံ ယှဉ်သော စိတ္တံ စိတ်တည်း။ အနာဂါမိ မဂ္ဂစိတ္တံ အနာဂါမိ မဂ်နှင့်ယှဉ်သောစိတ်။

အနာဂါမိ မဂ္ဂေါ ကာမဘဝတော ဝုဋ္ဌာတိ။

အနာဂါမိမဂ္ဂေါ အနာဂါမိမဂ်သည် ကာမဘဝတော ကာမဘုံ အလုံးစုံမှ ဝုဋ္ဌာတိ ထွက်မြောက်၏။

သကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်တို့ ကွာခြားပုံမှာ။ ကာမဘုံကို အကုန်လွတ်မှု မလွတ်မှုသာ ကွာခြားသည်ဟု မှတ်ပါယူပါ။

အရဟတ္တာယ ဘာဝေါ အရဟတ္တံ အရဟတ္တာယမဂ္ဂေါ။
အရဟတ္တမဂ္ဂေါ အရဟတ္တမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ
အရဟတ္တ မဂ္ဂစိတ္တံ။

အရဟတ္တာယ အရဟတ္တမဂ်၏ ဘာဝေါ အဖြစ်တည်း။ အရဟတ္တံ အရဟတ္တမဂ်၏ အဖြစ်အရဟတ္တာယ အရဟတ္တယောဂီ၏ မဂ္ဂေါ မဂ်တည်း။ အရဟတ္တမဂ္ဂေါ အရဟတ္တယောဂီ၏မဂ်။ အရဟတ္တမဂ္ဂေန အရဟတ္တမဂ်နှင့် သမ္ပယုတ္တံ ယှဉ်သော စိတ္တံ စိတ်တည်း အရဟတ္တမဂ္ဂစိတ္တံ အရဟတ္တမဂ်နှင့်ယှဉ်သောစိတ်။

အရဟတ္တမဂ္ဂေါ ရူပါ ရူပဘဝတော ဝုဋ္ဌာတိ။

အရဟတ္တမဂ္ဂေါ အရဟတ္တမဂ်သည် ရူပါ ရူပ ဘဝတော ရူပဘုံ အရူပဘုံမှ ဝုဋ္ဌာတိ ထွက်မြောက်၏။

အဂ္ဂ ဒက္ခိဏေယျ ဘာဝေန ပူဇာ ဝိသေသံ အရဟတီတိ အရဟာ။ အဂ္ဂ ဒက္ခိဏေယျ ဘာဝေန၊မြတ်သောအလှူကို ခံထိုက်သည်၏ အဖြစ်ဖြင့်။ ပူဇာဝိသေသံ၊ ပူဇော်အထူးကို။ အရဟတိ၊ ခံတော်မူထိုက်၏။ဣတိ၊ထို့ကြောင့်။ အရဟာ၊ အရဟမည်၏။ ။

မဂ္ဂသာ ကေ စိတ္တက္ခဏိကတ္တာ၊ ကေဝါရ ပဝတ္တေနေဝစ။
တေန အသနိ သမ္ပာတေန ဝိယ တရု အာဒီနံ။
သမူလ ဝိဒ္ဓံ သနသာ၊ တံတံကိစ္စ ကိလေသာနံ အစ္စန္တံ။
အပ္ပဝတ္တိယာ သာဓိတတ္တာ။ ။

မဂ္ဂသာ၊ မဂ်စိတ်၏။ ကေ စိတ္တက္ခဏာ ကတ္တာ၊ စိတ္တက္ခဏ တချက်လျှင် ဖြစ်ခြင်းကြောင့်တည်း။ ကေဝ ါရ ပဝတ္တေနေဝစ၊ တကြိမ်တည်း ဖြစ်သည်သာလျှင် ဖြစ်သော။ တေန၊ ထိုမဂ်စိတ်သည်။ အသန္နိသမ္ဘာတေန၊ ကျသော မိုးကြိုးစက်သည်၊ တရုအာဒီနံ၊ သစ်ပင်စသည်တို့၏ သမူလဝိဒ္ဓံသနသာ၊ အမြစ်နှင့်တကွဖျက်ဆီးခြင်းကို။ သာဓိတောဝိယ၊ ပြီးစေအပ်သကဲ့သို့။ တထာထို့အတူ၊ တံတံကိစ္စ ကိလေသာနံ၊ ထိုထိုမဂ်ဖြင့် ဖြတ်အပ်သောကိစ္စရှိသော ကိလေသာတို့ကို။ အစ္စန္တံ၊ စင်စစ်။ အပ္ပဝတ္တိယာ၊ တဖန်မဖြစ်ခြင်းဖြင့် သာဓိတတ္တာ ပြီးစေသည်၏၊ အဖြစ်ကြောင့်တည်း။

ဤသို့ ယခုပြသော ဥပမာ အတိုင်း။ သောတာ ပတ္တိမဂ်ဟုတ်သည် မဟုတ်သည်တို့ကို သိလိုသော ယောဂီတို့မှာ၊ မိမိတို့အားထုတ်သော ဝိပဿနာစိတ္တုပ္ပါဒ်၌။ အဓိသီလ အဓိစိတ္တ အဓိပညာဟုဆိုအပ်သော သိက္ခာသုံးပါး ပြည့်စုံမှု မပြည့်စုံမှုကို စစ်တမ်းထုတ်ရာ၏၊ ပြည့်စုံလျှင် မဂ်အကျင့်ဖြစ်သော မဂ္ဂင် ရှစ်ပါးသည်၊ အကွင်းလိုက် အကွက်လိုက် သိသိ သာသာကြီး ဖြစ်လာလေတော့၏။ ဤသို့ မဂ္ဂင်ရှစ်ပါး ဖြစ်လာမှသာလျှင်။ သောတာပတ္တိမဂ်ဝီထိကျ၍ မဂ်ဇော မဂ်စိတ် မဂ်ညာဏ်တို့ ပေါ်ကျ ကုန်၏၊ ဤမဂ်ညာဏ်တို့ပေါ်ကြလျှင် ဒိဋ္ဌိအစရှိသော ကိလေသာ အနုသယတို့၊ မနောဓါတ်မှာ မိုးကြိုးစက်ကျသလို အားလုံးကုန် ပြတ်လွှင့်ကြကုန်၏၊ ဤသို့ မနောဓါတ်မှာ အနုသယတို့ ပြတ်လျှင်၊ မနောဝိညာဉ်မှာ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ အယူကြမ်းတို့ မဖြစ်မပေါ်တော့ပေ။ လောက အသုံးနှင့်သာခေါ်ဝေါ်သုံးနှုန်းလေတော့၏၊ နိစ္စဒိဋ္ဌိ သုဘဒိဋ္ဌိ သုခဒိဋ္ဌိ၊အတ္တဒိဋ္ဌိတို့ဘယ်သောအခါမှ မဖြစ်မပေါ်

တော့ပေ။ နိစ္စသညာ၊ အတ္တသညာ၊ နိစ္စစိတ္တ၊အတ္တ စိတ္တတို့လည်း ဘယ်သောအခါမှ မဖြစ်မပေါ်တော့ပေ။ ကံကိုလွန်ကျူးမှုလည်း ဘယ်သောအခါမှ မဖြစ်မပေါ်တော့ပေ။ ဒါကြောင့် တရားကို အားထုတ်သော ယောဂီတို့မှာ ယခုပြသော တရားအစဉ်အတိုင်း ပြည့်စုံကြမှသာလျှင်၊ မဂ်ဟု ဆိုးဖြတ်သင့်ပါသည်။ မိမိတို့၏စိတ် ထင်တိုင်း မဆိုးဖြတ်သင့်ပေ။ သိပြီး သိယောင် ဟန်ဆောင်မှုသည် လောကုတ္တရာ တရားကိုးပါးနှင့် ဆန့်ကျင်ဘက်ဟု မှတ်ယူကြပါ။ ဝါ၊ အချိုးနှိုးသော ဟန်ဆောင်မှုဟု မိမိတို့ကိစ္စကို သိစေလို၏။ ဤနေရာမှာ သတိမူပါ။

သော တိဏ္ဏံ သံယောဇနာနံ၊ ပရိက္ခယာ ကောဗိဇီ ဟောတိ။

ကော်ယေဝ မာနုဿကံဘဝံ၊ နိဗ္ဗတ္တိတွာဒုက္ခဿန္တံ ကရောတိဟု သောတာပန်အချိုးအစားကို ဟောတော်မူ၏။

သော၊ ထို ယောဂီသည်၊ တိဏ္ဏံ၊ သုံးပါး ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏၊ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်၊ ကောဗိဇီ၊ တခုသော ပဋိသန္ဓေတည်နေမှုရှိသည်၊ ဟောတိ၊ဖြစ်၏။ ကော်ယေဝ၊ တကြိမ်သာလျှင် မာနုဿ ကံဘဝံ၊ လူခေါ်သော ခန္ဓာဘဝကို၊ နိဗ္ဗတ္တိတွာ၊ ဖြစ်ပြီး၍၊ ဒုက္ခဿန္တံ၊ ဒုက္ခ၏အဆုံးကို၊ ကရောတိ၊ ပြုရလေတော့၏။

ဤပါဠိတော်အလိုကား။ သစ္စာမြင်မှု ညာဏ်အထက်ဆိုး ကို၊ ကောဗိဇီဟု ဟောတော်မူ၏။

သောတိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ၊
ကောလံကောလော ဟောတိ၊ ဒွေဝါတီဏိ ဝါ၊
ကုလာနိ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ၊ ကရောတိ
ဟု ဟောတော်မူ၏။ ။

သော၊ ထိုယောဂီသည်၊ တိဏ္ဏံ၊ သုံးပါး ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်၊ ကောလံကောလော၊ နှစ်ဘဝ သုံးဘဝသာ ပဋိသန္ဓေ တည်နေမှု ရှိသည်။ ဟောတိ၊ ဖြစ်၏၊ သော၊ ထိုဒိဋ္ဌိကွာ၍ သောတာပန် အလတ်စားဖြစ်သောသူသည်။ ဒွေဝါကုလာနိ၊ နှစ်ဘဝ တို့ရင်း။ တီဏိဝါကုလာနိ၊ သုံးဘဝတို့ရင်း။ သန္ဓာဝိတွာ၊ သံသရာမှပြေး သွားရ၍၊ သံသရိတွာ၊ မြတ်သောအမျိုး၌သာလျှင် ကျင်လည်၍ ဒုက္ခဿန္တံ၊ ဒုက္ခ၏အဆုံးကို၊ ကရောတိ၊ ပြုရလေတော့၏။

ဤပါဠိတော်က သစ္စာမြင်မှု ညာဏ်အလတ်စားကို ကောလံ ကောလောဟု ဟောတော်မူ၏။ ။

သော တိဏ္ဏံ သံယောဇနာနံ၊ ပရိက္ခယာ သတ္တက္ခတ္တုပရမော ဟောတိ၊ သတ္တက္ခတ္တုံ ပရမံ ဒေဝေစမနုဿေစ၊ သန္ဓာဝိတွာ သံသရိတွာ၊ ဒုက္ခဿန္တံ ကရောတိ။ ။

သော၊ ထိုဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်ပြီးသော သူသည်၊ တိဏ္ဏံ၊ သုံးပါးကုန်သော၊ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်၊ သတ္တက္ခတ္တုပရမော၊ ခုနစ်ကြိမ် မြောက်သာ ပဋိသန္ဓေယူသော သောတာပန်သည်၊ ဟောတိ၊ ဖြစ်၏။ သော၊ ထိုဒိဋ္ဌိကွာ၍ သောတာပန် ဖြစ်ပြီးသောသူသည် သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်၊ ပရမံ၊ မြတ်သော ဒေဝေ နတ်ဘဝ၌ရင်း၊ မနုဿေစ၊ လူဘဝ၌ရင်း။ သန္ဓာဝိတွာ၊ ဝဋ်မြစ်နှစ်ရပ် အကုန် မပြတ်သေးသည်ရှိသော်၊ ကျင်လည် ပြေးသွားရ၍၊ သံသရိတွာ၊ မြတ်သောအမျိုးတို့၌သာလျှင် ကျင်လည်ပြီး၍။ ဒုက္ခဿန္တံ၊ ဒုက္ခ၏ အဆုံးကို။ ကရောတိ၊ ပြုရလေတော့၏။

ဤပါဠိတော်က သစ္စာ မြင်မှု ဉာဏ် အနုံ့ စား ကို သတ္တက္ခတ္တုပဟု ဟောတော်မူ၏။

သောတာပန္နော နာမ။ အဝိနိပါတ ဓမ္မော။
နိယတော သမ္ဗောဓိ ပရာယနော’တိ။ ။

သောတာပန္နောနာမ၊ သောတာပန်မည်သည်ကား။ အဝိနိပါတဓမ္မော၊ အပါယ်သို့ ကျရောက်စေတတ်သော သဘော မရှိသည်။ ဟောတိ၊ ဖြစ်၏။ နိယတော၊ မြဲသော အလားရှိသည်။ ဟောတိ၊ ဖြစ်၏။ သမ္ဗောဓိပရာယနော၊ အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာ ရှိသည်။ ဟောတိ၊ ဖြစ်၏၊ ဣတိ၊ ဤသို့။ ငါဘုရားသည် ယောဂီတို့ လမ်းမမှားအောင် ဟောကြားတော်မူခဲ့၏။

ဤပါဠိတော်၌ ပြသော သောတာပန်သုံးမျိုးသည် သစ္စာမြင်မှု သံယောဇဉ်ကုန်မှု သောတာပန် အစစ်တွေကို ဟောတော်မူသည်၊ ဉာဏ်ဆယ်ပါးနှင့် သောတာပန် လုပ်၍ နေသူ တို့ကို ဟောတော်မူသည် မဟုတ်ပေ၊ ဟောလို့လည်း မဖြစ်ပေ၊ ဟောလည်း မဟောကောင်းပေ၊ သတိမူပါ။

ဤသို့ ပါဠိတော်လာ သောတာပန် သုံးမျိုး တို့မှာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ သုံးပါး တို့ကို အစဉ်ရကြကုန်၏၊ ဤသို့ သိက္ခာသုံးပါးကို အစဉ် ရကြသော ကြောင့် မဂ္ဂင်ရှစ်ပါးပြည့်စုံကြကုန်၏၊ ဤမဂ္ဂင်ရှစ်ပါး ပြည့်စုံခြင်း ကြောင့် သံယောဇဉ် သုံးပါး ပြတ်ကြကုန်၏၊ အောက်သံသရာ သွားကြောင်း ဖြစ်သော အာသဝေါ တရားလေးပါး တို့လည်း ကုန်ကြကုန်၏၊ အပါယ်မျိုး ဖြစ်သော အကုသိုလ် ကံတရား တွေဖြစ်မှုလည်း လုံခြုံကြကုန်၏၊ နိယတဂတိလည်း ဖြစ်ကြကုန်၏၊

နိဗ္ဗာန်သို့ သွားကြောင်း ဖြစ်သော ဗောဓိပက္ခိယ အမေ့ကို လည်း ခံကြရကုန်၏၊ ဝိမုတ္တိရသ ဓမ္မအမေ့ သန္တိသုခ ကိုလည်း စိတ်တွေ့ ညာဏ်တွေ့ ခံစားကြရကုန်၏၊ ဘေးကြီး လေးပါးကို ကြောက်ရမှု လန့်ရမှု ထိတ်ရမှုတို့လည်း စိတ်မှာ အစဉ်လွတ် ကြကုန်၏၊ ချစ်မီးလောင်မှု မုန်းမီးလောင်မှုတို့လည်း သက်သာရာ ရကြကုန်၏၊ မနာလိုဝန်တို ငြူစူစောင်းမြောင်း မကောင်းသော တရား တို့လည်း ကင်းကြကုန်၏၊ တန်ခိုးလိုမှု လာဘ်မျှော်မှု အကျော် အစော ဂုဏ်လိုမှု တို့လည်း ကင်းကြကုန်၏၊ လောကီ ကုသိုလ်သခါရတရား တို့ကိုလည်း အကျိုးကိုမျှော်လင့်မှု မထားဘဲ စွန့်ကြကုန်၏၊ လောကုတ္တရာ ကုသိုလ် လောကုတ္တရာ အကျိုးကိုသာ စိတ်၌ ညွတ်ကိုင်းမှု ရှိကြကုန်၏၊ ပုထုဇန်တို့ကဲ့သို့ စိတ်၌ အလုပ်ပို မလုပ်တော့ပေ၊ ရတနာသုံးပါး သရဏဂုဏ် သုံးပါး တည်မှုကို အမြဲတန်း အလိုရှိကြကုန်၏၊ ဤနေရာ၌ အရိယာ လောင်းများ သတိမူကြပါလေ။

## ယောဂီများအထူးသတိပြုရန်အချက်

မိမိတို့၏ နာမ်စိတ်အစဉ်၌ ကိလေသာ ဖြစ်သော အကုသိုလ် စိတ် အကုသိုလ်စေတသိက်တို့ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ကိလေ သာ အညစ် အကြေး ကင်းသော ဘုရားရတနာ တရားရတနာ သံဃာရတနာတို့ တည်ရာမှီရာ မရမရှိကြောင်း၊ သရဏဂုဏ်တို့ မတည်ကြောင်းကို သိမြင်လိမ့်မှာကြရာ၏၊ စိတ်ဖြူ စိတ်စင် စိတ်ကြည် လင်တို့ဖြစ်မှ သာလျှင် ရတနာသုံးပါး သရဂုဏ် တရား တို့တည် ကြောင်းကို သိမြင်လိမ့်မှာကြရာ၏၊ ဒိဋ္ဌိနှင့်တကွဖြစ်သော အကုသိုလ် စိတ်အကုသိုလ် စေတသိက်တို့ အာရုံခြောက်ပါး၌ အမြဲတန်း ရှိလျှင် ရတနာသုံးပါး သရဏဂုဏ် တရားတို့ လုံးဝမရှိပေ၊ ဘာ

ကြောင့်ဆိုသော် ရတနာသုံးပါး သရဏဂုဏ်တရားတို့နှင့် မတွဲသော ကြောင့်ပေတည်း၊ ကိလေသာ အညစ်အကြေး ကင်းသော စိတ် စေတသိက်တို့ဖြစ်တိုင်း ဖြစ်တိုင်း ရတနာသုံးပါး သရဏဂုဏ် တရား တို့အမြဲတန်း ရှိသည်ရသည်ဟု မှတ်ယူရာ၏၊ ဤကားအထူးသတိပြုရန် အချက်ပေတည်း၊ ဤအမှာကို ယောဂီများ သတိနေ္ဒြ သတိဗိုလ် သတိသမ္ဗောဇ္ဈင်ပြု၍ အပ္ပမာဒ ရှိကြပါစေကုန်သတည်း။

**ဤကျမ်းကိုကြည့်ရှုသူတို့ဝမ္မန္တရာယ်ကံစောင့်စီးကြပါလေ။**

## စရဏတဆယ့်ငါးပါး

၁။ သီလသံဝရ။ ၂။ ဣန္ဒြိယသံဝရ။ ၃။ ဘောဇနေမတ္တညုတ။ ၄။ ဇာဂရိယာနုယောဂ။ ၅။ သဒ္ဓါ။ ၆။ ဟိရီ။ ၇။ ဩတ္တပ္ပ။ ၈။ ဗာဟုသစ္စ။ ၉။ ဝီရိယ။ ၁၀။ သတိ။ ၁၁။ ပညာ။ ရူပါဝစရဈာန် ၄-ပါး၊ အားလုံးပေါင်း တဆယ့် ငါးပါး။

## ဝိဇ္ဇာရှစ်ပါး

၁။ ပုဗ္ဗေနိဝါသ။ ၂။ ဒိဗ္ဗစက္ခု။ ၃။ အာသဝက္ခယ။ ၄။ ဣဒ္ဓိဝိဓ။ ၅။ ဒိဗ္ဗသောတ။ ၆။ ပရစိတ္တ။ ၇။ မနောမယိဒ္ဓိ။ ၈။ ဝိပဿနာဉာဏ်။ အားလုံးပေါင်း ဝိဇ္ဇာ ရှစ်ပါး။

## လောကသုံးပါး

ကုသိုလ် အကုသိုလ် ရုပ်နာမ် အပေါင်းကို သတ္တလောက ခေါ်၏၊ ပဌဝီသဏ္ဌာန်နှင့် စုတိရာကို ဩကာသ လောက ခေါ်၏၊ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယ ဗဒ္ဓ နှစ်ခုတို့၏ အပေါင်းရုပ်နာမ်ကို သင်္ခါရ လောကဟုခေါ်၏။

# ကိလေသာတထောင့်ငါးရာ

လောဘ၊ ဒေါသ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ အားလုံး ပေါင်း ကိလေသာဆယ်ပါး။

နာမ်တေ ပညာသနှင့် နိပ္ဖန္နရုပ် တဆယ့်ရှစ်၊ လက္ခဏာရုပ်၊ လေးပါး၊ အကုန်ပေါင်းသော် ၇၅—ပါးဖြစ်၏၊ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ခုပေါင်းသော်၊ တရာ့ငါးဆယ်ဖြစ်၏၊ ကိလေသာ ဆယ်ပါး နှင့်မြှောက်သော်၊ တထောင့်ငါးရာဖြစ်၏။

**ကိလေသာတထောင့်ငါးရာဖြစ်ပုံ**

**တဏှာသုံးသွယ်ဟူသည်ကား**

ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာ ဟူ၍ သုံးပါး၊ ၎င်းသုံးပါးကို၊ အာရုံခြောက်ပါးနှင့်မြှောက်သော်တဆယ့်ရှစ်ပါး ဖြစ်၏၊ ၎င်းတဆယ့်ရှစ်ပါးကို၊ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ခုပေါင်းသော် သုံးဆယ့်ခြောက်ပါးဖြစ်၏၊ ၎င်းသုံးဆဲ့ခြောက်ပါးကို ကာလသုံး ပါးနှင့် မြှောက်သော် ကရာ့ရှစ်ဖြစ်၏၊ ၎င်းတရာ့ရှစ်ကနေ၍ ပွါးသော် ကိလေသာ တထောင့်ငါးရာ ဖြစ်၏၊ သည်လို ရည်၍ ကြောင်ပန်းဆရာတော်စပ်ဆို၍ ထားသည်ဟု မှတ်လေယူလေ။

................

# နိဂုံး

မမွမေဃေန် ဝဿန္တေ သမ္ဗေဟောန္တု အနာသဝါ၊
ယေတ္တမဇ္ဈိမကာသတ္တာ သောတာပန္နာ ဘဝန္တုတေ။

မမွမေဃေန လောကမိုးယံးကက် ဆထက်တံပိုးမက တိုး၍ အမျိုးမျိုး အေးမြစေတတ်သော တရားတည်းဟူသော မိုးယံးတော်ကြီးဖြင့် ဝါ ဒုက္ခခပ်သိမ်း အကုန်ငြိမ်းစေတတ်သော တရားတည်းဟူသောမိုးယံးတော်ကြီးကို ဝဿန္တေ သွန်းဖြိုးရွာချ ဟောပြလိုက်သည် ရှိသော် သမ္ဗေ ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားနာလာများ ဗိုလ်ပါတို့သည် အနာသဝါ အာသဝေါလေးဖြာ ကင်းကုန်ကွာ၍ ရဟန္တာအပြီး ပုဂ္ဂိုလ်ကြီးတို့သည် ဟောန္တု တရားနာရင်း ညာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဘဝမကွာ ဖြစ်ကြပါစေကုန်သတည်း ဝါ ကိလေသာမီး ငြိမ်းမှု ခန္ဓာမီးငြိမ်းမှု နိဗ္ဗာန ဓါတ်ကြီးတွေ့ ဖြစ်ကြပါစေကုန်သတည်း။ ဧတ္တေ ဤတရားနာလာများ ဗိုလ်ပါတို့ သည် ပစ္ဆိမကာ ဂုဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေကုန်၏။ ဝါ ညာဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေ့ကုန်၏။ တေသတ္တာ ထိုဂုဏ်အား ညာဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံးဖြစ်ကြကုန် သော သတ္တဝါတို့သည် သောတာပန္နာ သာသနာအယူနှင့် ဆန့် ကျင်ဘက်ဖြစ်သော ဒိဋ္ဌိဝိစိပယ်နိုင်ဘိ၍ မရှိပါယ်ရွာ ရှင်းရှင်းကွာ သည့် စူဠမဟာ သောတာပန် အပြီးပုဂ္ဂိုလ်ကြီးတို့သည် ဘဝန္တု တရားနာရင်း ညာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဘဝမကွာ မဟာသောတာပန်ကြီးတွေ ဖြစ်ကြပါစေကုန်သတည်း။

.... (စိရံတိဋ္ဌတု သဒ္ဓမ္မော။) ....

သဒ္ဓမ္မော သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်း တရားကောင်းသည် စိရံ ကြာမြင့်စွာ တိဋ္ဌတု တည်ပါစေသတည်း။

တရားမြင်တန်း ယောဂီလမ်း ဤတွင်ပြီး၏။

## ဥယျောဇနကထာ

မမ္မနိဋ္ဌ ယောဂိမဂ္ဂံ၊ လိခိဿံ မေတ္တာစရိယော။
ဓမ္မရသံ ဂဝေသန္တာ၊ သမ္မာ ပဿန္တု သာဓဝေါ။

အာစရိယော ဝိပဿနာ အလင်းပြ ကျေးဇူးရှင်ဆရာတော် ဦးဝါသဝသည်၊ မေတ္တာစိတ္တေန ပညာကဝိညာဏ်မြင် သိလျက် မိမိသူတပါး အတူထား၍ သနားယိုဖိတ် ကြည်လင်သောမေတ္တာ စိတ်ဖြင့် လိခိဿံ၊ ဗုဒ္ဓမြတ်စွာ ဒေသနာကို ပညာညာဏ်မြင် သဘောထွင်၍ စီရင်ရေးသားတော်မူအပ်သော၊ ဓမ္မနိဋ္ဌ ယောဂိ မဂ္ဂံ၊ ရဟန်းရှင်လူ မည်သူမဆို ပုဂ္ဂိုလ်များစွာ သိလိုပါက သဒ္ဓါ စိတ်ကောင်း ပညာပေါင်းလျက် မဂ်ဖိုလ်နိဗ္ဗာန် သိစေရန်ဟု ညာဏ်မြင်တရား အဓိကထား၍ ပိုင်းခြားဝေဘန် **သန္ဒိဋ္ဌိက** ကေန္တဖြင့် သိကြစေရာ သာသနာတော်၏ ဘသာဝကို ပြသော **တရားပြီးတန်း ယောဂိလမ်း**ကို၊ သမ္မာ ညာဏ်မြင်သဘော သဒ္ဓါ နှောလျက် မနှောဖျူဓါတ်ကောင်းမြတ်မှန်ကန်စွာ၊ ဓမ္မရသံ၊ ရာဂ ဒေါသ မောဟကင်းကွာ အရိယာတို့ လွန်စွာလေးမြတ် နှစ်သက် အပ်သည့် ပရမတ်ညာဏ်မြင် သမ္ဗောဇ္ဈင်နှင့် ဖြူစင်သီလ သဒ္ဓါကြွ လျက် မဂ်ဖိုလ်ဝိဇ္ဇာ နိဗ္ဗူတာဟု မြတ်စွာဘုရား ထင်ရှားဟော ပေါ် တရားတော်၏ အရသာကို၊ ဂဝေသန္တာ၊ မဂ္ဂင်တရားအမြတ်

ထား၍ ပိုင်းခြားမြင်ရေး ရှုမြှော်တွေးလျက် ဝဋ်ဒေါဘေးကင်းရာ နိဗ္ဗူတာဓမ္မ အနတ္တကို မရလျှင်မနေ ဝါယမေဟု စိတ်တွေဆန္ဒ အားသီသဖြင့် ရှာဖွေကြကုန်သော၊ သာဓဝေါ၊ သံယောဇဉ်ကြိုး အမျိုးမျိုးကို ဖျက်ချိုးနိုင်ရန် စိတ်အကြံနှင့် ပညာဉာဏ်ကူသတိ မူ၍ ဘေးရန်ထူပြော ဒုက္ခတောမှ ဘဝခန္ဓာ လွတ်ကြောင်းရှာ လျက် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်လိုလား သူတော်ကောင်း အများတို့သည်၊ ပဿန္တု၊ မိစ္ဆာပဟာနေသာ ယောနိသောဖြင့် သဘောဖြူစွာ ဤကျမ်းစာကို သေချာစေ့ငု နှလုံးသွင်းပြု၍ သိမှု ပညာ ဝိဇ္ဇာသုဒ္ဓိ ဉာဏ်ပိုင် မိအောင် မဏိအာဒါသ ကြေးမုံ မြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်မသုံ ကြည့်ရှုနိုင်ကြပါ စေကုန်သတည်း။

ဦးသုန္ဒရ
တံခွန်တိုင် အနောက်ကျောင်းတိုက်
နတ္တလင်းမြို့—သာယာဝတီခရိုင်။

# နိဒါန်း

မာဝေါခဏံ ဝိရာဓေထ ခဏာတီတာဟိ သောစရေ။
သဒတ္ထေ ဝါယမေယျာထ၊ ခဏောဝေါ ပဋိပါဒိတော။

ဘောန္တော၊ အိုသူတော်ကောင်းတို့၊ ဝေါ၊ သင်သူတော်ကောင်းတို့သည် ခဏံ၊ အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏကို မာဝိရာဓေထ၊ ချော်လွန်၍မျှား မသွားကြစေကုန်လင့်၊ ဟိ-အဘယ်ကြောင့်ဆိုသော် ခဏာတီတာ၊ ခဏကိုလွန်ကုန်သော သူတို့သည် သောစရေ၊ တောက်ခေါက်နောင်တ ပူပန်စိုးရိမ် ရကုန်၏။ သဒတ္ထေ ကိုယ်ကျိုး ကိုယ်စီးပွား၌ ဝါယမေယျာထ၊ လုံ့လမယုတ် အရအမိ ကြိုးကုတ်၍ အားထုတ်ကြကုန်ရာ၏၊ ဝေါ၊ သင်တို့သည် ဝေါ၊ သင်တို့အား ခဏော၊ အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏသည်၊ ပဋိပါဒိတော၊ ယခုဘဝ ခုခဏ၌ ဆိုက်ရောက် ရရှိကြလေပြီ၊

ဤပါဠိတော် တိုက်တွန်းချက်ကို သတိန္ဒြေ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်ပွား၍ ရှုကြရာ၏။ ဘာကြောင့်ဆိုသော် သာသနာတော်၏ အချိန်ကောင်း အခါကောင်းကိုရဆဲ မိမိက မြတ်စွာဘုရား ဆိုဆုံးမသော တရား၏သဘောကို သိနိုင် လိမ္မာနိုင်သော ခန္ဓာကိုရဆဲ ဤလို အကြောင်းအကျိုး နှစ်ပါးစုံဘို့ ပြည့်စုံလို့ လောက် ဗောဓိဉာဏ် ပေါက်နိုင်သော အခါကို ကိလေသာ ကာမဂုဏ် စိတ်အာရုံ ရွှင်ပျော်မှုနှင့် မနေကြတော့ဘဲ ငြီးငွေ့သော နိဗ္ဗိန္ဒ ဉာဏ်ဖြစ်၍ ဝိဝေက ဝိရာဂ နိရောဓသို့ ဆိုက်အောင် ပြုလုပ် အားထုတ်ကြပါ ဦးကုဿလ အစရှိသော သူတော်ကောင်းအပေါင်းတို့။

ဤကား တိုက်တွန်းချက် ပါဠိတော်ပေတည်း။

# တရားပြီးတန်း ယောဂီလမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

တရားကို အားထုတ်သော ယောဂီတို့ ရှေးဦးစွာ သိရမဲ့ တရားကား၊ သာသနာတော်၏ ကျောက်တိုင်ဖြစ်သော ကမ္မဿက-တာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိဟု ဆိုအပ်သော တရားကျောက်တိုင်သုံးခုတို့ကို သိမြင်လိမ္မာ၍ ထားရမည်။

ထိုတရားကျောက်တိုင် သုံးခုတို့တွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကျောက်တိုင်ကို ရှေးဦးစွာ ဝေဘန်၍ သိမြင်လိမ္မာရမည်၊ ဝေဘန်ပုံကား။ ကောင်းကံ၊ မကောင်းကံ သခါရ တရား တို့သည်။ အနဝဇ္ဇကံဖြစ်က အနဝဇ္ဇအကျိုးကို ဆောင်၏၊ သာဝဇ္ဇကံဖြစ်က သာဝဇ္ဇအကျိုးကိုဆောင်၏၊ **ဆောင်ပုံကား**၊ အနဝဇ္ဇ အပြစ်လွတ်သော ကံတခုသည် အပြစ်လွတ်သော ခန္ဓာကခုနှင့် အပြစ်လွတ်သော လောကီ လောကုတ္တရာ အကျိုးကျေးဇူးကို ဆောင်တတ်၏၊ ခန္ဓာသက်ရှည်သလောက် ကံပေါင်း အနန္တပွားစီး၍ သွားလေတော့၏၊ ရဟန္တာလောင်း ပစ္စေက ဗုဒ္ဓါလောင်း ဘုရားလောင်းတို့၏ ပြုခဲ့သမျှသော ကုသိုလ်ပါရမီ ကံတွေပွါးစီးပုံ။ အကျိုးဆောင်ပုံ အကျိုးပေးပုံ ပြည့်စုံပုံတို့ကို မျှော်လေ။

သာဝဇ္ဇကံဖြစ်က၊ သာဝဇ္ဇအကျိုးကိုဆောင်၏၊ ဆောင်ပုံကား။ မကောင်းသော ကံတခုကြောင့် မကောင်းသော တိရစ္ဆာန်ခန္ဓာတခု ဖြစ်က ထိုခန္ဓာသက်ရှည်သလောက် မကောင်းတဲ့ ကံတွေ ပွားစီး၍ သွားလေတော့၏။ မကောင်းတဲ့ ကံတွေ ပွားစီးသလောက် မကောင်းသော ခန္ဓာတွေ ဖြစ်ရလေတော့၏၊ ဆင်းရဲမှုဖြစ်သော မကောင်းကျိုးတွေလည်း ခြွေရံလျက် အစဉ်လိုက်ကြကုန်၏၊ ထို့အတူ ပြိတ္တာ အစရှိသော အကြွင်းခန္ဓာတို့ကိုလည်း ဤနည်းအတိုင်းမြင်လေ၊ ဤလို ကြောင်းကျိုးဆက်စပ်၍ မြင်ခြင်းကိုသာလျှင် ကမ္မဿကတာ သမ္မာဒိဋ္ဌိဟု မှတ်ပါယူပါ။ ဘပြောသွားကြား ယုံကြည် မှတ်သား၍ ထားတာကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟု မယူရ၊ သာမည လောကီ သဒ္ဓါဟုသာ ဆိုနိုင်သည်၊ သုမ္မဿကတာ သမ္မာဒိဋ္ဌိမဟုတ်၊ လောကုတ္တရာ သဒ္ဓါလည်းမဟုတ်၊ ဘာကြောင့် သည်လိုဆိုနိုင်သနည်းဟု မေးခဲ့သော်၊ ပျက်ကွက်မှု၊ ဖေါက်ပြန်မှု ပြောင်းလဲမှု လွန်ကျူးမှု ကံကိုမယုံကြည်မှု ကံကိုစွန့်မှု ဘာသာပြောင်းမှုတို့ ဖြစ်တတ်ကုန်၏ ဒါကြောင့် လောကီဟု မှတ်ယူကြပါလေ။

(ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကျောက်ဘိုင် ရှင်းတန်းပြီး၏)

ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကျောက်တိုင်ရှင်းတန်းပြီး၍ ယခုအခါ ဝိပဿနာ သမ္မာဒိဋ္ဌိ ကျောက်တိုင်ကို ရှင်းပြပေအံ့....

ဝိပဿနာ သမ္မာဒိဋ္ဌိ ကျောက်တိုင်ဖြစ်ပုံကား ဥတုနိယာမကနေ၍ ဓါတ်ဇာတိ ပဝတ္တိ ကြောင်းကျိုး ဖြစ်ပုံပျက်ပုံကို အတိအကျမြင်ခြင်း သမ္မာဒိဋ္ဌိ၊ ၎င်းဓါတ်ပေါ်မှာ တေဇောလောင်မှုနှင့်တကွ ရုပ်ဇာတိ ပဝတ္တိ ကြောင်းကျိုး ဖြစ်ပုံပျက်ပုံကို အတိအကျ

မြင်ခြင်း သမ္မာဒိဋ္ဌိ၊ ရုပ်ဇာတိဖြစ်တိုင်း အနိစ္စသဘောပေါ်ပုံ၊ ရုပ်ပဝတ္တိဖြစ်တိုင်း၊ အနိစ္စလက္ခဏာပေါ်ပုံ။ အနိစ္စနှင့် အနိစ္စလက္ခဏာတို့ ကြားလပ်ကာလမရှိ အနုသန္ဓေစပ်၍ မြင်သော အနိစ္စာနုပဿနာ ဤသုံးချက်ကိုပိုင်းခြား၍ မြင်သော သမ္မာဒိဋ္ဌိ ဖေါက်ပြန်မှုရုပ်ကို မှီ၍ ဖဿနှင့် ဝေဒနာ ဇာတိပဝတ္တိဖြစ်ပုံပျက်ပုံ၊ သညာ အဟောင်း မှတ်မှု အသစ်မှတ်မှု ကျေးဇူးပြု၍၊ ဇာတိပဝတ္တိ ဖြစ်ပုံ ပျက်ပုံ စေတနာအစရှိသော သင်္ခါရတရားတို့ လှုံ့ဆော် တိုက်တွန်းမှုဟု ဆိုအပ်သော သဘော အသီးသီးတို့ ဖြစ်ပုံ ပျက်ပုံ၊ ကောင်းသိ မကောင်းသိဟု ဆိုအပ်သော ဝိညာဏ်တရားတို့ ဖြစ်ပုံ ပျက်ပုံ၊ ဇာတိ ပဝတ္တိကိုမြင်သော သမ္မာဒိဋ္ဌိ၊ ဤအမြင်မှန်တို့ကို အထူး သိတာ အထူးမြင်တာကို ဝိပဿနာ သမ္မာဒိဋ္ဌိဟု ဆိုသတည်း။

ဤနေရာ၌ အနိစ္စကိုသာပြသည် ဒုက္ခနှင့် အနတ္တကို ဘာကြောင့် မပြသနည်းဟု အမေးဝင်စရာရှိ၏။ ဝင်စရာရှိသော်လည်း ဤဝိပဿနာအရာ၌ သိမြင်ရမှာက အနိစ္စနှင့်အနတ္တကိုသာ ပြရမဲ့ သဘော အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးခုပေါင်း၍ ပြရမဲ့သဘော၊ ဒုက္ခသက်သက်ကိုသာ ပြရမဲ့သဘော၊ အနတ္တသက်သက်ကိုသာ ပြရမဲ့သဘော၊ ဤလို သဘောကွဲလွဲမှုက ဝိပဿနာ၏အခန်း၌ ရှိနေ၍ မပြသည်ဟု သိမြင်လိမ့်မည်ကြရာ၏။ ဒုက္ခ မရသော ဓါတ်တရားတွေကို ဒုက္ခထည့်၍ပြသော် မှား၏၊ အနိစ္စ ဒုက္ခ မရသော အနတ္တတရားကို အနိစ္စ ဒုက္ခထည့်၍ပြသော် မှား၏။ အ, ဘာဝ ပညတ်ကို အနိစ္စ ဒုက္ခတို့နှင့်ပြသော် မှား၏၊ သ, ဘာဝနိဗ္ဗာန်ကို အနိစ္စ ဒုက္ခ မလွတ်ဘဲပြလျှင် မှား၏။ သာဝဇ္ဇ အနတ္တ၊ အနဝဇ္ဇ အနတ္တ၊ သာဝဇ္ဇ အနဝဇ္ဇမှလွတ်သော အနတ္တ၊ ဤအနတ္တ သုံးချက်ကို တခုတည်းပေါင်း၍ပြသော်မှား၏။ ဤအမှားကိုပယ်ဖျောက်

ကြစေခြင်းငှာ အနိစ္စ၊ အနိစ္စလက္ခဏာ၊အနိစ္စာနုပဿနာဟု တခန်း ဟောတော်မူ၏။ ဒုက္ခ ဒုက္ခလက္ခဏာ ဒုက္ခာနုပဿနာဟု တခန်း ဟောတော်မူ၏။ အနတ္တ အနတ္တလက္ခဏာ၊ အနတ္တာ နုပဿနာ ဟု တခန်းဟောတော်မူ၏။ ။

ဤလို ဓမ္မခန်းကို အသီးသီး ပိုင်းခြား၍၊ အထူးသိမြင် လိမ္မာတာကို ဝိပဿနာ သမ္မာဒိဋ္ဌိဟု ဆိုသတည်း။

*(ဝိပဿနာ သမ္မာဒိဋ္ဌိကျောက်တိုင် ရှင်းတန်းပြီး၏)*

(ဤအခန်းမှာ ယောဂီတို့ သတိကြီးကြီးမူပါ)

ဝိပဿနာ သမ္မာဒိဋ္ဌိကျောက်တိုင် ရှင်းတန်းပြီး၍၊ ယခုအခါ မဂ္ဂသမ္မာဒိဋ္ဌိ ကျောက်တိုင်ကို ရှင်းပြပေအံ့။....

မဂ္ဂသမ္မာဒိဋ္ဌိ ကျောက်တိုင်ဟု ဆိုတာသည် သောတာပတ္တိ မဂ်ကိစ္စ၌ မိစ္ဆာဒိဋ္ဌိအယူနှင့် ဝိစိ ကိစ္ဆာ သီလဗ္ဗတ ပရာမာသ သံယောဇဉ် သုံးပါး၊ ကိလေသာ တရားယုတ် တို့ကို ပယ်ဘို့ သတ်ဘို့ဖြတ်ဘို့ကိုမြင်တာ သကဒါဂါမိမဂ်ကိစ္စ၌ ချစ်မူမုန်းမူဟု ဆို အပ်သော ရာဂအကြမ်း၊ ဒေါသအကြမ်းတို့ကို ပယ်ဘို့ သတ်ဘို့ ဖြတ်ဘို့ကိုမြင်တာ အနာဂါမိမဂ် ကိစ္စ၌၊ ရာဂအနု ဒေါသအနု တရားယုတ်တို့ကို။ ပယ်ဘို့ သတ်ဘို့ ဖြတ်ဘို့ကို မြင်တာ၊ အရ ဟတ္တမဂ်ကိစ္စ၌ မာနာနုသယ အဝိဇ္ဇာ နုသယတို့ကို ပယ်ဘို့ သတ် ဘို့ ဖြတ်ဘို့ကိုမြင်တာ ဤအမြင် လေးချက်ကို မဂ္ဂသမ္မာဒိဋ္ဌိဟု ဆိုသတည်း၊ ဤသို့ပြသော မဂ္ဂ သမ္မာဒိဋ္ဌိ ကျောက်တိုင်သို့ ရပြီး

ရောက်ပြီး ယောဂီ တို့မှာသာသနာတော်၏ ကျောက်တိုင်၊ သုံးခုစလုံး ကိုယ်ပိုင်ပစ္စည်း ကိုယ်ပိုင်ဥစ္စာဖြစ်၍ လောကုတ္တရာအမွေခံသားတော် သ္မီးတော်အစစ်ဖြစ်ပြီဟု တထစ်ချမှတ်ယူကြရာ၏၊ မှတ်ယူကြလေ။

**သာသနာတော်၏ ကျောက်တိုင်ရှင်းတန်းပြီး၏**

သာသနာတော်၏ ကျောက်တိုင် ရှင်းတန်းပြီး၍ ယခုအခါ၌ ကလျာဏဟု ဆိုသော စကားနှင့် ကလျာဏ အစစ်ဟု ဆိုသော စကားနှစ်ချက်ကွဲလွဲပုံကို ရှင်းပြပေအံ့....

ကလျာဏဟု ဆိုသော စကားသည် ခန္ဓာတရား ဓာတ်တရားအာယတန အစရှိသော တရားတို့ကို သင်ခြင်း၊ အဘန်ဘန်မေးခြင်း၊ နာခြင်း၊ ဆောင်ခြင်း၊ ညာဏ်ဖြင့် သက်ဝင်၍ ရှုခြင်းကို ဒေသနာတော်အတိုင်း (ဝါ) ဒေသနာယုတ္တိအတိုင်းပြုကျင့်၍နေတာကို ကလျာဏ ပုထုဇန် ဟု စကားသုံးရ၏၊ (ဝါ)ခေါ်ရပေ၏၊ ဤကားကလျာဏခေါ်ပုံတည်း။

ကလျာဏ အစစ်ဟု ဆိုသော စကားသည်မိမိ၏ခန္ဓာပေါ်၌ဒွါရခြောက်ပါးရှိ၏၊ ၎င်းဒွါရခြောက်ပါး၏အပေါ်၌ကံကြောင့်ဖြစ်သော အကြည်ခြောက်ပါးရှိ၏၊ ဤအကြည်ခြောက်ပါးပေါ်၌ ထင်လာသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ၊ အဟောင်း တရားတို့ မနေဘဲ အကြည်မှာ ထင်လာမှုဤခြောက်ခုတို့ကို ပညာဖြင့် ဝေဘန်ညာဏ်ဖြင့် ထိုးထွင်း၍သိမြင်လိမ္မာ၏။

သိမြင်လိမ္မာပုံကား အဘယ်နည်းဟု ဆိုသော်အဆင်းမြင်ရာ၌ ဤအဆင်းသည် စက္ခုအကြည်ကို တိုက်နိုင်သော စွမ်းရည်သတ္တိမရှိပေ၊ ဤစက္ခုအကြည်ကို တိုက်မှုသည် မဟာဘုတ်

လေးပါး၌ ပထဝီ အဓိက ဖြစ်၍ ပထဝီ ဓာတ်အမာခံ ဖြစ်သော သမ္မာခံ တရားကသာ တိုက်၍ ပေးသည်ဟု ပထဝီ သမ္မာခံ တရားကို ဝေဘန် ပိုင်းခြား၍ သိမြင် လိမ့်မှာ၏၊ အကြွင်း သမ္ဘာရ တရားတို့ကိုလည်း ဝေဘန်ပိုင်းခြား၍ သိမြင်လိမ့်မှာ၏၊ အသံကြားရာမှာလည်း ဤအသံသည် သောတအကြည်ကို တိုက်နိုင်သောစွမ်းရည်သတ္တိမရှိပေ၊ ဤသောတ အကြည်ကို တိုက်မှုသည် မဟာဘုတ် လေးပါး၌ ပထဝီ အဓိက ဖြစ်၍ ပထဝီဓာတ် အမာခံ ဖြစ်သော သမ္မာခံ တရားကသာ တိုက်၍ ပေးသည်ဟု ပထဝီ သမ္မာခံတရားကို ဝေဘန် ပိုင်းခြား၍ သိမြင်လိမ့်မှာ၏။

အနံ့နံရာမှာလည်း ဤအနံ့သည် ဃာန အကြည်ကို တိုက်နိုင်သော စွမ်းရည် သတ္တိ မရှိပေ၊ ဤဃာန အကြည်ကို တိုက်မှုသည် မဟာဘုတ် လေးပါး၌ ပထဝီ အဓိက ဖြစ်၍ ပထဝီဓာတ် အမာခံ ဖြစ်သော သမ္မာခံ တရားကသာ တိုက်၍ ပေးသည်ဟု ပထဝီ သမ္မာခံ တရားကို ဝေဘန်ပိုင်းခြား၍ သိမြင်လိမ့်မှာ၏။

အရသာလျက်ရာမှာလည်း ဤအရသာသည် လျှာအကြည်ကို တိုက်နိုင်သော စွမ်းရည် သတ္တိ မရှိပေ၊ ဤလျှာအကြည်ကို တိုက်မှုသည် မဟာဘုတ် လေးပါး၌ ပထဝီ အဓိက ဖြစ်၍ ပထဝီဓာတ်အမာခံဖြစ်သော သမ္မာခံ တရား ကသာ တိုက်၍ ပေးသည်ဟု ပထဝီ သမ္မာခံတရားကို ဝေဘန် ပိုင်းခြား၍ သိမြင်လိမ့်မှာ၏။

အတွေ့ထိရာမှာလည်း ဤအတွေ့သည် ကာယ အကြည်ကို တိုက်နိုင်သော စွမ်းရည် သတ္တိ မရှိပေ၊ ဤကာယ အကြည်ကို တိုက်မှုသည် မဟာဘုတ် လေးပါး၌

ပထဝီ အဓိကဖြစ်၍ ပထဝီဓါတ်အမာခံဖြစ်သော သမ္ဘာရ်ခံ တရား ကသာတိုက်၍ ပေးသည်ဟု ပထဝီ သမ္ဘာရ်ခံတရားကို ဝေဘန်ပိုင်းခြား၍ သိမြင်လိမ့်မည်။

ဓမ္မာရုံ အပေါင်းတရားတို့ ထင်လာမှုမှာလည်း ဤဓမ္မာရုံသည် မနောအကြည်ကို တိုက်နိုင်သော စွမ်းရည်သတ္တိ မရှိပေ။ ဤမနောအကြည်ကို တိုက်မှုသည် မဟာဘုတ်လေးပါး၌ ပထဝီအဓိက ဖြစ်၍ ပထဝီဓာတ် အမာခံ ဖြစ်သော သမ္ဘာရ်ခံတရား ကသာတိုက်၍ပေးသည်ဟုပထဝီ သမ္ဘာရ်ခံတရားကို ဝေဘန်ပိုင်းခြား၍ သိမြင်လိမ့်မည်။

ဤလိုဓါတ်ရင်းမူလ သဘာဝကို ထိုးထွင်း ကြိတ်ချေ မွှေနှောက်၍ သိမြင်လိမ့်မည်သော ဉာဏ်ကို ကလျာဏ အစစ်ဟု ဆိုသတည်း။ ဤကလျာဏ အစစ်သည် အရိယာ ရှစ်ယောက်ထဲသို့ အပါအဝင် ဖြစ်လေတော့၏။ ဤနေရာ၌ ကလျာဏ ပုထုဇဉ်နှင့် ကလျာဏ အစစ်တို့ ကွာခြား၍ နေသော်လည်း လခစား အာဏာပိုင်ဖြစ်သော မြို့ပိုင်နှင့် အာဏာမပိုင်သေးသော မြို့ပိုင်လောင်း နှစ်ဦးတို့နှင့် တူလှပေ၏။ ဤဥပမာကိုဆောင်၍ သဘောကျအောင် ပညာဖြင့်ဝေဘန် ဉာဏ်ဖြင့်ထိုးထွင်း အမြင်ရှင်းမှုကို အပ္ပမာဒ ပြုကြပါ။

အထူးမှတ်ဘို့ကား အကြည် ခြောက်ပါးပေါ်မှာ ကျရောက်သော တရားတို့သည် အဝိနိဗ္ဘောဂ ခွဲလို့စိတ်လို့မရ ဓါတ်တပါးရှိက ဓါတ်ခုနစ်ပါး ပါသည်ဟုဆို၏။ ဒါကြောင့် ပထဝီသမ္ဘာရ်ခံကို သိရသဖြင့် အကြွင်းဓါတ် ခုနစ်ပါး သမ္ဘာရ်ကို သိမြင်လိမ့်မည်ကြရာ၏။ ဤကား အသိမှန် အမြင်မှန်ပေတည်း။ ဤအသိမှန်

အမြင်မှန်ကို ရသူမှန်က ကလျာဏ အဆင့်အတန်း အလုပ်ပြီးပြီဟု ယောဂီတို့ မှတ်ပါယူပါ။

....(ကလျာဏ စစ်တန်းပြီး၏။)....

ကလျာဏ အဆင့်အတန်းကို ပြပြီး၍ ယခုအခါ၌
စူဠသောတာပန်၏ အဆင့်အတန်းကို ပြပေအံ့။

စူဠသောတာပန်၏ အမည်ကို ရမှုသည် အထူးသိအပ် မြင်အပ်သော အနတ္တ ဝိပဿနာကို

ဧကော ခမ္မော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။

ဟူသော ပါဠိတော်နှင့်အညီ အဘန်တလဲလဲမှီဝဲ အဘန်တလဲလဲ ပွားများ အကြိမ်များစွာ လေ့လာ ထူးသောညာဏ် အဘိညာယဖြစ်၏ သစ္စာကိုမြင်သောညာဏ် သမ္ဗောဓါယ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောညာဏ် နိဗ္ဗာနာယ သံဝတ္တတိ အမှန်ဖြစ်နိုင်လေတော့၏။ အနတ္တ ဘာဝနာကို ပွားများပုံကား ဥတုနိယာမ ဓါတ်ရင်းမူလဖြစ်သော ဓါတ်ဇာတိ အနတ္တကိုပိုင်းခြားဝေဘန်၍ ပွားများရှုမှတ် ဆင်ခြင်ရာ၏။ မူလဇာတိဓါတ်ကို လွန်၍ ပဝတ္တိလက္ခဏာ အနတ္တကိုလည်း ပွားများရှုမှတ် ဆင်ခြင်ရာ၏။ ဇာတိပဝတ္တိ သဘောတရားတို့ ကြားလပ်ကာလမရဘဲ ဆက်စပ်၍သွားသည်ကိုလည်း ပွားများရှုမှတ် ဆင်ခြင်ရာ၏။

ဤကား ဓါတ်အနတ္တ ဘာဝနာအလုပ်ကို
လုပ်ပုံ အားထုတ်ပုံတည်း။

ရုပ်အနတ္တကို ပွားများရှုမှတ် ဆင်ခြင်ပုံကား။

ဖေါက်ပြန်မှုကိုဆောင်သော သီတဥဏှာ မီးနှစ်ပါးလောင်မှု ဇာတိ အနတ္တကို ပိုင်ခြားဝေဘန်၍ ပွားများရှုမှတ် ဆင်ခြင်ရာ၏၊ မူလဇာတိချုပ် အနတ္တကိုလွန်၍ ပဝတ္တိရုပ် အနတ္တလက္ခဏာကိုလည်း ပွားများရှုမှတ်ဆင်ခြင်ရာ၏။ဇာတိရုပ် ပဝတ္တိရုပ် အနတ္တသဘောတရားတို့ ကြားလပ် ကာလမရဘဲ ဆက်စပ်၍ သွားသည်ကိုလည်း ပွားများ ရှုမှတ် ဆင်ခြင်ရာ၏။ ဤကားရုပ် အနတ္တဘာဝနာအလုပ်ကို လုပ်ပုံ အားထုတ်ပုံတည်း။

နမ်အနတ္တကို ပွားများ ရှုမှတ်ဆင်ခြင်ပုံကား။

ရုပ်ဖေါက်ပြန်တိုင်း ကောင်း မကောင်း အာလတ် ခံစားမှုဝေဒနာ အနတ္တ၊ ဇာတိ ပဝတ္တိ၊ သညာ အနတ္တ ဇာတိပဝတ္တိ၊ သင်္ခါရ အနတ္တ ဇာတိပဝတ္တိ ဝိညာဏ် အနတ္တ ဇာတိ ပဝတ္တိသဘောတရားတို့ကို ဓါတ်ခန်းမှာ ရှုသည့်အတိုင်း ပွားများရှုမှတ်ဆင်ခြင်ရာ၏။ ယခုပြသည့်အတိုင်း ပွားများရှုမှတ်ဆင်ခြင်၍ ညာဏ်ပြည့်စုံခဲ့သော်။ စူဠသောတာပန်အစစ် ဖြစ်ပြီဟု မှတ်ယူလေ။

ဒါကြောင့်၊ ကျမ်းဂန်၌ ဣမိနာပန ညာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေလဒ္ဓဿာသော လဒ္ဓပတိဋ္ဌောနိယတဂတိကော၊ စူဠသောတာ ပန္နောနာမ ဟောတိဟု လာ၏။ ဤကား ကျမ်းဂန်သာဓကပေတည်း။

အထူးမှတ်ဘို့ကား။ ဤစူဠ သောတာပန်၏ အလုပ်ကို လုပ်ရခြင်းသည်၊ မဟာသောတာပန်၏ အဖြစ်ကို ရောက်ဘို့ လုပ်ရသည်ဟု မှတ်လေ ယူလေ။

(စူဠသောတာပန်၏ အဆင့်အတန်းပြီး၏)

စူဠသောတာပန်၏ အဆင့်အတန်းကို ပြပြီး၍ ယခုအခါ မဟာသောတာပန်၏ အဆင့်အတန်းကို ပြပေအံ့။

မဟာသောတာပန်ဟုဆိုတာ အဘိညာဏ သမ္မောဓိဃ ဖြစ်၍ ပဋိဝေဒ မဂ်ညာဏ်သို့ ဆိုက်ရောက်မှုကို မဟာသောတာပန်ဟုဆိုသတည်း။

ဒါကြောင့် သောဇ၀ံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေနေ ပဋိဝိဇ္ဈတိဟုလာ၏။

သော ထိုတရားကို အားထုတ်လေ့ရှိသော ယောဂီဘည် ဧ၀ံ ဤသို့ ကမ္မံ ၀ိပဿနာအမှုကို ကရောန္တော ပြုသည်ရှိသော် စတ္တာရိ လေးပါးကုန်သော သစ္စာနိ အမှန်တရားတို့ကို ဧကေန၊ တခုတည်းသော ပဋိဝေဓေနေ ထိုးထွင်း၍ သိအပ်သော လောကုတ္တရာမဂ်ညာဏ်ဖြင့် ပဋိဝိဇ္ဈတိ တပြိုင်နက် တချက်တည်းသိမြင်လေတော့၏။

ဤသို့သော အသိ အမြင် အလိမ္မာကိုရတာ ဒိဋ္ဌိ အစရှိသော အာသဝေါကုန်တာ အောက် သံသရာ၏ ကံမျိုးစေ့တွေ ပေါက်ခွင့်မရတော့ဘဲ ကမ္မက္ခယဖြစ်၍သွားတာ ကောဇ ဇကောလံ ကောလ သတ္တက္ခတ္တုဖြစ်၍သွားတာ အောက်သံသရာ၏ အတွက် ပဟာနကိုးချက်ပြီး၍ သွားတာကို မဟာသောတာပန်ဟု ဆိုသတည်း။

ဤမဟာ သောတာပန်သည် ကာမရာဂ ဗျာပါဒ တရားတို့ကို ခေါင်းပါးယုံမျှ မပြုမလုပ်နိုင်ပေ။ ဒါကြောင့် အိမ်ထောင်ကိစ္စ ဒုက္ခကိုခံ၍ ပျော်ပျော်ပါးပါးကြီး နေနိုင် ကြသေးသည်ဟု မှတ်လေ ယူလေ။

(မဟာသောတာပန်၏ အဆင့် အတန်းပြီး၏)

မဟာသောတာပန်၏ အဆင့်အတန်းကို ပြပြီး၍။ ယခုအခါ၌ သကဒါဂါမ်၏ အဆင့်အတန်းကို ပြပေအံ့....

သကဒါဂါမ်ဟု ဆိုတာ ကာယကံ ဝစီကံ မနောကံဟု ဆိုအပ်သော ဝီတိက္ကမ ကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာတို့ ခေါင်းပါး၏၊ မနောခါတ်၌ ကံမဖြစ် သေးသော ကိလေသာ အနုသယကို မသတ်နိုင် မဖြတ်နိုင်သေးပေ။ သောတာပန်၏ စိတ်နေစိတ်ထားနှင့် သကဒါဂါမ်၏ စိတ်နေ စိတ်ထားမှာ များစွာ ကွာခြား၍ သွားလေတော့၏။

**ကွာခြားပုံကား**။ အန္ဓပုထုဇန်နှင့် ကလျာဏ ပုထုဇန်တို့ အဆင့်အတန်းခြင်း ကွာခြားသလို ကွာခြား၍ သွားလေတော့၏ သောတာပန်သည် သည်းခံမှု ခန္တီဓါတ်နည်းလှသေး၏ သကဒါဂါမ်သည် သည်းခံမှု ခန္တီဓါတ် များလေပြီ။ ရာဂအကြမ်း ဒေါသအကြမ်း ခေါင်းပါးသည့် အတွက် အပြင်သို့ မထွက်ဘဲ အတွင်းတွင် အောင့်၍ထားနိုင်ပြီ။ သောတာပန်သည် အပြင်သို့ ပြရုပ်ထွက်သေးသည်၊ ဓါတ် ရုပ် နာမ်တို့မှာ ရှင်မှု နောက်မှု ထင်ရှားစွာ သိရမြင်ရသေးသည်။ သကဒါဂါမ်တို့ ရှင်မှုနောက်မှု ထင်ရှားစွာ မသိရမမြင်ရတော့ပေ။

ဒါကြောင့် အန္ဓပုထုဇန်နှင့် ကလျာဏပုထုဇန်တို့ အဆင့်အတန်းခြင်း ကွာခြားသလိုဟု ဆရာဆိုသတည်း။ ဝိပ္ပလ္လာသ ရှစ်ပါးပါယ်မှုမှာ မထူးသေး။ ဘာဝနာက အနိစ္စ။ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာကို ပွား၏။ ဝိပဿနာညာဏ်ပြည့်စုံမှုမှာ သကဒါဂါမိ မဂ်ညာဏ်ဖြစ်၏။ ဘာဝနာကိစ္စမှာ ကွာခြား၏။ သစ္စာ

မြင်မှာ မထူးပေ။ ဤကား သကဒါဂါမ်၏ အဆင့် အတန်း ပေတည်း။

(သကဒါဂါမ် အဆင့်အတန်းပြီး၏)

သကဒါဂါမ်၏ အဆင့်အတန်းကို ပြပြီး၍ ယခုအခါ၌ အနာဂါမ်၏ အဆင့်အတန်းကို ပြပေအံ့....

အနာဂါမ်ဟုဆိုတာ မနောဓါတ်၌ ရာဂါနုသယ ပဋိဃာနုသယ နှစ်ပါးတို့ကို ပယ်သတ်ဖြတ်တောက်မှုကို အနာဂါမ်ဟု ဆိုသတည်း။ ဤအနာဂါမ်သည် သုဘသညာနှင့် သုဘစိတ္တ နှစ်ပါးတို့ကိုပယ်၏ ပစ္စည်းနှင့်တကွ သားမယားတို့ကို စွန့်နိုင်၏။မိမိ၏ ခန္ဓာ မိမိ၏ရုပ်နာမ်တို့ကို မစွန့်နိုင်သေးပေ။ သုခသညာနှင့် သုခစိတ္တနှစ်ပါးတို့ ကျန်သေး၏။

ဒါကြောင့် သုဒ္ဓါဝါသ ဗြဟ္မာဘုံသို့ လားရ၏၊ ဝီတိက္ကမ ကိလေသာတို့အဖြစ်မှ လွတ်၏၊ သစ္စာမြင်မှုမှာ မထူးတော့ပေ။ သောတာပန် သကဒါဂါမ်တို့နှင့် ကာမနယ် လွတ်မြောက်မှု။ ကာမဂုဏ်ခံစားမှု မရှိသည်သာ ထူးသေးသည်၊ အတွေ့ကို ရှောင်နိုင်၏၊ မတွေ့တာကိုလည်း တောင့်တမှုမရှိပေ။ စိတ်မှာ ကာမရာဂ၊ ဗျာပါဒတို့ ကင်းသည့်အတွက် အလွန်ပင် တည့်ကြည် ငြိမ်သက်လှ၏၊ ကာမရာဂ ဗျာပါဒ ရန်သူတို့ ကင်းရှင်းသည့်အတွက် သန့်ရှင်းကြည်လင်သော စိတ်ကိုရလေတော့၏။

ဒါကြောင့် သောတာပန် သကဒါဂါမ်တို့ထက် မြတ်သည်ဟု ဆိုနိုင်လေသည်။ ။

(အနာဂါမ်၏ အဆင့်အတန်းပြီး၏)

အနာဂါမ်၏ အဆင့်အတန်းကိုပြပြီး၍ ယခုအခါ၌ရဟန္တာ၏ အဆင့်အတန်းကို ပြပေအံ့....

ရဟန္တာဟုဆိုတာ မနောဓါတ်၌ မာနာနုသယ အဝိဇ္ဇာနုသယနှစ်ပါးတို့ကို ပတ်သတ်ဖြတ်တောက်၍ ဒုစရိုက်ဆယ်ပါးလုံး ကင်းပြတ်မှုနှင့်တကွ အောက်သံသရာ အလယ်သံသရာ အထက်သံသရာဟု ဆိုအပ်သော သံသရာသုံးခုတို့၏ ကံမျိုးစေ့တွေ အကုန်ပြတ်၏၊ ခန္ဓာ ဖြစ်ကြောင်း ကောင်းကံ မကောင်းကံတို့ အကုန်ပြတ်ကြကုန်၏။ ကံမျိုးစေ့ အနည်းအများတို့ ကုန်၍ ကမ္မက္ခယဖြစ်ကုန်၏။

ကုသိုလ် အကုသိုလ်ဖြစ်မှုတို့ မရှိတော့ပေ၊ နာမ်စိတ်တို့မှာ ကြိယာစိတ်မျှသာ ဖြစ်ကြတော့၏။ ဝိပါတ်စိတ်လည်း မဖြစ်တော့ပေ။ ကိလေသ ပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ဓါတုပရိနိဗ္ဗာန်ဟု ဆိုအပ်သော ပရိနိဗ္ဗာန် သုံးမျိုးတို့တွင် ကိလေသ ပရိနိဗ္ဗာန်ပြု၍ ပြီးပြီ။ ခန္ဓပရိနိဗ္ဗာန်နှင့် ဓါတုပရိနိဗ္ဗာန်ပြုဘို့ကိုသာ အလုပ်ကိစ္စရှိတော့သည်။

ဒါကြောင့် မြတ်စွာဘုရားနှင့်အကူ မြတ်သော အလှူကို ခံထိုက်လေတော့၏၊ သာမိပရိဘောဂ အမွေခံ ဖြစ်လေတော့၏။ သောတာပန် သကဒါဂါမ် အနာဂါမ်တို့နှင့် အဆင့်အတန်းခြင်း ဘုရားနှင့် သာဝကတို့ ကွာခြားသလို ကွာခြားလေတော့၏၊ ပရိနိဗ္ဗာန်ပြုရမှု မပြုနိုင်သေးမှုမှာ အထူးသိသာ လှပေ တော့၏။

(ရဟန္တာ၏ အဆင့်အတန်း ရှင်းတန်းပြီး၏)

## ပုထုဇ္ဇနေ့ာတိ တွေ

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ ဗုဒ္ဓေနာ ဒိစ္စ ဗန္ဓုနာ။ အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။ ။တတ္တဟိ

ယဿ ခန္ဓာတု အာယတနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓါရဏ ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံအန္ဓ ပုထုဇ္ဇနော။ ယဿပန တာနိ အတ္ထိ၊ သောကလျာဏ ပုထုဇ္ဇနော။ ။

**ပုထုဇ္ဇနောတိတ္ထေ၊ ပုထုဇ္ဇနောဟူသော ဤပုဒ်၌။**

အန္ဓော သုတမယပညာ ဘာဝနာမယပညာ မျက်စိ ကန်းသော ဖော တယောက်သော ပုထုဇ္ဇနော၊ ပုထုဇန်ပုဂ္ဂိုလ်ရင်း၊ ကလျာဏော သုတမယပညာ ဘာဝနာမယပညာ မျက်စိကောင်းသော ဖော တယောက်သော ပုထုဇ္ဇနော ပုထုဇန် ပုဂ္ဂိုလ်ရင်း၊ ဤတိ ဤသို့ ဒုဝေ နှစ်ယောက် ကုန်သော ပုထုဇ္ဇနာ၊ ပုထုဇန်ပုဂ္ဂိုလ်တို့ကို အာဒိစ္စဗန္ဓုနာ အာဒိစ္စနွယ်ဘွား သာကီဝင်မင်းသားဖြစ်တော်မူသော ဗုဒ္ဓေန ဘုရားရှင်သည် ဝုတ္တာ ဟောတော်မူအပ်ကုန်၏။

ဟိဝိတ္ထာရေမိ ချဲ့၍ဆိုဦးအံ့။ တတ္ထ ထိုနှစ်ယောက်သော ပုထုဇန်ပုဂ္ဂိုလ်တို့တွင် ယဿ အကြင်ပုဂ္ဂိုလ်အား ခန္ဓါတု အာယတနာဒီသု ခန္ဓာဓါတ် အာယတနစသည်တို့၌ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓါရဏ ပစ္စဝေက္ခဏာနိ။ သင်ခြင်း၊ အဘန်ဘန်မေးခြင်း၊ နာခြင်း၊ ဆောင်ခြင်း၊ ညာဏ်ဖြင့် သက်ဝင်၍ ရှုခြင်း တို့သည် နတ္ထိနသန္တိ မရှိကုန်၊ အယံ ဤပုဂ္ဂိုလ်သည် အန္ဓ ပုထုဇ္ဇနော၊ အန္ဓပုထုဇန်မည်၏။ ယဿပန၊ အကြင်ပုဂ္ဂိုလ်အားကား တာနိဥဂ္ဂဟ ပရိပုစ္ဆာသဝဏ ဓါရဏ ပစ္စဝေက္ခဏာနိ၊ ထိုသင်ခြင်း၊အဘန်ဘန်မေးခြင်း နာခြင်း ဆောင်ခြင်း ညာဏ်ဖြင့်သက်ဝင်၍ ရှုခြင်းတို့သည် အတ္ထိသန္တိ ရှိကုန်၏။ သော ထိုပုဂ္ဂိုလ်သည် ကလျာဏ ပုထုဇ္ဇနော ကလျာဏပုထုဇန်မည်၏။ အန္ဓနှင့်ကလျာဏခွဲပုံတည်း။

**ဤနေရာ၌ အထူးမှတ်ဘို့ကား။** အန္ဓပုထုဇန်သည် သာသ

နာတော်နှင့်မဆိုင် သံသရာနှင့်သာဆိုင်သည်။ ကလျာဏ ပုထုဇန်သည် သံသရာနှင့်မဆိုင် သာသနာတော် ကျွတ်လမ်း လွတ်လမ်းနှင့်သာဆိုင်သည်။ ယခုရေးသောကျမ်းသည် ကျွတ်လမ်း လွတ်လမ်းနှင့်သာဆိုင်သော ကလျာဏ ပုထုဇန်အစ ရှိသော အရိယာလောင်းများ၏အတွက်ကိုသာရေးသည်ဟု မှတ်လေ ယူလေ။ ဤကား အထူးမှတ်ဘွယ်တည်း။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။

အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။

ယံ၊ အကြင် ငါ ကိုယ် သူ့ကိုယ်၊ ယောကျ်ား မိန်းမ၊ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသည်ကို ဗာလော၊ ဝိပဿနာ ပညာမျက်စိမရှိသော၊ အန္ဓပုထုဇန်သည် ပဿတိ ထင်ရှားရှိ၏ဟူ၍ ဖေါက်ပြန်သော မိစ္ဆာအမြင်ဖြင့်မြင်၏။ တံ၊ ထိုဖေါက်ပြန်သော မိစ္ဆာအမြင်ဖြင့် မြင်သော ငါ ကိုယ်သူ့ကိုယ် ယောကျ်ားမိန်းမ လူနတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါကို ပဏ္ဍိတော၊ ဝိပဿနာ ပညာမျက်စိရှိသော ကလျာဏ ပုထုဇန် ဟုတ်မှန်စွာသိသော အရိယာ ပုဂ္ဂိုလ်အရှင်မြတ်တို့သည်။ န ဒိဋ္ဌံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟူ၍ မမြင်အပ်၊ ယံ၊ အကြင် ဓါတ်ရုပ်နာမ်ကို၊ ပဏ္ဍိတော၊ ဝိပဿနာ ပညာမျက်စိ ရှိသော ကလျာဏပုထုဇန်၊ ဟုတ်မှန်စွာသိသော အရိယာပုဂ္ဂိုလ်အရှင်မြတ်တို့သည်၊ ဒိဋ္ဌံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ ဟူ၍ မြင်အပ်၏၊ တံ၊ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော ဓါတ်ရုပ်နာမ်ကို၊ ဗာလော၊ ဝိပဿနာ ပညာမျက်စိမရှိသော အန္ဓပုထုဇန်သည်၊ န ပဿတိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟူ၍ မမြင်။ အပဿံ၊ အပဿမာနော၊ ဓါတ်ရုပ်နာမ် တရားကို မမြင်သော၊ မူဠှော

တွေ့ဝေမိုက်ဘိ၊ ဝိပဿနာ ပညာမျက်စိမရှိသော၊ အန္ဓပုထုဇန်ကို၊ မာရရန်၊ တထောင့်ငါးရာ ကိလေသာကို ပိုင်ကာစိုးနှင်း အဝိဇ္ဇာ မာန်မင်းသည်၊ ဗဇ္ဇြတော၊ ပစ္စည်း ဥစ္စာ သတ္တဝါကို၊ တွယ်တာ တပ်မက် နှစ်သက်ခြင်းတဏှာ သံယောဇဉ်ကျော့ကွင်းဖြင့်ဖွဲ့အပ် ၏။ ဗဇ္ဇြမာနော၊ ပစ္စည်းဥစ္စာ သတ္တဝါကို၊ တွယ်တာတပ်မက် နှစ်သက်ခြင်းတဏှာ သံယောဇဉ် ကျော့ကွင်းဖြင့် ဖွဲ့မိသော၊ အန္ဓ ပုထုဇန်သည်၊ နမုစ္စတိ၊ အိုနာ သေပြန် ဘန်ဘန်မစဲ၊ သံသရာဝဲ ဝဋ္ဋဆင်းရဲ ဩဃထဲမှ၊ ဘယ်နံ့ရော အခါ ဘယ်ကမ္ဘာမှာမှ မလွတ်နိုင်တော့သည်သာတည်း။

ဤနေရာ၌၊ ကလျာဏပုထုဇန်နှင့် အရိယာ အရှင်မြတ်တို့ သံသရာက ထွက်ပေါက်ရကြပုံ။ အန္ဓပုထုဇန်တို့ ဘယ်သောအခါ မှ ထွက်ပေါက်မရကြပုံ။ ကလျာဏပုထုဇန်နှင့် အရိယာ အရှင် မြတ်တို့ အမြင်နှင့်၊ မြတ်စွာဘုရား၏ အမြင် သဘောထပ်တူ ဖြစ်လေတော့၏။

သမ္မာဒိဋ္ဌိအမြင်ဖြစ်ပုံ၊ အန္ဓပုထုဇန်တို့အမြင်နှင့်၊ ကလျာဏ အရိယာတို့ အမြင်ကွဲလွဲပုံ၊ မြတ်စွာဘုရား၏ အမြင်၊ သမ္မာဒိဋ္ဌိ အမြင် ကွဲလွဲပုံတို့ကို အထူးမှတ်အပ်၏၊ အန္ဓပုထုဇန်တို့၏ အမြင်မှာ အပါယ်တင်းလင်းနှင့် အပါယ်ကိုကျဘို့ သေချာ၍နေလေတော့၏၊ ကလျာဏ ပုထုဇန်နှင့် အရိယာတို့မှာ အပါယ်ကြိုးပြတ်၍ နိဗ္ဗာန် လမ်းကို ဖြောင့်တန်းစွာ ရောက်သွားကြလေပြီ။

ဒါကြောင့်၊ အပတိဋ္ဌေ အနာလမ္ဗေ သေက္ခောဂမ္ဘီရေ နသီဒတိဟုဟောတော်မူ၏။

ကလျာဏသေက္ခ၊ စူဠသေက္ခ၊ မဟာသေက္ခ၊ သကဒါဂါမိ သေက္ခ၊ အနာဂါမိသေက္ခတို့ အပါယ်ကိုလွတ်ပြီဟု ဟောတော်မူ

၏၊ နိယတ သဒ္ဒါဖြစ်၍ နိယတ ဂတိကို ရသည်ဟု ဟောတော်မူ ၏၊ ဤပုဂ္ဂိုလ်များသည်၊ သာသနာတော်၏ ကျောက်တိုင်ကို ဖက်မိပြီဟု မှတ်လေ ယူလေ၊ မြင်လေ၊ ယောဂီတို့ ဤနေရာ၌ အထူးသတိပြုကြပါလေ။

ဒုက္ခမေဝဟိ သမ္ဘောတိ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။

နာညတြဒုက္ခာ သမ္ဘောတိ နာညံ ဒုက္ခာ နိရုဇ္ဈတိ၊

ဟိသစ္စံ မှန်၏ ဒုက္ခမေဝ ရုပ်ရောနာမ်ရော ဆင်းရဲသက်သက်သည်သာလျှင် သမ္ဘောတိ အကြောင်းအားလျော်စွာဖြစ်၏။ ဒုက္ခံဝေ ရုပ်ရောနာမ်ရော ဆင်းရဲသက်သက်သည်သာလျှင် တိဋ္ဌတိ ခဏဋ္ဌိ ပဗန္ဓဋ္ဌိ အားဖြင့်တည်၏။ ဝေတိစ ချုပ်လည်း ချုပ်၏ ဒုက္ခာ ဒုက္ခမှ ဝါ ဒုက္ခကို အညတြ ကြဉ်ထား၍ ကိဉ္စိဓမ္မဇာတံ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံတခုသော တရားသဘောသည် နသမ္ဘောတိ ဖြစ်သည်မရှိ ဒုက္ခာ ဒုက္ခမှ အညံ တပါးသော ကဉ္စိဓမ္မဇာတံ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံတခုသော တရားသဘောသည် နနိရုဇ္ဈတိ ချုပ်သည်မရှိ။

ဤပါဠိတော်၏ အလိုမှာ ရဟန္တာတို့ညာဏ်၌ ထင်မြင်ရပုံ ထင်မြင်ရမှ ဒုက္ခဘာဝနာ ပွားမှုကိစ္စ၌ ဓါတ်ရုပ်နာမ် တရားတို့သည် လက္ခဏာဒုက္ခနှင့် သစ္စာဒုက္ခတို့ ဆက်စပ်၍သွားပုံ။ ဒုက္ခတရား ကြားလပ် ကာလမရပုံ။ ကြားလပ်ကာလ မရှိပုံ ဉတုမီး မရဏမီးတို့လောင်ပုံ ကိလေသာမီးတို့က ဝင်ခွင့် လောင်ခွင့်ရတိုင်း ရတိုင်း ကြားဝင်၍လောင်ပုံ။ မီးလောင်မှု ကြားလပ်မရှိ ဓါတ် ရုပ်နာမ်တို့ဖြစ်တိုင်း ဉတု နိယာမမီးက အစဉ်ဆောင်ပုံ လောင်ပုံ ကမ္မဇမီးဟု ဆိုအပ်သော မရဏ ဓါတ်မီးက ကွယ်ပျောက်ကုန် ဆုံးအောင် လောင်ခြင်း။ ရာဂအစရှိသော ကိလေသာမီးက

စိတ်တရား နာမ်တရားတို့ကိုလောင်ခြင်း ဤမီးလောင်မှု ဒဏ်ချက် အစဉ်ဆက်စပ်၍နေသောကြောင့် ဒုက္ခဘဲဖြစ်သည် ဒုက္ခဘဲ ကည် သည် ဒုက္ခဘဲချုပ်သည်ဟုဟောတာ ဟုတ်ပါပေသည် မှန်ပါပေ သည်ဟု ရဟန္တာတို့၏ ဉာဏ်၌ ထင်မြင်လာ၏။

ဒါကြောင့် ကိလေသာ အာသဝေါတရားတို့ အကုန်ကင်း ကြ ပြတ်ကြကုန်၏။ လောကီစိတ် လောကီအာရုံတို့ မဖြစ်ကြတော့ ပေ။ ဒါကြောင့် ကိလေသာဖြစ်မှု ကံဖြစ်မှု ဝဋ်ဖြစ်မှုတရားတို့ကို အကုန်အစဉ် စွန့်ကြကုန်၏ ရုပ်နာမ်ကိုလည်း စွန့်ကြကုန်၏ ဝိရာဂါ နုပဿနာနှင့် နိရောဓါနုပဿနာတို့ကို အမြဲတန်း ပွားကြကုန်၏။ ပရိနိဗ္ဗာန် ပြုသည်တိုင်အောင် ဤဘာဝနာကို မလွှတ်ကြကုန်။ ဤကဲ့သို့ ရဟန္တာ အရှင်မြတ်တို့သော်မှ ဘာဝနာကို မလွှတ်ဘဲ ပွားကြလျှင် သေက္ခတို့မှာ ကမ္မဋ္ဌာန်း၏ အလုပ်ကို မလွှတ်သင့်ဟု သိမြင်လိမ့်မာကြရာ၏။

ယထာဝါ ပနဘိက္ခုနော သဗ္ဗသင်္ခါရေသု အသုဘာ
နုပဿိနော ဝိဟရတော သုဘသညာပဟီယန္တိ ဒုက္ခာ
နုပဿိနော ဝိဟရတော သုခသညာပဟီယန္တိ အနိစ္စာ
နုပဿိနော ဝိဟရတော နိစ္စသညာပဟီယန္တိ အနတ္တာ
နုပဿိနော ဝိဟရတော အတ္တသညာပဟီ ယန္တိ။

ပန အထူးကိုဆိုပေအံ့ ယထာဝါ အကြင်သို့ သဘောရှိ သည်လည်းဖြစ်သော သဗ္ဗသင်္ခါရေသု အလုံးစုံသော ရုပ်နာမ် သင်္ခါရ တရားတို့၌ အသုဘာနုပဿိနော တင့်တယ်မှု မရှိသော တရားဟုရှု၍ ဝိဟရတော နေ့သော ဘိက္ခုနော အနာဂါမ်ဖြစ် လိုသော ရဟန်းအား သုဘသညာ တင့်တယ်၏ဟုမှတ်သော သညာ ကို ပဟီယန္တိ ပယ်နိုင်ကုန်၏ ဒုက္ခာနုပဿိနော ဆင်းရဲသော

သဘောဟူ၍ ဝိဟရတော နေသော ဘိက္ခုနော ရဟန္တာဖြစ်လိုသော ရဟန်းအား သုခသညာ ချမ်းသာ၏ဟု မှတ်သောသညာကို ပဟီယန္တိ ပယ်နိုင်ကုန်၏ အနိစ္စာ နုပဿီနော မြဲသောသဘော မရှိဟူ၍ ဝိဟရတော နေသော ဘိက္ခုနော သကဒါဂါမိဖြစ်လိုသောရဟန်းအား နိစ္စသညာ မြဲ၏ဟု မှတ်သောသညာကို ပဟီယန္တိ ပယ်နိုင်ကုန်၏။ အနတ္တာ နုပဿီနော ငါဟုတ်သော သဘောမရှိဟူ၍ ဝိဟရတော နေသော ဘိက္ခုနော သောတာပန်ဖြစ်လိုသော ရဟန်းအား အတ္တသညာ ငါဟုမှတ်သောသညာကို ပဟီယန္တိ ပယ်နိုင်ကုန်၏။

သောတာပတ္တိ ပဌမ မဂ်ကိစ္စ၌ ဝိပ္ပလ္လာသ ရှစ်ပါးကို အနတ္တာ နုပဿနာနှင့်ပယ်၏။ ဝိပ္ပလ္လာသရှစ်ပါး ဟူသော်ကား နိစ္စဒိဋ္ဌိ သုခဒိဋ္ဌိ သုဘဒိဋ္ဌိ အတ္တဒိဋ္ဌိ နိစ္စသညာ အတ္တသညာ နိစ္စစိတ္တ အတ္တစိတ္တဟူ၍ ရှစ်ပါးဖြစ်၏။ သကဒါဂါမိ ဒုတိယ မဂ်ကိစ္စ၌လည်း ၎င်းရှစ်ပါးဘဲပယ်၏ အနာဂါမိ တတိယမဂ်ကိစ္စ၌ သုဘသညာနှင့် သုဘစိတ္တ နှစ်ပါးကို ထပ်၍ပယ်၏။ ဝိပ္ပလ္လာသ ဆယ်ပါးကုန်၏ အရဟာ စတုတ္ထ မဂ်ကိစ္စ၌ သုခသညာနှင့် သုခစိတ္တ နှစ်ပါးကို ထပ်၍ပယ်၏။ ဝိပ္ပလ္လာသ တဆယ့်နှစ်ပါးကုန်၏။

ဤကား အထူးမှတ်ဘို့ ယူဘို့ ဆောင်ဘို့ပေတည်း။

ရူပံ ဘိက္ခဝေ နတုမှာကံ တံပဇဟထ တံဝေါပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။

ဝေဒနာ ဘိက္ခဝေ နတုမှာကံ တံပဇဟထ သာဝေါပဟီနာဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။

သညာဘိက္ခဝေ နတုမှာကံ တံပဇဟထ သာဝေါပဟီနာဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။

သင်္ခါရာ ဘိက္ခဝေ နတုမှာကံ တေပဇဟထ တံဝေါပဟီနာ ဒီဃရတ္တံ ဟိတာယသုခါယ ဘဝိဿတိ။

ဝိညာဏံ ဘိက္ခဝေ နတုမှာကံ တံပဇဟထ တံဝေါပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။

ဘိက္ခဝေ ချစ်သားတို့ တုမှာကံ သင်ချစ်သားတို့၏ ရူပံ ဖေါက်ပြန်သော ရုပ်သည် န ငါ့ကိုယ် ငါ့ဟာမဟုတ် တံ ထိုငါ့ကိုယ်ငါ့ဟာမဟုတ်သော ရုပ်တရားကို ပဇဟထ ပယ်စွန့်ကြကုန်လော ဝေါ သင်ချစ်သားတို့အား တံ ထိုငါ့ကိုယ်ငါ့ဟာ မဟုတ်သော ရုပ်တရားကို ပဟီနံ ပယ်စွန့်ခြင်းသည် ဝါ ပယ်စွန့်သည့်ရှိသော် ဒီဃရတ္တံ ရှည်မြင့်စွာသော ကာလပတ်လုံး ဟိတာယ အကျိုးစီးပွား များခြင်းငှါ သုခါယ မဂ်ကိစ္စပြီး၍ ချမ်းသာခြင်း ငှါ ဘဝိဿတိ ဖြစ်ရလေတော့၏။ ဘိက္ခဝေ ချစ်သားတို့ တုမှာကံ သင်ချစ်သားတို့၏ ဝေဒနာ ခံစားမှု ဝေဒနာတရားသည် န ငါ့ကိုယ်ငါ့ဟာမဟုတ် တံ ထို ငါ့ကိုယ်ငါ့ဟာမဟုတ်သော ဝေဒနာ တရားကို ပဇဟထ ပယ်စွန့်ကြကုန်လော ဝေါ သင်ချစ်သားတို့ အား သာဝေဒနာ ထိုဝေဒနာကို ပဟီနာ ပယ်စွန့်ခြင်းကြောင့် ဝါ ပယ်စွန့်သည်ရှိသော် ဒီဃရတ္တံ ရှည်မြင့်စွာသော ကာလ ပတ်လုံး ဟိတာယ အကျိုးစီးပွား များခြင်းငှါ သုခါယ မဂ်ကိစ္စ ပြီး၍ ချမ်းသာခြင်းငှါ ဘဝိဿတိ ဖြစ်ရလေတော့၏။

ဘိက္ခဝေ ချစ်သားတို့ တုမှာကံ သင်ချစ်သားတို့၏ သညာ မှတ်သားမှုသညာသည် န ငါ့ကိုယ်ငါ့ဟာ မဟုတ်၊ တံ ထိုငါ့ကိုယ်ငါ့ဟာမဟုတ်သော သညာတရားကို ပဇဟထ ပယ်စွန့် ကြကုန်လော။ ဝေါ သင်ချစ်သားတို့အား သာသညာ ထိုသညာ ကို ပဟီနာ ပယ်စွန့်ခြင်းကြောင့် ဝါ ပယ်စွန့်သည်ရှိသော်

ဒီဃရတ္တံ ရှည်မြင့်စွာသော ကာလပတ်လုံး ဟိတာယ အကျိုးစီးပွားများခြင်းငှါ သုခါယ မဂ်ကိစ္စပြီး၍ ချမ်းသာခြင်းငှါ ဘဝိဿတိ ဖြစ်ရလေတော့၏။

ဘိက္ခဝေ ချစ်သားတို့ တုမှာကံ သင်ချစ်သားတို့၏ သင်္ခါရာ ပြုပြင်မှု သင်္ခါရတရားတို့သည် နသန္တိ ငါ့ကိုယ်ငါ့ဟာမဟုတ်ကုန် တေ ထိုငါ့ကိုယ်ငါ့ဟာ မဟုတ်ကုန်သော သင်္ခါရတရားတို့ကို ပဇဟထ ပယ်စွန့်ကြကုန်လော့။ ဝေါ သင်ချစ်သားတို့အား တံ ထိုသင်္ခါရတရားကို ပဟီနာ ပယ်စွန့်ခြင်းကြောင့် ဝါ ပယ်စွန့်သည်ရှိသော် ဒီဃရတ္တံ ရှည်မြင့်စွာသော ကာလပတ်လုံး ဟိတာယ အကျိုးစီးပွားများခြင်းငှါ သုခါယ မဂ်ကိစ္စပြီး၍ ချမ်းသာခြင်းငှါ ဘဝိဿတိ ဖြစ်ရလေတော့၏။

ဘိက္ခဝေ ချစ်သားတို့ တုမှာကံ သင်ချစ်သားတို့၏ ဝိညာဏံ သိမှုဝိညာဏ်သည် န ငါ့ကိုယ်ငါ့ဟာမဟုတ်။ တံ ထိုငါ့ကိုယ်ငါ့ဟာမဟုတ်သော ဝိညာဏ်တရားကို ပဇဟထ ပယ်စွန့်ကြကုန်လော့။ ဝေါ သင်ချစ်သားတို့အား တံ ထိုဝိညာဏ်ကို ပဟီနံ ပယ်စွန့်ခြင်းကြောင့် ဝါ ပယ်စွန့်သည်ရှိသော် ဒီဃရတ္တံ ရှည်မြင့်စွာသော ကာလပတ်လုံး ဟိတာယ အကျိုးစီးပွား များခြင်းငှါ သုခါယ မဂ်ကိစ္စပြီး၍ ချမ်းသာခြင်းငှါ ဘဝိဿတိ ဖြစ်ရလေတော့၏။

တရားကို အားထုတ်သော ယောဂီတို့မှာ ယခုပြသော ပါဠိတော်ကို ဆောင်၍ ထားကြရာ၏ ဆောင်ကြပါလေ။

…………….

# နိဂုံး

ဓမ္မမေဃေန ဝဿန္တေ သဗ္ဗေဟောန္တု အနာသဝါ၊

ယေတ္ထပဋ္ဌမကာသတ္တာ သောတာပန္နာ ဘဝန္တုတေ။

ဓမ္မမေဃေန လောကမိုးဃက် ဆထက်တံပိုးမကတိုး ၍ အမျိုးမျိုး အေးမြစေတတ်သော တရားတည်းဟူသော မိုးတော်ကြီးဖြင့် ဝါ ဒုက္ခခပ်သိမ်း အကုန်ငြိမ်းစေတတ်သော တရားတည်းဟူသောမိုးတော်ကြီးကို ဝဿန္တေ သွန်းဖြိုးရွာချ ဟောပြလိုက်သည်ရှိသော် သဗ္ဗေ ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားနာလာများ ဗိုလ်ပါတို့သည် အနာသဝါ အာသဝေါလေးဖြာ ကင်းကုန်ကွာ၍ ရဟန္တာအပြီး ပုဂ္ဂိုလ်ကြီးတို့သည် ဟောန္တု တရားနာရင်း ညာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဘဝမကွာ ဖြစ်ကြပါစေကုန်သတည်း ဝါ ကိလေသာမီး ငြိမ်းမှု ခန္ဓာမီးငြိမ်းမှု နိဗ္ဗာန ဓါတ်ကြီးတွေ့ ဖြစ်ကြပါစေကုန်သတည်း။ ဧတ္တ ဤတရားနာလာများ ဗိုလ်ပါတို့သည် ပဋ္ဌမကာ ဂုဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေကုန်၏။ ဝါ ညာဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေကုန်၏။ တေသတ္တာ ထိုဂုဏ်အား ညာဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံးဖြစ်ကြကုန်သော သတ္တဝါတို့သည် သောတာပန္နာ သာသနာအယူနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဒိဋ္ဌိဝိစိပယ်နိုင်ဘိ၍ မရှိပါယ်ရွာ ရှင်းရှင်းကွာသည့် စူဠမဟာ သောတာပန် အပြီးပုဂ္ဂိုလ်ကြီးတို့သည် ဘဝန္တု တရားနာရင်း ညာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဘဝမကွာ မဟာသောတာပန်ကြီးတွေ ဖြစ်ကြပါစေကုန်သတည်း။

.... (စိရံတိဋ္ဌတု သဒ္ဓမ္မော။) ....

သဒ္ဓမ္မော သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်း တရားကောင်းသည် စိရံ ကြာမြင့်စွာ တိဋ္ဌတု တည်ပါစေသတည်း။

တရားပြီးတန်း ယောဂီလမ်းဤတွင်ပြီး၏။

ဤစာအုပ်တွင်

ကျေးဇူးရှင်ဆရာတော် ဦးဝါသဝ ၏

၁။ ရန်ကုန်မြို့တော်ခန်းမဟောစဉ် တရားတော်။

၂။ တရားသင်တန်းယောဂီလမ်း

၃။ တရားကျင့်တန်း ယောဂီလမ်း

၄။ တရားမြင်တန်း ယောဂီလမ်း

၅။ တရားပြီးတန်း ယောဂီလမ်း

ဝိပဿနာတရားရှင်းတန်းများပါဝင်သည်။

— မူပိုင် —

ဗုဒ္ဓေါဝါဒါစရိယအသင်း

တံခွန်တိုင် — ဗဟိုဌာန။

နတ္တလင်းမြို့

သာယာဝတီခရိုင်။